# မာတိကာ


| | | |
|---|---|---|
| ဥပယောဇဉ် | | I |
| အကျဉ်းချုပ် | | IV |
| ၁။ | ရည်ရွယ်ချက် | ၁ |
| ၂။ | နိဒါန်း | ၃ |
| ၃။ | သုတေသနလုပ်ထုံးလုပ်နည်းနှင့် ကန့်သတ်ချက်များ | ၅ |
| ၄။ | ကွင်းဆင်းစုံစမ်းစစ်ဆေးခြင်း။ | ၇ |
| ၅။ | နိုင်ငံတကာမီဒီယာများ၊ အင်တာနက်နှင့် Facebook စာမျက်နှာများမှ သတင်းဖော်ပြချက်များ | ၁၃ |
| ၆။ | ကုလသမဂ္ဂ၏ လျှို့ဝှက်အစီရင်ခံစာပါ ဖော်ပြချက်များ | ၂၄ |
| ၇။ | မြေပြင်သို့ ကွင်းဆင်းတွေ့ရှိချက်များ နှင့် သုံးသပ်ချက်များ | ၂၆ |
| ၈။ | ရခိုင်ပြည်နယ်၊ မောင်တောဒေသနှင့် အခြားဒေသများတွင် ရေရှည်တည်ငြိမ်အေးချမ်းရေးအတွက် အကြံပြုချက်များ | ၄၂ |
| ၉။ | နိဂုံး | ၆၁ |
| ၁၀။ | နောက်ဆက်တွဲ နှင့် ပူးတွဲစာရွက်စာတမ်းများ | |
| | ပူးတွဲ (၁) အမိန့်ကြော်ငြာစာ | ၆၄ |
| | ပူးတွဲ (၂) ကုလသမဂ္ဂ၏ လျှို့ဝှက်အစီရင်ခံစာ | ၆၇ |
| | ပူးတွဲ (၃) မှုခင်းကျွမ်းကျင်သူများ၏ တွေ့ရှိသုံးသပ်ချက်များ | ၇၃ |
| | နောက်ဆက်တွဲ (က) မောင်တောမြို့နယ်၏ လူဦးရေဆိုင်ရာအချက်အလက် | ၈၁ |
| | နောက်ဆက်တွဲ (ခ) မောင်တောမြို့နယ်အတွင်းလုံခြုံရေးဖြန့်ကျက်ထားမှု | ၈၄ |
| | နောက်ဆက်တွဲ (ဂ) Faebookစာမျက်နှာတွင် မခိုင်လုံသောသတင်းဖြန့်ဝေလျှို့ဆော်ပုံများ | ၈၆ |
| | နောက်ဆက်တွဲ (ဃ) ရဲတပ်ကြီးအောင်ကျော်သိန်း၏ အဝတ်အစားများ | ၈၇ |
| | နောက်ဆက်တွဲ (င) ပြစ်မှုဖြစ်ပွားသူများအား ပြည်လည်လေ့လာသုံးသပ်ခြင်း။ | ၈၈ |
| | နောက်ဆက်တွဲ (စ) စုံစမ်းစစ်ဆေးရေးကော်မရှင်၏ခရီးစဉ်မှတ်တမ်းများ | ၈၉ |

| | |
| --- | --- |
| နောက်ဆက်တွဲ (ဆ) ဒု ချိုးယားတန်း ကျေးရွာပတ်ဝန်းကမြေပုံကြမ်း | ၁၀၀ |
| နောက်ဆက်တွဲ (ဇ) ဒုချိုးယားတန်း ကျေးရွာအနီးပတ်ဝန်းကျင်၏ ကောင်းကင်ဓါတ်ပုံ | ၁၀၁ |
| နောက်ဆက်တွဲ (ဈ) စုံစမ်းစစ်ဆေးရေးကော်မရှင်(ဒုချိုးရားတန်း)၏ရုံးအဖွဲ့ဝင်များ | ၁၀၂ |

# ဥယျောဇဉ်

ရခိုင်ပြည်နယ်၊မောင်တောမြို့နယ်၊ ဒရီးယားတန်း(အလယ်)ရွာနှင့် ဒရီးယားတန်း(နောက်) ကျေးရွာတို့တွင် ဖြစ်ပွားခဲ့သည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဖြစ်စဉ်ဖြစ်ရပ်အမှန်ပေါ်ပေါက်ရေး စုံစမ်း စစ်ဆေးရန်အတွက် နိုင်ငံတော်သမ္မတမှ ဒေါက်တာဦးသာလှရွှေ ဦးစီးသည့် အဖွဲ့ဝင် (၁၀) ဦး ပါဝင်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော် သမ္မတရုံး ၏ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ (၆) ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာ ၁၆/၂၀၁၄ ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

ထိုကဲ့သို့ ဖွဲ့စည်းပြီးနောက်ပိုင်းတွင် စုံစမ်းစစ်ဆေးရေးကော်မရှင်အနေဖြင့် အခင်းဖြစ်ပွား ရာဒေသရှိ ဒေသခံများ နှင့် အစိုးရတာဝန်ရှိသူတို့ကို တွေ့ဆုံမေးမြန်းခြင်း၊ နယ်မြေအတွင်းရှိ အခင်းဖြစ်စဉ်များအပေါ် တိုက်ရိုက်လေ့လာမှုများပြုလုပ်ခဲ့ပါသည်။ ထိုလေ့လာမှုများကို စုံစမ်း စစ်ဆေးရေး ကော်မရှင်သည် လူမှုရေးသိပ္ပံ သုတေသန လုပ်ထုံးလုပ်နည်းများ နှင့်အညီ စနစ်တကျ ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ လေ့လာမှုမှရရှိသည့် တွေ့ရှိချက်များကို အမှီပြု၍ အစီရင်ခံစာကိုရေးသားပြုစုထားခြင်းဖြစ်ပါသည်။ယခုအစီရင်ခံစာသည် မည်သူတစ်ဦးတစ်ယောက် သို့မဟုတ် မည်သည့်အဖွဲ့အစည်းကိုမျှ အပြစ်တင်ရန်အလို့ငှာ ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ၊ ရခိုင်ပြည်နယ် အပါအဝင် နိုင်ငံအတွင်း သဟဇာတဖြစ်မှု၊ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု တို့ ရရှိစေရန်အလို့ငှာ ရေးသား ပြုစုထားခြင်း ဖြစ်ပါသည်။

ကော်မရှင်အဖွဲ့တွင် နယ်ပယ်အသီးသီးမှကျွမ်းကျင်ပညာရှင်များပါဝင်ပြီး၊ အစီရင်ခံစာ ပြုစုရန် အတွက်လိုအပ်သည့် မူခင်းဆေးပညာ နှင့် တရားဥပဒေဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ သုတေသန အထောက်အကူပြုအဖွဲ့များ နှင့် ဒေသန္တရဘာသာဗေဒ ကျွမ်းကျင်သူများ၏ အကူ အညီများဖြင့် မြေပြင်သတင်းအချက်အလက်များကို ဘက်လိုက်မှုကင်းကင်း၊ သမာသမတ်ကျကျ ကောက်ယူနိုင်ရေးအတွက် ကြိုးစားခဲ့ကြပါသည်။ အဆိုပါကောက်ယူရရှိသည့် သတင်းအချက် အလက်များကို စိတ်ခံစားမှုကိုရှေ့တန်းမတင်ဘဲ ဓမ္မဓိဋ္ဌာန်ကျကျ သုံးသပ်ပြီး ဝေဖန် ဆန်းစစ်ခဲ့ပါသည်။

၎င်းအကြံပြုချက်များကို အကောင်အထည်ဖော်ကြမည့် တာဝန်ရှိပုဂ္ဂိုလ်အသီးသီး နှင့် သက်ဆိုင်သူ အသီးသီးတို့သည် မေတ္တာရှေ့ထား၍ ပူးပေါင်းပါဝင်မှသာ အောင်မြင်မည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ ထို့ကြောင့် ရခိုင်အရေး နှင့် ကိစ္စများနှင့် စပ်လျဉ်းပြီး ပါဝင်ပတ်သက်သည့် ပုဂ္ဂိုလ်အသီးသီး အဖွဲ့အစည်းအသီးသီးတို့သည် ပြဿနာများကို အပြုသဘောဆောင်၍ ဖြေရှင်း သွားကြရန် စုံစမ်းရေးကော်မရှင်အနေဖြင့် မေတ္တာရပ်ခံအပ်ပါသည်။

ယခုအစီရင်ခံစာ ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရေးအတွက် ကူညီပံ့ပိုးပေးခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့မှတာဝန်ရှိပုဂ္ဂိုလ်များ၊ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကူညီပေးခဲ့သည့် ဌာနဆိုင်ရာ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရခိုင်ပြည်နယ်

အစိုးရအဖွဲ့ နှင့် ဌာနဆိုင်ရာအသီးသီးမှ ပုဂ္ဂိုလ်များ၊ မောင်တောမြို့နယ် နယ်စပ် ကုန်သည်များ အသင်း အရပ်ဘက် လူ့အဖွဲ့အစည်းအသီးသီး၊ နိုင်ငံရေးပါတီများ နှင့် လာရောက်ထွက်ဆိုပေးခဲ့ကြသည့် ဒေသခံပြည်သူများနှင့် ယခုအစီရင်ခံစာ ထုတ်ဝေနိုင်ရေး အတွက်အကူအညီပေးခဲ့သည့် ဦးချစ်ခိုင် နှင့် ဦးအောင်ကိုဝင်း တို့အား အထူးကျေးဇူးတင်ရှိပါသည်။

ဤကော်မရှင်အနေဖြင့် နိုင်ငံတော်၏အကျိုးကို ဦးထိပ်ပန်ဆင်လျက် ဝိုင်းဝန်းကူညီကြသော ဒေသခံရပ်မိရပ်ဖများ နှင့် ဝိုင်းဝန်းပြုစုပေးကြသည့် သုတေသနအဖွဲ့များ၏ အကူအညီဖြင့် ယခုအစီရင်ခံစာကို ရေးသားပြုစုကာ ပြည်သူလူထုထံ တင်ပြလိုက်ရပါသည်။

ပုံ/××××

**ဦးသာလှရွှေ**

ဥက္ကဋ္ဌ

စုံစမ်းစစ်ဆေးရေးကော်မရှင်(ဒုချီးယားတန်း)

# အကျဉ်းချုပ်

(၁၃.၁.၂၀၁၄) ရက်နေ့တွင် ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ် ဒုချီးရားတန်း ဘင်္ဂါလီကျေးရွာအတွင်း ရဲတပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေး တာဝန်ရှိသူများ လုံခြုံရေး ကင်းလှည့်ဆောင်ရွက်စဉ် ဘင်္ဂါလီရွာသားများနှင့် ပဋိပက္ခဖြစ်ပွားခဲ့ပြီး ရဲတပ်ကြပ်ကြီး တစ်ဦးသည် ၎င်းကိုင်ဆောင်သော လက်နက်ခဲယမ်းများနှင့်အတူ ပျောက်ဆုံးသည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ပါသည်။ ဤဖြစ်စဉ်များနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ ကွင်းဆင်းလေ့လာမှုများ ကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ (၁၅) ရက်မှ (၂၁) ရက်နေ့အထိ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်တွင် ပြုလုပ်ခဲ့ပါသည်။ လေ့လာမှုအတွင်း စုံစမ်း စစ်ဆေးရေးကော်မရှင်အနေဖြင့် စုစုပေါင်းလူဦးရေ (၁၇၅) ဦး အား စုံစမ်းမေးမြန်းမှုများ ပြုလုပ်ခဲ့ပါသည်။ ထိုသို့ စုံစမ်းမေးမြန်းမှုများကို ပြုလုပ်ရာတွင် အုပ်စုဖွဲ့ဆွေးနွေးခြင်း (Focus Group Discussion)၊ တစ်ဦးချင်းစီအား အသေးစိတ် မေးမြန်းခြင်း (In-depth Interview) နှင့် ကွင်းဆင်း လေ့လာမှုပြုလုပ်ခြင်း (Field Observation) လုပ်ငန်းစဉ် များကို ပြုလုပ်ခဲ့ပါသည်။

ကုလသမဂ္ဂအစီရင်ခံစာပါရေးသားဖော်ပြချက်များ ၊ အင်တာနက် Website နှင့် Facebook စာမျက်နှာများမှ သတင်းဖော်ပြချက်များ၊ မီဒီယာများ၏ ရေးသားစွပ်စွဲချက် များနှင့် ပတ်သက်၍ အခြေအနေမှန်၊ ဖြစ်ရပ်မှန်များကို သိရှိနိုင်ရန် စုံစမ်းစစ်ဆေးခဲ့ပါသည်။

## မြေပြင်ကွင်းဆင်းစုံစမ်းရေးအဖွဲ့၏ စုံစမ်းတွေ့ရှိချက်များ

၁။ မြေပြင်စုံစမ်းတွေ့ရှိချက်အရ ရဲတပ်ကြပ်ကြီးအောင်ကျော်သိန်းသည် လက်နက်နှင့် အတူ ယနေ့တိုင် ပျောက်ဆုံးနေဆဲဖြစ်ပါသည်။ ရဲတပ်ကြပ်ကြီး အောင်ကျော်သိန်းအား ဘင်္ဂါလီများမှ ဓါးစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခြင်းဖြစ်သည်ဆိုပါက တောင်းဆိုမှု တစ်ခုခု ပြုလုပ်ခဲ့မည်ဖြစ်ရာ ယနေ့အချိန်အထိ တောင်းဆိုမှု တစ်စုံတစ်ရာ မရှိသဖြင့် ဓါးစာခံအဖြစ် ဖမ်းဆီးခံရခြင်းမှာလည်း မဖြစ်နိုင်ကြောင်း သုံးသပ်ရ ပါသည်။ အခင်းဖြစ်စဉ် မျက်မြင်သက်သေတစ်ဦး၏ ထွက်ဆိုချက်အရ ရဲတပ်ကြပ်ကြီးအောင်ကျော်သိန်းမှာ ဒုချီးရားတန်း ရွာသားများ၏ အုပ်စုဖြင့် ပိုင်းဝန်းရန်ပြု တိုက်ခိုက်ခြင်းခံခဲ့ရကြောင်း၊ ၎င်းထံမှ ဝေဒနာအပြင်းအထန် ခံစားရသဖြင့် ညည်းညူသံများကို ကိုယ်တိုင်ကြားခဲ့ရကြောင်း၊ ဆက်လက်၍ ရွာသားများမှ ရဲတပ်ကြပ်ကြီးအောင်ကျော်သိန်းအား လယ်ကွင်းထဲသို့ ဒရွတ်တိုက်ဆွဲသွားခဲ့ကြကြောင်း၊နောက်တစ်နေ့တွင် လုံခြုံရေးအဖွဲ့မှ ၎င်းအားဆွဲသွားသည့် လယ်ကွင်းစွတ်ကြောင်းများအပေါ်တွင် သွေးစက်များတွေ့ရှိရသည်ဟု ဆိုကြပါသည်။ ထိုအပြင် ရဲတပ်ကြပ်ကြီးအောင်ကျော်သိန်း၏ သွေးစွန်းနေသော ယူနီဖောင်းနှင့်အဝတ်အစား၊ ချပ်ဝတ်တန်ဆာများကြည့်ခြင်းအားဖြင့်

ရဲတပ်ကြပ်ကြီးအောင်ကျော်သိန်း၏အခြေအနေမှာ အသက်ရှင်နိုင်ရန် အခွင့်အလမ်း နည်းပါးနိုင်ကြောင်း သုံးသပ်ရပါသည်။

၂။ မူဆလင် အင်တာနက်သတင်း စာမျက်နှာ (Rohingya Blogger) RB News တွင် ဖော်ပြထားသည့် သေဆုံးသူများနှင့် သေဆုံးသူစာရင်းကိစ္စနှင့် ပတ်သက်၍ တိကျသေချာသော သက်သေမတွေ့ရှိခဲ့ပါ။ ဒေသခံ တစ်ဦးမှမိမိ၏ မိသားစုဝင်တစ်ဦး သေဆုံးခဲ့သည်ဟုပြောဆိုခဲ့သော်လည်း ထိုသေဆုံးသည်ဟု ပြောခြင်းခံရသူမှာ မောင်တော ရဲစခန်းတွင် ထိန်းသိမ်းခံထားရခြင်း ဖြစ်ပြီး သေဆုံးခြင်း မဟုတ်ပါ။

၃။ ဒုချီးရားတန်းအနောက်ကျေးရွာတွင် မီးလောင်ကျွမ်းမှုသည် ပထမ မီးလောင်သည့် နေအိမ်တွင် နေအိမ်နှင့် ခြံစည်းရိုး တစ်ပြိုင်တည်းလောင်ကျွမ်းခဲ့ခြင်း၊ ပထမမီးလောင်သော နေအိမ် နှင့် ဒုတိယမီးလောင်သော နေအိမ်တို့သည် အကွာအဝေးအားဖြင့် ကိုက် (၂၀၀) ခန့် ကွာဝေးသဖြင့် သာမန်မတော်တဆမီးထက် ရှို့မီးသာပို၍ ဖြစ်နိုင်ခြေရှိကြောင်း သုံးသပ်ရပါသည်။ မီးလောင်နေစဉ် ရဲတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေး တာဝန်ရှိသူများက သွားရောက်ကူညီ ငြိမ်းသတ်ပေးသည်ကို ဓါတ်ပုံမှတ်တမ်းများအရ သိရပါသည်။ သို့ဖြစ်ပါ၍ ဒုချီးရားတန်းအနောက်ကျေးရွာ မီးလောင်မှုသည်ရဲတပ်ဖွဲ့ဝင်များ၏ပယောဂထက် နိုင်ငံရေး ရည်ရွယ်ချက်တစ်ရပ်ဖြင့် တိုက်ခိုက်လိုသည့် အဖွဲ့အစည်းတစ်ခု၏ ပြုလုပ်ခြင်းဖြစ်နိုင်ပါသည်။

**သုံးသပ်အကြံပြုချက်များ**

၁။ နစ်ဖက်လူ့အဖွဲ့အစည်းယုံကြည်မှုတည်ဆောက်နိုင်ရေးအတွက်ကတိပေးထားသော လုပ်ငန်းများ အကောင်အထည်ဖော်ပေးခြင်း၊ ရှင်းလင်းသော လုပ်ငန်းအစီအမံများ ချမှတ်ကာ ပြဿနာများကို ဖြေရှင်းခြင်း၊ အစိုးရများအနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာစွာ လုပ်ဆောင်ရေးနှင့် သွေးထိုးလှုံ့ဆော်မှုများကို ပြတ်သားစွာ အရေးယူရေးတို့ လုပ်ဆောင် ရပါမည်။

၂။ အစိုးရအနေဖြင့် ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှု ဥပဒေကို အကောင်အထည်ဖော်ပေးခြင်းဖြင့် ရသင့်ရထိုက်သည့် နိုင်ငံသားအခွင့်အရေးပေးခြင်းဖြင့် အစိုးရအပေါ် ယုံကြည်မှုများတိုးပွားလာမည့်အပြင် နောက်ထပ်ပြဿနာများ ဖြစ်ပွားမလာအောင်လည်း တာဆီးနိုင်မည် ဖြစ်ပါသည်။

၃။ ရခိုင်ပြည်နယ်မြို့နယ်များအတွင်း တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကိုလုပ်ဆောင်ရာတွင် ထိရောက်မြန်ဆန်ရေးအတွက် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများကို စိတ်ဓါတ်မြှင့်တင်မှုများပေးခြင်း၊ အနာဂတ်အလားအလာ အတွက်မက်လုံးပေးခြင်း၊ ခေတ်မီကိရိယာလက်နက်များတပ်ဆင်ပေးခြင်း၊ နိုင်ငံရေးအတွေးအခေါ် အမြင်ဖွင့်သင်တန်းများ

ပေးခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုခွဲ ဝေအပ်နှင်းခြင်း၊ ဝန်ထမ်းများအား ဥပဒေနှင့်အညီ အကာအကွယ်ပေးခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းတို့ကို ပြုလုပ်သင့် ပါသည်။

၄။ အစ္စလာမ်ဘာသာကို ကိုးကွယ်ယုံကြည်ကြသူများသည် ၎င်းတို့၏ ဘာသာရေးအရ ကိုရ်မ်ကျမ်းစာအား ၎င်းတို့၏နိစ္စဒူဝကိစ္စရပ်များ၏ လမ်းညွှန်အဖြစ် လက်ခံယုံကြည် ထားသောကြောင့် အဆိုပါလူအများစု နေထိုင်သည့် ဒေသများတွင် အုပ်ချုပ်ရေး တာဝန်ရှိ သူများအနေဖြင့် ၎င်းတို့၏ လူမှုရေးဆိုင်ရာသဘောတရားများ ကိုကြိုတင်သိနိုင်ရန် အစ္စလာမ်ဘာသာ၏ သဘောတရားကို လေ့လာ အသုံးချသင့်ပါသည်။

၅။ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ဒေသခံလူဦးရေနှင့် သင့်တော်သော အချိုးကျသည့် ရဲတပ်ဖွဲ့ဝင်၊ ကင်းစခန်းနှင့် ရဲစခန်းများ တိုးချဲ့ဖြန့်ကျက်ချထားခြင်း၊ လိုအပ်သည့် ယာဉ်ယန္တရားများနှင့် လက်နက်ကိရိယာများ တပ်ဆင်ပေးခြင်း၊ အခြေခံ အဆောက်အအုံများ ဆောက်လုပ်ပေးခြင်းနှင့် ပိုမိုခေတ်မီ ထိရောက်သည့် ရဲလုပ်ငန်းစဉ် များကိုလုပ်ဆောင် ပေးသင့်ပါသည်။

၆။ မီဒီယာများဖြင့် လွှမ်းမိုးချုပ်ကိုင်လာမှုအားတုံ့ပြန်နိုင်ရန် တန်ပြန်မီဒီယာများ ကို အချိန်နှင့် တပြေးညီလုပ်ဆောင်နိုင်ရန် ဆောင်ရွက်စီမံထားရှိခြင်းနှင့် လုံခြုံရေးတပ်ဖွဲ့များ အကြားသတင်း အချက်အလက်များအချိန်နှင့် တပြေးညီရရှိအောင် ဆောင်ရွက်ထားခြင်း များ ပြုလုပ်သင့်ပါသည်။

၇။ အရေးပေါ် အခြေအနေများကို တုန့်ပြန်ဆောင်ရွက်နိုင်ရန် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင် လုပ်ဆောင်သင့်ပါသည်။

၈။ နိုင်ငံတကာအသိုင်းအဝိုင်း၏ ဝေဖန်ပြောဆိုမှုများကို လျော့ချနိုင်ရေးအတွက် သတင်းစာရှင်းလင်းပွဲများ အချိန်နှင့်တပြေးညီ ပွင့်လင်းမြင်သာစွာ လုပ်ဆောင်သွားသင့် ပါသည်။

၉။ အချို့သော INGOs များ၏လုပ်ဆောင်ချက်များသည် ဒေသတွင်း အခြေအနေကို ပိုမိုတင်းမာစေသည့်အတွက် ယင်းအဖွဲ့အစည်းများအနေဖြင့် အစိုးရနှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး၊ စနစ်တကျ စည်းကမ်းများကို ဖော်ထုတ်ကာ သိရှိနားလည် လိုက်နာစေရေး နှင့် စည်းကမ်းချိုးဖောက်သည့် အဖွဲ့အစည်းများ ကိုလည်းထိရောက်စွာ အရေးယူနိုင်ရေးကို ပြင်ဆင် ထားသင့်ပါသည်။

၁၀။ ရခိုင်ပြည်နယ်အတွင်း ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ကိုထိရောက်စွာ လုပ်ဆောင်အကောင်အထည်ဖော်သွားနိုင်ရေးနှင့် အစိုးရနှင့် INGOs အဖွဲ့အစည်းများ အကြား ပူးပေါင်းမှုရှိလာစေရေးနှင့် INGOs များအနေဖြင့် လုပ်ငန်းများကို တိကျစွာ လုပ်ဆောင်ရေးအတွက် ကောင်းမွန်သော ဆက်ဆံရေး ကိုတည်ဆောက် လုပ်ဆောင် သွားရပါမည်။

၁၁။ ယခုအခါ မောင်တောမြို့နယ်အတွင်းရှိရခိုင်နှင့် ဘင်္ဂါလီရောနှော နေထိုင်သော ကျေးရွာအုပ်စုများတွင် ရခိုင်ကျေးရွာအုပ်ချုပ်ရေးမှူးများကိုသာ ခန့်အပ်ထားပါသည်။ ယခုအခါ ရခိုင်နှင့် ဘင်္ဂါလီများအတူယှဉ်တွဲ၍ အုပ်ချုပ်ရေးလုပ်ငန်းများကို လုပ်ဆောင်ရန် အခက်အခဲရှိသဖြင့် ထိုသို့ သောကျေးရွာအုပ်စုများအား မြို့နယ်အုပ်ချုပ်ရေးမှူးရုံး မှ တိုက်ရိုက်အုပ်ချုပ်သည့် အုပ်ချုပ်ရေးပုံစံသစ် တစ်ရပ်ကို ချမှတ်သင့်ပါသည်။

# စုံစမ်းစစ်ဆေးရေးကော်မရှင်(ဒုချီးရားတန်း)၏အစီရင်ခံစာ

## ၁။ ရည်ရွယ်ချက်

၁.၁။ ဤလေ့လာမှု အစီအရင်ခံစာအား ရေးသားတင်ပြရခြင်း၏ ရည်ရွယ်ချက်မှာ ၁၃.၁.၂၀၁၄ ရက်နေ့နှင့် ၂၈.၁.၂၀၁၄ ရက်နေ့တို့တွင် မောင်တောမြို့နယ်၊ ဒုချီးရားတန်း ကျေးရွာ၌ ဖြစ်ပွားခဲ့သော အဖြစ်အပျက်များနှင့် ပတ်သက်၍ အချို့သောနိုင်ငံတကာသတင်းဌာနကြီးများနှင့် facebook စာမျက်နှာ များပေါ်တွင် မောင်တောမြို့နယ်အတွင်း ရခိုင်လူမျိုးများမှ ဘင်္ဂါလီ အချို့အား သတ်ဖြတ်ခဲ့သည် ဟူသော သတင်းဖော်ပြချက်များ၊ မောင်တောရဲစခန်းမှ လုံခြုံရေးကင်းလှည့် နေသည့်ရဲကင်းအဖွဲ့အား ဒုချီးရားတန်းရွာသားများမှ ဝိုင်းဝန်းတိုက်ခိုက်ခဲ့ကြ သဖြင့် ရဲတပ်ကြပ်ကြီးအောင်ကျော်သိန်းသည်၎င်းကိုင်ဆောင်သော လက် နက်၊ ခဲယမ်း များနှင့်အတူ ပျောက်ဆုံးနေသည့်ကိစ္စနှင့်ပတ်သက်၍ အခြေအနေအမှန်၊ အဖြစ် အပျက်အမှန်ကိုသိရှိနိုင်ရန်အတွက် အခင်းဖြစ်ပွားရာဒေသများသို့ မြေပြင်သို့ကွင်း ဆင်းကာ အချက်အလက်များ ရှာဖွေစုံစမ်း ဖော်ထုတ်ရန် ရည်ရွယ်လုပ်ဆောင် လေ့လာရခြင်း ဖြစ်ပါသည်။ ထို့အပြင် ဤအစီအရင်ခံစာကို ရေးသား တင်သွင်းရန် နိုင်ငံတော်သမ္မတရုံး၏ (၆-၂-၂၀၁၄) ရက်စွဲပါ အမိန့်ကြော်ငြာ စာအမှတ် ၁၆/၂၀၁၄ ဖြင့် စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ်ကို ဖွဲ့စည်း တာဝန် ပေးအပ်ခဲ့ ပါသည်။ ကော်မရှင်အနေဖြင့် အောက်ပါအချက်များကိုလည်း ဖော်ထုတ် အစီရင်ခံ တင်ပြရန် တာဝန်ပေးအပ်ခြင်းခံရပါသည်။

၁.၁.၁။ (၁၃.၁.၂၀၁၄) ရက်တွင် ဒုချီးရားတန်းကျေးရွာတွင် ခရေမြိုင်ရဲကင်းမှ ရဲတပ်ကြပ်ကြီး အောင်ကျော်သိန်း သေဆုံးရသည့်ဖြစ်စဉ်နှင့် စပ်လျဉ်း၍ ဖြစ်ပွားရသည့် အကြောင်းရင်းနှင့် ဓမ္မတာအတိုင်း သေဆုံးရခြင်း ဟုတ်၊ မဟုတ်။

၁.၁.၂။ (၂၈.၁.၂၀၁၄) ရက်နေ့တွင် ဒုချီးရားတန်း(အနောက်)ကျေးရွာ၊ မီးလောင်မှု ဖြစ်ပွားနေသည့် အကြောင်းရင်းနှင့် မည်သူ့ပယောဂကြောင့် မီးလောင် ကျွမ်းခြင်း ဖြစ်ကြောင်း။

၁.၁.၃။ ဒုချီးရားတန်း (အနောက်) ကျေးရွာ မီးလောင်သည့်ဖြစ်စဉ်နှင့် စပ်လျဥ်း၍ အခြေအမြစ်မရှိသော မမှန်ကန်သည့် သတင်းထုတ်လွှင့်မှုနှင့် မည်သူတို့က ဆောင်ရွက်ကြောင်း။

၁.၁.၄။ ဖြစ်စဉ်များကြောင့် သေဆုံး၊ ဒဏ်ရာရရှိမှု၊ နေအိမ်ဥစ္စာပစ္စည်းများ ပျက်စီး ဆုံးရှုံးမှု အခြေအနေများ။

၁.၁.၅။ ထပ်မံမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ဆောင်ရွက်သင့်သည့် အကြံပြု ချက်များအစရှိသည့် အကြောင်းအရာများကို ရှာဖွေတင်ပြနိုင်ရေး။

# ၂။ နိဒါန်း

## ၂.၁။ ဒေသသမိုင်းအကျဉ်း

အင်္ဂလိပ်မြန်မာစစ်ပွဲကာလ ၁.၂.၁၈၂၅ ရက်နေ့တွင် ဗိုလ်ချုပ် မော်ရီဆင် နှင့် ဗိုလ်ချုပ်မက်ဘိန်း ဦးဆောင်သော အင်္ဂလိပ်တပ်မှ မောင်တောမြို့ ကိုသိမ်းပိုက်ခဲ့ရာ ရန္တာဘိုစာချုပ်အရ ရခိုင်ပြည်နယ်ကို အင်္ဂလိပ်လက်သို့လွှဲအပ် သောအခါ ဘင်္ဂလားနယ်ရောက် ရခိုင်များသည် မောင်တောသို့ တစ်စတစ်စ ပြောင်းရွှေ့ကာ နေထိုင်လာကြသည်။ရှေးအခါက ရခိုင်မြန်မာဘုရင်များ တပ်ချခဲ့သော ပုံတော-တပ်ချောင်း အရပ်တွင် ရပ်ကြီး၊ ရွာကြီးအဖြစ် အခြေချနေ ထိုင်ကြရာမှ တစ်စတစ်စ တိုးတက်လာခဲ့ပါသည်။ အင်္ဂလိပ်တို့မှ ကူညီတိုက်ခိုက် ပေးခဲ့သူ မောင်တိုးအား ဆုလာဘ်အဖြစ် မောင်တောဒေသကိုလုပ်ကိုင်စားသောက် အုပ်ချုပ်ခွင့်ပေးခဲ့သည်ဟု မှတ်တမ်းများအရ သိရှိရပါသည်။ လွတ်လပ်ရေးရပြီးနောက် မောင်တောမြို့သည် စစ်တွေခရိုင်တွင် ပါဝင်ခဲ့ပြီး ၁.၇.၁၉၆၁ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိ မေယုနယ်ခြားခရိုင်တွင် ပါဝင်ခဲ့ပါသည်။ ၁၉၇၇ ခုနှစ် မြို့များအက် ဥပဒေပုဒ်မ (၄)အရ ၁.၇.၁၉၇၂ ရက်နေ့တွင် မောင်တောမြို့နယ် အဖြစ် သတ်မှတ်ကြောင်း ကြေငြာခဲ့ပါသည်။

## ၂.၂။ မောင်တောမြို့နယ်၏ဒေသဆိုင်ရာအချက်အလက်များ

### ၂.၂.၁။ တည်နေရာအကျယ်အဝန်း

မောင်တောမြို့နယ်သည် မြန်မာနိုင်ငံ၏ အနောက်ဘက်အစွန်ဆုံးမြို့နယ်ဖြစ်ပြီး ရခိုင်ပြည်နယ်၊ မောင်တောခရိုင်တွင်တည်ရှိပါသည်။ မောင်တောမြို့နယ်၏ အကျယ်အဝန်းမှာ (၅၈၅.၉၂) စတုရန်းမိုင် ကျယ်ဝန်းပါသည်။ တောင်မြောက် (၇၂) မိုင်နှင့်အရှေ့အနောက် (၈.၄) မိုင် ကျယ်ဝန်းပါသည်။

### ၂.၂.၂။ နယ်နိမိတ်

မောင်တောမြို့နယ်၏ အရှေ့ဘက်တွင် ဘူးသီးတောင်မြို့၊ အနောက်ဘက်တွင် နတ်မြစ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တောင်ဘက်တွင် ရသေ့တောင်မြို့နယ်နှင့် ဘင်္ဂလားပင်လယ်အော်၊ မြောက်ဘက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့် နယ်နိမိတ်ဆက်စပ်တည်ရှိပါသည်။

မောင်တောမြို့နယ်အနောက်ဘက်နှင့်မြောက်ဘက်တို့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နတ်မြစ်ခြား၍ ရေမိုင် (၄၁)မိုင်၊ ကုန်းမိုင် (၄၂) မိုင်၊ စုစုပေါင်း (၈၃) မိုင်ခန့် နယ်စပ် ထိစပ်လျက်ရှိပါသည်။ တောင်ဘက်တွင် ဘင်္ဂလားပင်လယ်အော်နှင့် ထိစပ်လျက် ရှိပြီး ကမ်းရိုးတန်း (၂၅)မိုင်နှင့်ရသေ့တောင်မြို့နယ်နှင့် ကုန်းပိုင်း (၁၂) မိုင်ခန့် ထိစပ်တည်ရှိပါသည်။ အရှေ့ဘက်တွင် ဘူးသီးတောင်မြို့နယ်နှင့် (၆၃) မိုင်ခန့် ထိစပ်တည်ရှိပါသည်။

### ၂.၂.၃။ လူဦးရေဆိုင်ရာအချက်အလက်များ

နောက်ဆက်တွဲ (က) ဖြင့်ဖော်ပြအပ်ပါသည်။

### ၂.၂.၄။ အုပ်ချုပ်ရေးဆိုင်ရာအချက်အလက်များ

မောင်တောမြို့နယ်၏ အုပ်ချုပ်ရေးနယ်မြေဖွဲ့စည်းမှုမှာ မြို့နယ်(၁)၊ မြို့နယ်ခွဲ (၁)ခုဖြင့် ဖွဲ့စည်းထားပြီး မြို့(၂) မြို့တွင် ရပ်ကွက်(၁၁)ခု၊ ကျေးရွာအုပ်စု (၉၈) ခု၊ ကျေးရွာ (၄၀၄) ရွာတို့ဖြစ်ပါသည်။ မြို့နယ်အုပ်ချုပ်ရေးရုံး (၁) ရုံး၊ မြို့နယ်ခွဲ အုပ်ချုပ်ရေးရုံး (၁)ရုံး၊ ရပ်ကွက်အုပ်ချုပ်ရေးရုံး (၁၁) ရုံး၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးရုံး (၉၈) ရုံး တို့ရှိပါသည်။ လက်ရှိမောင်တောမြို့နယ်တွင် အစိုးရဌာန ပေါင်း (၄၂) ခု၊ ဝန်ထမ်းအင်အား အရာရှိ (၁၀၄) ဦး၊ အခြားအဆင့် (၁၈၉၅) ဦး၊ စုစုပေါင်း(၁၉၉၉)ဦး တို့တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

### ၂.၂.၅။လုံခြုံရေးဖြန့်ချထားရှိမှု

နောက်ဆက်တွဲ (ခ) ဖြင့်ဖော်ပြအပ်ပါသည်။

## ၃။ သုတေသနလုပ်ထုံးလုပ်နည်းနှင့်ကန့်သတ်ချက်များ

၃.၁။ ဒုချီးရားတန်းကျေးရွာတွင် ဖြစ်ပွားခဲ့သောဖြစ်စဉ်များနှင့် ပတ်သက်၍ နှစ်ကြိမ်တိုင်တိုင် ကွင်းဆင်းလေ့လာမှုများကို ပြုလုပ်ခဲ့ပါသည်။ ဖြစ်စဉ်ဖြစ်ပွား ပြီးနောက် ပထမအကြိမ် ကွင်းဆင်းလေ့လာခြင်းမပြုမီ မြေပြင်ရှိဖြစ်ပျက်မှုများအား မီဒီယာများတွင် သတင်းဖော်ပြနေမှုများကို လေ့လာခြင်း၊ မှတ်တမ်းတင်ခြင်းများပြုလုပ်ကာ သုတေသနအဖွဲ့ဝင်များအနေဖြင့် ဖြစ်စဉ်များအပေါ်လေ့လာ သုံးသပ်မှုများကိုဦးစွာပြုလုပ်ခဲ့ပါသည်။ သို့ဖြစ်၍ ဖြစ်စဉ်ဖြစ်ရပ် အမှန်များကို သိရှိနိုင်ရန် ကနဦး လေ့လာဆန်းစစ်မှု တစ်ရပ်အား ၂၂.၁.၂၀၁၄ ရက်နေ့မှ ၂၆.၁.၂၀၁၄ ရက်အထိ ပြုလုပ်ခဲ့ပါသည်။

၃.၂။ နိုင်ငံတော်သမ္မတရုံးမှ စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ကွင်းဆင်းလေ့လာမှုများစနစ်တကျပြုလုပ်နိုင်ရန် ဒုတိယအကြိမ် ကွင်းဆင်းလေ့လာမှုအတွက် ကြိုတင်ပြင်ဆင်ခြင်းများကိုပြုလုပ်ခဲ့ပါသည်။ ယင်းကနဦးလေ့လာဆန်းစစ်မှုမှ ရရှိလာသော အချက်အလက်များကို မီဒီယာ သုတေသန လုပ်ဆောင်ချက်များနှင့်ပြန်လည်ပေါင်းစပ်ကာကွင်းဆင်းလေ့လာမှုများ ပြုလုပ်နိုင်ရေးအတွက် သုတေသနလုပ်ထုံးလုပ်နည်းပုံစံများကို ချမှတ်ခဲ့ပါသည်။ သို့ဖြစ်၍အဖွဲ့ဝင် (၂၄) ဦး ပါဝင်သော စုံစမ်းစစ်ဆေးရေးကော်မရှင် အဖွဲ့သည် ဖေဖော်ဝါရီလ (၁၅) မှ (၂၁) ရက်နေ့အထိ ကွင်းဆင်း သုတေသန လုပ်ငန်းများကို မြေပြင်သို့ဆင်းကာ ဆောင်ရွက်ခဲ့ကြပါသည်။

၃.၃။ ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့်ပတ်သက်၍ ကနဦးလေ့လာမှုအတွင်း သုတေသနအဖွဲ့သည် စုစုပေါင်းလူ (၇၀) ဦးတို့အား စုံစမ်းမေးမြန်းမှုများကို ပြုလုပ်ခဲ့ပါသည်။ ဒုတိယအကြိမ်အဖြစ် အဖွဲ့ဝင် (၂၄) ယောက်ပါဝင်သော စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့သည် စုစုပါင်းလူ (၁၇၅) ယောက်တို့အား စုံစမ်းမေးမြန်းနိုင်ခဲ့ကြပါသည်။ သုတေသနအဖွဲ့အနေဖြင့် စုံစမ်းမေးမြန်းမှုများကို ပြုလုပ်ရာတွင် အုပ်စုဖွဲ့ဆွေးနွေးခြင်း (Focus Group Discussion)၊ တစ်ဦးချင်းစီအား အသေးစိတ်မေးမြန်းခြင်း (In-depth Interview)နှင့် ကွင်းဆင်းလေ့လာမှုပြုလုပ်ခြင်း (Field Observation) လုပ်ငန်းစဉ်များကို ပြုလုပ်ခဲ့ပါသည်။ ရခိုင်တိုင်းရင်းသားများနှင့် အုပ်စုဖွဲ့ဆွေးနွေးခြင်း (၄) ကြိမ်၊ ဘင်္ဂါလီများနှင့် အုပ်စုဖွဲ့ဆွေးနွေးခြင်း (၆) ကြိမ်၊ လုံခြုံရေးတာဝန်ထမ်းဆောင်သူများ၊ ကျေးရွာအုပ်ချုပ်ရေးတာဝန်ရှိသူများနှင့်

ဆွေးနွေးခြင်း(၅) ကြိမ်၊ တစ်ဦးချင်းစီအား ရခိုင်လူမျိုး (၁၆)ဦး၊ ဘင်္ဂါလီလူမျိုး (၈၅)ဦးတို့နှင့် အသေးစိတ် ဆွေးနွေးခြင်းများအပါအဝင်ဆွေးနွေးမှုစုစုပေါင်း (၁၀၁) ကြိမ် ပြုလုပ်နိုင်ခဲ့ပါသည်။

၃.၄။ ကွင်းဆင်းလေ့လာမှုများအတွင်း သုတေသနအဖွဲ့အနေဖြင့် တွေ့ဆုံမေးမြန်းသူများ ရွေးချယ်ရာတွင် ဖြစ်ပွားခဲ့သောပြဿနာနှင့် ပတ်သက်ပြီး ဂယက ္န သိနိုင်သူများ ကို ဦးတည်ရွေးချယ် မေးမြန်းခဲ့ကြပါသည်။ အဓိကအားဖြင့် Purposive Sampling Method ကိုအသုံးပြု၍ တွေ့ဆုံမေးမြန်းမည့် သူများကို ရွေးချယ်ခဲ့ပါသည်။ မောင်တောနယ်တွင် သုတေသနလုပ်ငန်းများ ဆောင်ရွက်နေစဉ် ဒေသခံလူမျိုး နှစ်မျိုး၏ ဆက်ဆံရေးအခြေအနေမှာ တင်းမာနေပြီး တစ်ဦးအပေါ်တစ်ဦး ဒေါသ ထွက်နေချိန်ဖြစ်နေပါသည်။ ဒုချီးရားတန်းကျေးရွာတွင် တွေ့ဆုံမေးမြန်းသင့်သူ ဒေသခံ အတော်များများမှာ ထွက်ပြေးတိမ်းရှောင်နေကြပြီး တွေ့ဆုံမေးမြန်း ခွင့်ရသူများမှာ မျက်မြင်အဖြစ်အပျက်ထက် တဆင့်ကြားစကားနှင့် မိမိအထင်တို့ ပေါင်းစပ်၍ ဖြေဆိုသူအများစုဖြစ်နေခြင်းသည်လည်း ကန့်သတ်ချက်တစ်ခု ဖြစ်ခဲ့ ပါသည်။ သို့ဖြစ်၍ ၄င်းတို့၏ ထွက်ဆိုချက်များကို မျက်မြင်တွေ့ရှိချက်များနှင့် တိုက်ဆိုင်စစ်ဆေးခြင်းများ ပြုလုပ်ခဲ့ရပါသည်။

၃.၅။ အချို့နေရာများတွင် ဘာသာစကား အခက်အခဲကြောင့် ဘာသာပြန်ဆိုမှု တိကျ စေရန်နှင့် ဘက်လိုက်မှုများ မရှိစေရန်ဘင်္ဂါလီလူမျိုး စကားပြန် တစ်ဦး၊ ရခိုင်လူမျိုး စကားပြန်တစ်ဦး စုစုပေါင်းစကားပြန် (၂) ဦးကို တစ်ချိန်တည်းတွင် အသုံးပြု ခဲ့ရပါသည်။ တစ်ဦးမှ ဘာသာပြန်ဆိုနေစဉ် ကျန်တစ်ဦးမှ ဘာသာပြန်ဆိုမှု တိကျ ခြင်း ရှိမရှိကို နားထောင်၍ ထောက်ကူပေးပါသည်။

## ၄။ ကွင်းဆင်းစုံစမ်းစစ်ဆေးခြင်း

၄.၁။ (၁၅ - ၂ - ၂၀၁၄) ရက်နေ့တွင် ဒေါက်တာသာလှရွှေဦးဆောင်သော အဖွဲ့ဝင် (၁၉)ဦးပါဝင်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့သည် Air Bagan လေကြောင်းလိုင်းဖြင့် ရန်ကုန်မြို့မှ (၁၁း၅၀) ချိန်ခန့်ထွက်ခွာလာခဲ့ကြရာ စစ်တွေ လေယာဉ်ကွင်းသို့ (၁၃း၂၀) ချိန်ခန့်တွင် ရောက်ရှိခဲ့ကြပါသည်။ စစ်တွေလေဆိပ် နားနေဆောင်တွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဦးလှမောင်တင် ဦးဆောင်သော ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်တွေ့ဆုံခဲ့ကြပါသည်။ ထိုနောက် စစ်တွေလေဆိပ်မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် (၁၄း၀၅) အချိန်ခန့်တွင် ဆက်လက်ထွက်ခွာလာခဲ့ရာ မောင်တောသို့(၁၄း၃၅)ချိန်ခန့်တွင် ရောက်ရှိခဲ့ကြပါသည်။ စစ်တွေမြို့မှ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ဝင်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမောင်စံရွှေနှင့် ဦးစီးအရာရှိတစ်ဦးတို့လည်း လိုက်ပါလာခဲ့ကြပါသည်။ မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် (၁၇း၃၀)ချိန်မှ (၁၈း၂၀) အချိန်အထိ အမှတ်(၄) ရဲတပ်ရင်းများကွပ်ကဲရေးအဖွဲ့မှူး၊ ရဲမှူးချုပ်တင်ကိုကို ဦးဆောင်ကာ မောင်တောမြို့ရှိ အစိုးရဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ကြပါသည်။ စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာသာလှရွှေမှ နှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး ကော်မရှင်အဖွဲ့ဝင်များမှ တစ်ဦးချင်းမိတ်ဆက်ကြပါသည်။ ထို့နောက် ရဲမှူးချုပ် တင်ကိုကို အမှူးပြုသော ဌာနဆိုင်ရာများမှ တစ်ဦးချင်းစီ ပြန်လည် မိတ်ဆက်ခဲ့ကြပါသည်။ ဆက်လက်၍ မောင်တောခရိုင်ရဲတပ်ဖွဲ့မှူး၊ ဒုတိယရဲမှူးကြီး ရွှေသန်းမှ ဒုချီးရားတန်းကျေးရွာအတွင်း ဖြစ်ပွားခဲ့သော ဖြစ်စဉ်များနှင့် ပတ်သက်၍ အခင်းစတင်ဖြစ်ပွားချိန်မှ လက်ရှိအခြေအနေအထိ ဖြစ်စဉ်အသေးစိတ်နှင့် တာဝန်ရှိသူများ၏ ဆောင်ရွက်ချက်များကို ကွန်ပြူတာရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းခဲ့ပါသည်။ ဆက်လက်၍ မောင်တောမြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရဲမှူးဌေးလွင်မှ ဒုချီးရားတန်း(အနောက်)ကျေးရွာတွင် စတင်မီးလောင်ကျွမ်းပုံနှင့် အခြေအနေတွေ့ရှိချက်များ၊ မီးငြိမ်းသတ်မှု ဆောင်ရွက်ချက်များကို ရှင်းလင်းခဲ့ပါသည်။ ထို့နောက် ရဲမှူးချုပ်တင်ကိုကိုမှ ဖြစ်စဉ်များအပေါ် ခြုံငုံသုံးသပ်ရှင်းလင်းခဲ့ပါသည်။ ကော်မရှင်အဖွဲ့ဝင်များမှ ထပ်မံသိရှိလိုသည့် အချက်များကို မေးမြန်းခဲ့ကြပြီး ပဏာမတွေ့ဆုံခြင်းအား (၁၉း၂၅) အချိန်တွင် ပြီးစီးသွားခဲ့ပါသည်။ ဆက်လက်၍ စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင်များသည် နောက်တစ်နေ့တွင်

ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အစီစဉ်အသေးစိတ်ကို (၂၀း၀၀) ချိန်မှ (၂၁း၀၀) ချိန်အထိ ညှိနှိုင်း ဆွေးနွေးခဲ့ကြပါသည်။

၄.၂။ (၁၆-၂-၂၀၁၄)ရက်နေ့တွင် ဒေါက်တာသာလှရွှေဦးဆောင်သော စုံစမ်းစစ်ဆေးရေး ကော်မရှင်အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမောင်စံရွှေလိုက်ပါလျက် မောင်တောခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံးသို့ (၀၉း၀၀) အချိန်တွင် ရောက်ရှိကြပါသည်။ စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့တွင် ကော်မရှင်အဖွဲ့ဝင် (၉) ဦး၊ ကော်မရှင်ရုံးအဖွဲ့/သုတေသနအဖွဲ့ဝင်(၇) ဦး၊ မှုခင်း ဆိုင်ရာကျွမ်းကျင်သူ (၃) ဦး၊ ပြန်ကြားရေးဝန်ကြီးဌာနမှ (ရုပ်သံ/သတင်း/ ဓါတ်ပုံကျွမ်းကျင်သူများ) (၅) ဦး၊ စုစုပေါင်း အဖွဲ့ဝင် (၂၄) ဦးတို့ ပါဝင်ကြပါသည်။ စုံစမ်းရေးကော်မရှင်အဖွဲ့ဝင်များကို အဖွဲ့ငယ် (၄) ဖွဲ့ခွဲကာ၊ မောင်တော ခရိုင် အုပ်ချုပ်ရေးမှူးရုံးတွင် အခြေပြုလျက် စုံစမ်းမေးမြန်းမှု လုပ်ငန်းများကိုစတင် ဆောင်ရွက်ခဲ့ကြပါသည်။ အဖွဲ့ငယ် (၃) ဖွဲ့သည် (၀၉း၀၀) နာရီအချိန်မှ (၁၂း၃၀) နာရီအချိန်အထိ မောင်တောမြို့ပေါ်ရှိ ဘင်္ဂါလီလူမျိုး (၃၀) ဦးတို့အား လည်းကောင်း၊ (၁၃း၃၀) နာရီအချိန်မှ (၁၇း၀၀) နာရီအချိန်အထိ ရခိုင်လူမျိုး (၃၀) ဦးတို့အားလည်းကောင်း၊ ကျန်အဖွဲ့ငယ်တစ်ဖွဲ့သည် (၀၉း၀၀) နာရီချိန်မှ (၁၂း၃၀) နာရီအချိန်အထိ အစိုးရဌာနဆိုင်ရာဝန်ထမ်း(၁၅) ဦးတို့အား လည်းကောင်း၊ (၁၃း၃၀) နာရီအချိန်မှ (၁၈း၃၀) နာရီအချိန်အထိ မောင်တော ရဲစခန်းတွင် ရီမန်ဖြင့်ချုပ်နှောင်ထားသော ဒုချီးရားတန်းဖြစ်စဉ်တွင် ပါဝင်ပတ်သက်သည်ဟု ယူဆရသူများအား သွားရောက်မေးမြန်းစုံစမ်းခြင်းများ ဆောင်ရွက်ခဲ့ကြ ပါသည်။ ညပိုင်းတွင် (၂၀း၂၀) ချိန်မှ (၂၁း၄၅) ချိန်အထိ အစိုးရဝန်ထမ်း (၈) ဦးတို့အား တွေ့ဆုံမေးမြန်းခြင်းများ ဆောင်ရွက်ခဲ့ကြပြီးနောက် မောင်တောမြို့တွင် ညအိပ် ရပ်နားခဲ့ကြပါသည်။

၄.၃။ (၁၇-၂-၂၀၁၄) ရက်နေ့တွင်အမှတ် (၁၅) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်၊ ယာယီ စကခမှူး ဗိုလ်မှူးကြီးခင်ဇော်သည် မောင်တောခရိုင်အုပ်ချုပ်ရေးမှူးရုံးတွင် (၀၈း၀၀) နာရီအချိန်မှ (၀၉း၂၅) နာရီအချိန်အထိ စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့နှင့် တွေ့ဆုံခဲ့ပြီး ဘူးသီးတောင်၊ မောင်တောနယ်မြေဒေသအခြေအနေများ၊ လုံခြုံရေး နှင့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ပါသည်။ ထို့နောက် စုံစမ်း စစ်ဆေးရေးကော်မရှင်အဖွဲ့သည် မောင်တောမှ (၀၉း၃၀) နာရီချိန်ထွက်ခွာခဲ့ပြီး ဇန်နဝါရီလ (၂၈) ရက်နေ့ညပိုင်းတွင် မီးလောင်မှုဖြစ်ပွားခဲ့သည့် ဒုချီးရားတန်း

အနောက်ရွာသို့ (၁၀း၀၀) နာရီချိန်ခန့်တွင် ရောက်ရှိခဲ့ကြပါသည်။ မီးလောင်မှုဖြစ်ပွားခဲ့ပုံနှင့်ပတ်သက်၍ ထိုကျေးရွာသူ/ကျေးရွာသား (၅၀)ခန့်တို့အား တွေ့ဆုံမေးမြန်းခဲ့ကြပြီးမီးလောင်ကျွမ်းခဲ့သည့်နေရာများသို့ ကွင်းဆင်းလေ့လာ စစ်ဆေးခဲ့ကြပါသည်။ ၎င်းကျေးရွာမှ (၁၁း၁၀)အချိန်ခန့်တွင် ပြန်လည်ထွက်ခွာ ခဲ့ကြရာ ဒုချီးရားတန်းအလယ်ရွာ၊ စာသင်ကျောင်းသို့ (၁၁း၂၀) အချိန်ခန့်တွင် ရောက်ရှိခဲ့ကြပါသည်။ ၎င်းစာသင်ကျောင်းတွင် ဒုချီးရားတန်းကျေးရွာမှ အမျိုးသမီး (၇၅) ဦးတို့နှင့်တွေ့ဆုံခဲ့ကြပြီး ထိုအနက် (၇) ဦးအား အသေးစိတ် မေးမြန်း စုံစမ်းမှုများပြုလုပ်ခဲ့ကြပါသည်။ ၎င်းနေရာမှ (၁၃း၄၅) အချိန်တွင် ပြန်လည်ထွက်ခွာခဲ့ကြပြီး နူရုလ္လာစာသင်ကျောင်းသို့ (၁၄း၀၀) အချိန်ခန့်ရောက်ရှိကာ နေ့လည်စာစားရန်ခေတ္တရပ်နားခဲ့ကြပါသည်။ ၎င်းမှ (၁၄း၅၀) အချိန်ခန့်တွင် ပြန်လည် ထွက်ခွာလာခဲ့ကြရာ ခရေမြိုင်ရဲကင်းသို့ (၁၅း၀၀) အချိန်ခန့်ရောက်ရှိခဲ့ကြပြီး ရဲကင်းတွင်တာဝန်ထမ်းဆောင်နေသည့် မောင်တောရဲစခန်းမှ စခန်းမှူးဒုရဲမှူးတင်ဝင်းမှ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းခဲ့ပါသည်။ ထိုစခန်းတွင် ခရေမြိုင်ကျေးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖ (၁၅) ဦးခန့်အား တွေ့ဆုံမေးမြန်း စုံစမ်းမှုများပြုလုပ်ခဲ့ကြပါသည်။ ၎င်းမှ (၁၅း၂၅) ချိန်ခန့်တွင် ပြန်လည်ထွက်ခွာခဲ့ကြရာ ဇောမိကုန်းကျေးရွာသို့ လှည့်ပတ်ကြည့်ရှုခဲ့ကြပါသည်။ ၎င်းမှ ဆက်လက်ထွက်ခွာခဲ့ကြရာ ကင်းချောင်း တိုင်းရင်းသားကျေးရွာသို့ (၁၅း၅၀) ချိန်ခန့်တွင်ရောက်ရှိခဲ့ကြပါသည်။ ကင်းချောင်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းတွင် ကင်းချောင်းကျေးရွာမှ ကျေးရွာသူ/ကျေးရွာသား (၅၄) ယောက်တို့နှင့် တွေ့ဆုံခဲ့ကြပြီး ၎င်းအနက် (၁၂) ဦးအားအသေးစိတ် မေးမြန်းမှုများကိုပြုလုပ်ခဲ့ ကြပါသည်။ ထိုသို့မေးမြန်းစုံစမ်းစစ်ဆေးမှုများပြုလုပ်နေစဉ်အတောအတွင်း ဒေါက်တာကျော်ရင်လှိုင်ဦးဆောင်သော စုံစမ်းစစ်ဆေးရေး အဖွဲ့တစ်ဖွဲ့သည် ဒုချီးရားတန်းကျေးရွာအုပ်စု၊ ကျေးရွာအုပ်ချုပ်ရေးမှူးဖြစ်သူ ရခိုင်တိုင်းရင်းသား ဦးအောင်ဖုံဖြူ၏ နေအိမ်အတွင်းအပြင်နှင့် အနီးပတ်ဝန်းကျင်တို့အား အသေးစိတ်ကွင်းဆင်းလေ့လာ စစ်ဆေးခဲ့ကြပါသည်။ ထို့နောက် ကင်းချောင်းကျေးရွာအတွင်းသို့ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပါသည်။ ထိုမှမှုခင်းကျွမ်းကျင်အဖွဲ့များပါလိုက်ပါလျက် ကင်းချောင်းရခိုင် ကျေးရွာသင်္ချိုင်းကုန်းနှင့် အနီး ပတ်ဝန်းကျင် တောင်ကုန်းလျှိုမြောင်များအားအသေးစိတ်ထပ်မံကြည့်ရှုလေ့လာစစ်ဆေးခဲ့ကြပါသည်။ထိုသို့အသေးစိတ်မေးမြန်းစစ်ဆေးစုံစမ်းမှုများပြုလုပ်ဆောင်ရွက်ခဲ့ကြပြီးနောက် စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့သည် ကင်းချောင်းတိုင်းရင်းသားကျေးရွာမှ (၁၈း၁၀) အချိန်ခန့်တွင် ပြန်လည်

ထွက်ခွာခဲ့ကြရာ မောင်တောသို့ (၁၈း၃၀) အချိန် ရောက်ရှိကာ ညအိပ်ရပ်နား ခဲ့ကြပါသည်။

၄.၄။ (၁၈-၂-၂၀၁၄)ရက်နေ့တွင် စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့သည် မော်တော်ယာဉ်များဖြင့်မောင်တောမှ (၀၈း၂၀) အချိန်ထွက်ခွာခဲ့ကြပြီး ဂေါ်ဒူသာရကျေးရွာမူလွန်ကျောင်းသို့ (၀၈း၅၀) ချိန်ခန့်တွင် ရောက်ရှိခဲ့ကြပါသည်။ ဂေါ်ဒူသာရကျေးရွာသား (၁၅) ဦးတို့အား တွေ့ဆုံမေးမြန်း စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြပါသည်။ ဂေါ်ဒူသာရကျေးရွာမှာ ဒုချီးရားတန်းကျေးရွာနှင့် အနီးကပ်ဆုံး တည်ရှိသောကျေးရွာဖြစ်သည့်အပြင် ဒုချီးရားတန်းကျေးရွာသားများ အခင်းဖြစ်ပွားပြီးသည့်နောက် အများဆုံး ပြေးရောင်တည်းခိုနေသည့် ကျေးရွာလည်းဖြစ်ပါသည်။ ယမန်နေ့က မလာရောက်နိုင်သည့် ဒုချီးရားတန်းကျေးရွာသားများအား ယနေ့မနက်၊ ဂေါ်ဒူသာရသို့လာရောက်ကြရန် ကြိုတင်ချိန်းဆို ထားခဲ့သော်လည်း WFP မှ ဆန်ဝေရန် ရှိနေသဖြင့် သရေကုန်ဘောင်ကျေးရွာသို့ ထွက်သွားကြ၍ မလာရောက်နိုင်ကြခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ဒေါက်တာကျော်ရင်လှိုင် ဦးဆောင်သော အဖွဲ့ငယ်တစ်ဖွဲ့သည် သရေကုန်ဘောင်ကျေးရွာသို့ ဆက်လက် ထွက်ခွာသွားခဲ့ရာ (၀၉း၄၅) အချိန်ရောက်ရှိခဲ့ကြပါသည်။ ဒုချီးရားတန်းရွာသားများ ဆန်ထုတ်ရန် အမှန်တကယ်ရောက်ရှိနေကြသည်ကို တွေ့ရှိခဲ့ရပါသည်။ ဆန်ဝေပေးမည့် WFP မှ တာဝန်ရှိသူများ ရောက်ရှိမလာသေးသဖြင့် စောင့်ဆိုင်းနေကြခြင်းဖြစ်ပါသည်။ ထိုသူများမှ တွေ့ဆုံမေးမြန်းခံရန် သဘောတူကြသဖြင့် ဒုချီးရားတန်းမှ အမျိုးသမီး (၃၄) ဦးတို့အားမေးမြန်းစုံစမ်းစစ်ဆေးခြင်းကို ပြုလုပ်ခဲ့ကြပါသည်။ ဖြေဆိုသူအမျိုးသမီးတစ်ဦးမှ သူမ၏ယောက်ျားဖြစ်သူမှာ အခင်းဖြစ်ပွားစဉ်အတွင်း ဓါးဖြင့်အခုတ်ခံရ၍ ညာဖက်ခြေခုံအတွင်းဘက်တွင် ဓါးဒဏ်ရာရရှိထားကြောင်း၊ ယခုနူရုလ္လာကျေးရွာတွင်ရှိနေပါကြောင်း၊ လိုက်ကြည့်မည်ဆိုပါက လိုက်ပြနိုင်ပါသည်ဟု ထွက်ဆိုပါသည်။ သူမအားမိမိတို့ မော်တော်ယာဉ်များဖြင့် လိုက်ပါစေလျက် သရေကုန်ဘောင်မှ (၁၂း၁၀) ချိန်ခန့် တွင် ပြန်လည်ထွက်ခွာလာခဲ့ရာ နူရုလ္လာစာသင်ကျောင်းသို့ (၁၂း၃၀) ချိန်ခန့်တွင် ရောက်ရှိကြကာ နေ့လည်စာစားရန် ခေတ္တရပ်နားခဲ့ကြပါသည်။ ထိုစဉ်အတွင်း ကော်မရှင်အဖွဲ့မှ မော်တော်ယာဉ်တစ်စီးဖြင့် ၎င်းဓါးဒဏ်ရာရသူအား သွားရောက် ခေါ်ယူစေခဲ့ရာ ၎င်း၏ ဇနီး သားသမီး (၄) ယောက်တို့နှင့်တူ နူရုလ္လာ စာသင်ကျောင်းသို့ (၁၃း၂၀) အချိန်ခန့်တွင်ရောက်ရှိလာကြပါသည်။ ထိုသူ၏ အနာမှာ ဆရာဝန်ဖြင့်

ကုသရန်လိုအပ်မည်ဟု ကော်မရှင်အဖွဲ့များက သုံးသပ်ကြသဖြင့် မောင်တော ပြည်သူ့ဆေးရုံသို့ ဆက်လက်ပို့ဆောင်ပေးကာ ဆေးဝါး ကုသမှုများ ခံယူစေခဲ့ပါသည်။ယခုအခါ မောင်တောဆေးရုံတွင် အတွင်းလူနာအဖြစ် တက်ရောက်ကုသလျက် ရှိနေပါသည်။ ထို့နောက် ဒေါက်တာသာလှရွှေ ဦးဆောင်သော အဖွဲ့သည် နူရုလ္လာကျေးရွာ၊ စာသင်ကျောင်းတွင် နူရုလ္လာကျေးရွာနှင့် ဘဂုံးနားကျေးရွာများမှ ရပ်မိရပ်ဖ (၁၈)ဦးတို့အား စုံစမ်းမေးမြန်းခြင်းများကို ပြုလုပ်ခဲ့ကြပါသည်။ ထိုစဉ်အတွင်း ကော်မရှင်အတွင်းရေးမှူး ဒေါက်တာကျော်ရင်လှိုင်နှင့်အဖွဲ့သည် ဒုချီးရားတန်းအလယ်ရွာသို့ ပြန်လည်သွားရောက်ကာ ဒုချီးရားတန်းကျေးရွာမှ အမျိုးသမီး (၄) ဦးတို့အား အသေးစိတ်မေးမြန်းခဲ့ကြပြီး ပြန်လည်ထွက်ခွာလာခဲ့ကြပါသည်။ စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့သည် မောင်တောသို့ (၁၇း၃၀) ချိန်ခန့်တွင် ပြန်လည်ရောက်ရှိကာ ညအိပ်ရပ်နား ခဲ့ကြပါသည်။

၄.၅။ (၁၉ - ၂- ၂၀၁၄) ရက်နေ့တွင် စုံစမ်းစစ်ဆေးရေးအဖွဲ့သည် အဖွဲ့နှစ်ဖွဲ့ခွဲကာ ဒေါက်တာသာလှရွှေဦးဆောင်သောအဖွဲ့သည် မောင်တော ခရိုင်အုပ်ချုပ်ရေးမှူးရုံးတွင် မောင်တောရှိ UNHCR မှ ကိုယ်စားလှယ်အား (၀၉း၃၀) ချိန်မှ (၁၀း၂၀) ချိန်ထိလည်းကောင်း၊ AZG(MSF) မှ မောင်တော တာဝန်ခံအား (၁၀း၂၅) ချိန်မှ (၁၂း၁၀) ချိန်ထိလည်းကောင်းတွေ့ဆုံခဲ့ပါသည်။ ဆက်လက်၍ (၁၃း၃၀) ချိန်မှ (၁၇း၃၀ ) ချိန်အထိ ဒုချီးရားတန်းဖြစ်စဉ်နှင့် ပတ်သက်၍ မောင်တောရဲစခန်းတွင် ရီမန်ဖြင့် ချုပ်နှောင်ထိန်းသိမ်းထားသူများအား တစ်ဦးချင်း မေးမြန်းခဲ့ကြပါသည်။ ဒေါက်တာကျော်ရင်လှိုင် ဦးဆောင်သော စုံစမ်းစစ်ဆေးရေး အဖွဲ့တစ်ဖွဲ့သည် မောင်တောမှ (၀၉း၀၅) ချိန်ထွက်ခွာလာခဲ့ရာ ဒုချီးရားတန်းအလယ်ရွာ စာသင်ကျောင်းသို့ (၀၉း၂၅) ချိန်ရောက်ရှိခဲ့ကြပါသည်။ ထိုစာသင်ကျောင်းတွင် ဒုချီးရားတန်းရွာမှ အမျိုးသမီး (၂၄) ဦး တို့ကိုလည်းကောင်း၊ ဂေါ်ဒူသာရကျေးရွာမှ မော်လဝီဆရာနှစ်ဦးနှင့် ရွာသားတစ်ဦးတို့ကိုလည်းကောင်း ဖြစ်စဉ်နှင့်ပတ်သက်၍ တစ်ဦးချင်းအသေးစိတ် မေးမြန်းစုံစမ်းမှုများ ပြုလုပ်ခဲ့ကြပါသည်။ ထို့နောက် (၁၂း၄၅) ချိန်ခန့်တွင် ပြန်လည်ထွက်ခွာလာခဲ့ကြရာ မောင်တောသို့ (၁၃း၁၀) ချိန်ခန့်ပြန်လည် ရောက်ရှိပါသည်။

၄.၆။ (၂၀-၂-၂၀၁၄)ရက်နေ့တွင် စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့သည် ဒုချီးရားတန်းကျေးရွာသားများ၏ ထွက်ဆိုချက်များအရ ရခိုင်သားများမှ ၎င်းတို့အိမ်မှ ပစ္စည်းများခိုးယူသွားကြပြီး လေးမိုင်ဈေးသို့ သွားရောက်ရောင်းချမှုများရှိကြောင်း သိရှိရသဖြင့်

ထိုကိစ္စကို စုံစမ်းအတည်ပြုရန် မောင်တောမြို့ မှ မော်တော်ယာဉ်များဖြင့် (၀၉း၁၀) အချိန်တွင် ထွက်ခွာလာခဲ့ကြရာ (၄)မိုင်ဈေးသို့ (၀၉း၂၅) ချိန်ရောက်ရှိ လာခဲ့ကြပါသည်။ ဈေးအတွင်းသို့ လှည့်လည်ကြည့်ရှုကာ ဈေးသူဈေးသားများအား ရောင်း/ဝယ်မှုအခြေအနေများ၊ ဒုချီးရားတန်းတွင် အခင်းဖြစ်ပွားပြီးသည့်နောက်ပိုင်း ခိုးရာပါပစ္စည်းများလာရောက်ရောင်းချမှု ရှိ/မရှိ တို့ကို စုံစမ်းမေးမြန်းခဲ့ကြပါသည်။ ထိုမှ (၁၁း၀၀) ချိန်ခန့်တွင် ပြန်လည်ထွက်ခွာလာခဲ့ကြပြီး မောင်တောသို့ (၁၁း၂၀) ချိန်ခန့်တွင် ပြန်လည်ရောက်ရှိကြပါသည်။ မောင်တောမြို့မှ တပ်မတော် ရဟတ်ယာဉ်ဖြင့် (၁၄း၃၀)ချိန် ခန့်တွင် ပြန်လည်ထွက်ခွာလာခဲ့ကြရာ စစ်တွေ လေဆိပ်သို့ (၁၅း၀၀) ချိန်ခန့်တွင် ပြန်လည် ရောက်ရှိခဲ့ကြပြီး စစ်တွေဟိုတယ်တွင် ညအိပ်ရပ်နားခဲ့ကြပါသည်။

၄.၇။ (၂၁-၂-၂၀၁၄)ရက်နေ့တွင် စစ်တွေမြို့မှ မြန်မာ့လေကြောင်းဖြင့် (၀၉း၁၀) ချိန်ခန့်တွင် ထွက်ခွာလာခဲ့ကြရာ မင်္ဂလာဒုံလေဆိပ်သို့ (၀၉း၅၀) အချိန်ခန့်တွင် ပြန်လည် ရောက်ရှိ ခဲ့ကြပါသည်။

## ၅။ နိုင်ငံတကာမီဒီယာများ၊ အင်တာနက်၊ facebook စာမျက်နှာများမှ ဖော်ပြချက်များနှင့် ဒေသခံများ၏ စွပ်စွဲချက်များ

### ၅.၁။ တပ်ကြပ်ကြီး အောင်ကျော်သိန်း သတ်ဖြတ်ခံရသည်ဆိုသည့်ကိစ္စ

၅.၁.၁။(၁၄.၂.၂၀၁၄) ရက်နေ့တွင် အင်တာနက် သတင်းစာ မျက်နှာများ နှင့် Facebook စာမျက်နှာများပေါ်တွင် မောင်တောမြို့နယ် ဒုချီးရားတန်း ဘင်္ဂါလီကျေးရွာအတွင်း ရဲတပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးတာဝန်ရှိသူများ ကင်းလှည့်လုံခြုံရေး ဆောင်ရွက်စဉ် ဘင်္ဂါလီရွာသားများနှင့် ပဋိပက္ခဖြစ်ပွားခဲ့ပြီး ရဲတပ်ကြပ်ကြီးတစ်ဦး အသတ်ခံခဲ့ရသည်ဆိုသည့် သတင်းများပျံ့နှံ့နေခဲ့ပါသည်။ အစပိုင်းတွင် ရဲဝန်ထမ်း များအနေဖြင့် ဒုချီးရားတန်းကျေးရွာတွင်းရှိ ရွာသားများထံ ငွေတောင်းခံ ခြင်းကြောင့် ရွာသားများနှင့် ပြဿနာဖြစ်ပွားသည်ဟု သတင်းများ ထုတ်လွှင့် ကြပါသည်။

**၅.၁.၂။ ၁၅.၁.၂၀၁၄ ရက်နေ့တွင် နိုရဥ္စရအင်တာနက်** သတင်းစာမျက်နှာတွင်လည်း မောင်တောမြို့နယ်တွင် ရဲတပ်ကြပ်ကြီးတစ်ဦးသည် ၎င်းကိုင်ဆောင်သော လက်နက်နှင့်အတူ ပျောက်ဆုံးနေကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ရဲတပ်ဖွဲ့ဝင် အင်အားကိုတိုးချဲ့ထားသည် ဆိုသော်လည်း ယခုအချိန်အထိ မှုခင်းမဖော် ထုတ်နိုင်သေးကြောင်း ဝေဖန်ရေးသားထားသည့် သတင်းများကို ဖော်ပြထားပါ သည်။ ထိုဖြစ်စဉ်တွင် ရဲတပ်ဖွဲ့ဝင်များ ဒုချီးရားတန်း ကျေးရွာအတွင်း ကင်းလှည့် တာဝန်ထမ်းဆောင်ရင်း ဘင်္ဂါလီရွာသား (၇၀) ဦးခန့်က တိုက်ခိုက်ခြင်း ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ရဲတပ်ကြပ်ကြီးပျောက်ဆုံးမှုနှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ များက ကျေးရွာကို ပိတ်ဆို့ရှာဖွေမှုများ ပြုလုပ်နေကြောင်း၊ ရွာသားများ စိုးရိမ် သဖြင့် ထွက်ပြေးနေပြီးအမျိုးသားများမှာတိမ်းရှောင်နေကြောင်းကိုလည်း ဖော်ပြ ထားပါသည်။

**၅.၁.၃။ ၁၆.၁.၂၀၁၄ ရက်နေ့တွင်** ပြည်တွင်းအခြေပြု သတင်းဌာနများ၏ Facebook စာမျက်နှာတစ်ခု ဖြစ်သည့် **Yangon Media Group** တွင် မောင်တောမြို့နယ် ဒုချီးရားတန်းကျေးရွာတွင်ပျောက်ဆုံးနေသော ရဲတပ်ကြပ်ကြီး၏သွေးစွန်းနေသည့် အသုံးအဆောင်ပစ္စည်းတစ်ချို့ကိုပြန်လည် ရှာဖွေတွေ့ရှိထားပြီဖြစ်ကြောင်းရေးသား ထားပါသည်။ သို့သော်လည်း တပ်ကြပ်ကြီးနှင့် ၎င်းကိုင်ဆောင်သော လက်နက်မှာ ဆက်လက်ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။

**၅.၁.၄။ ၁၆.၁.၂၀၁၄ ရက်နေ့တွင်** ဘင်္ဂလားဒေ့ရှ်အခြေစိုက် **လေးဝတီ**သတင်းဌာနမှလည်း ဒုချီးရားတန်းဖြစ်စဉ်တွင် ရဲတပ်ကြပ်ကြီးတစ်ဦးသည် ၎င်းကိုင်ဆောင်သော M-22 မောင်းပြန်သေနတ်နှင့်အတူ ပျောက်ဆုံးနေကြောင်း၊ ယခုအခါ အမှတ်(၄)၊ ရဲတပ်ရင်းများကွပ်ကဲမှုအဖွဲ့မှ ရဲတပ်ကြပ်ကြီး၏ သွေးစွန်းနေသည့် အသုံးအဆောင် ပစ္စည်းများကို ပြန်လည် ရှာဖွေတွေ့ရှိထားကြောင်း ရေးသားဖော်ပြထားပါသည်။

**၅.၁.၅။ ၁၇.၁.၂၀၁၄ ရက်နေ့တွင်** ပြည်ပအခြေစိုက် BBC သတင်းဌာနမှလည်း မောင်တော မြို့နယ် ဒုချီးရားတန်းဖြစ်စဉ်တွင် ပျောက်ဆုံးနေသော ရဲတပ်ဖွဲ့ဝင် တစ်ဦးကိစ္စ အတွက် ရွာသား (၈၀) ကျော်ကို ဖမ်းဆီးစစ်ဆေးနေကြောင်း ဖော်ပြခဲ့ပါသည်။

## ၅.၂။ ဘူးသီးတောင်/ကျောက်တော်ဘက်မှ ခရီးသွားများအား သတ်ဖြတ်သည်ဆိုသည့် ကိစ္စ

**၅.၂.၁။ ၁၅.၁.၂၀၁၄ ရက်တွင် RB (Rohingya Blogger) News** တွင် ဘူးသီးတောင်မှ မောင်တောသို့ အလုပ်လုပ်ရန်လာသော ဘင်္ဂါလီ (၈) ဦးကို ဒုချီးရားတန်းကျေးရွာ အုပ်ချုပ်ရေးမှူးက ဖမ်းဆီးကာ သတ်ဖြတ်ပြီး မြောင်းတစ်ခုအတွင်း မြှုပ်ထား ကြောင်း၊ ထိုသတင်းကိုဒုချီးရားတန်းရွာသားများကသိရှိပြီး ထိုနေရာအား သွား ရောက် တူးဖော်ရာ အလောင်းများကို တွေ့ရသဖြင့် ဗီဒီယိုဖြင့် မှတ်တမ်းတင်ခဲ့ ကြောင်း၊ အလောင်းတစ်လောင်းကို သယ်ဆောင်လာရာတွင် ခရေမြိုင်ရွာသား များကတွေ့၍ အုပ်ချုပ်ရေးမှူးထံ အကြောင်းကြားခဲ့ကြောင်း၊ ထိုကိစ္စကို ဖုံးကွယ်ရန် အတွက် ခရေမြိုင်ရဲကင်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် တိုင်ပင်ကာ ကျေးရွာအုပ်ချုပ်ရေးမှူး များက ယင်းဘင်္ဂါလီများကို ဖမ်းဆီးရန် ကြိုးပမ်းခဲ့ကြောင်း ဖော်ပြခဲ့ပါသည်။

**၅.၂.၂။ ၁၅.၁.၂၀၁၄ ရက်နေ့တွင် RB News** တွင် ကင်းချောင်းကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ရခိုင်ရွာသားများက ဘူးသီးတောင်ဘက်မှလာရောက်သော ခရီးသွား (၈) ဦးကို သတ်ဖြတ်ထားမှုအား အနီးအနားရှိ မူဆလင်ရွာသားများက အလောင်းများကို လက်ကိုင်ဖုန်းဖြင့် ဓါတ်ပုံရိုက်ယူခဲ့ကြောင်း၊ ထိုကိစ္စကို ဖုံးကွယ်ရန်အတွက် ခရေမြိုင်ရဲကင်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် တိုင်ပင်ကာ ကျေးရွာအုပ်ချုပ်ရေးမှူးများက ယင်းဘင်္ဂါလီများကို ဖမ်းဆီးရန် ကြိုးပမ်းခဲ့ကြောင်း၊ ထို့ကြောင့် ရဲတပ်ဖွဲ့ဝင်များနှင့် ဘင်္ဂါလီရွာသားများ ပဋိပက္ခဖြစ်ပွားပြီး ရဲများ၏တိုက်ခိုက်မှုများကြောင့် ဘင်္ဂါလီ (၁၁) ဦး သေဆုံးခဲ့ကြောင်း၊ဒုချီးရားတန်းရွာတွင် ကျန်ရစ်ခဲ့သော အမျိုးသမီးများနှင့်

သက်ကြီးရွယ်အိုများကို ရဲများက ဖမ်းဆီးသွားကြောင်း၊ အခင်းဖြစ်ပွားမှုတွင် သေဆုံးဒဏ်ရာရသူများအား အမည်စာရင်းနှင့်တကွ တင်ပြထားပါသည်။

၅.၂.၃။ ကွင်းဆင်းလေ့လာမှုများအတွင်း ဒုချီးရားတန်းကျေးရွာမှ အမျိုးသမီးများက ပြောဆိုရာတွင် ဘူးသီးတောင်မှ တောင်ကျော်ဖြတ်ဝင်လာသော မူဆလင် (၈)ယောက်အား ရခိုင်ရွာ(ဒုချီးရားတန်း ကင်းချောင်းရွာ) မှ ရွာသားများက သတ်ဖြတ်လိုက်ကြသည်ဟု သတင်းကြားရကြောင်း၊ ၎င်းကိစ္စနှင့်ပတ်သက်၍ ရွာထဲမှ လူများက မကျေမနပ်ဖြစ်နေကြကြောင်း၊ မည်သူကစတင် သိရှိသည်ဟု မသိသော်လည်း ရွာထဲတွင် ထိုအတိုင်းသတင်းဖြစ်နေကြောင်း၊ သူတို့ရွာသားများ တောခုတ်သွားရာမှ အပုပ်နံ့ရ၍ လိုက်ရှာခဲ့ကြရာကင်းချောင်းရွာစေတီမှ တစ်ဖါလုံခန့်အကွာ တောင်ခြေရှိ သင်္ချိုင်းကုန်းတွင် ကျင်းတစ်ခုထဲ၌ အလောင်းများကို အုန်းလက်များဖြင့် အုပ်ထားသည်ကို တွေ့ရှိခဲ့ကြသည်ဟု ဆိုကြောင်း၊ ထိုသတင်း စုံစမ်းရန် ရွာသား(၁၀)ယောက်တို့ ရွာမှထွက်သွားကြရာ မတွေ့ခဲ့ကြောင်း၊ နောက်ထပ် (၁၅) ယောက်မှ ထပ်မံသွားရောက်ရှာဖွေခဲ့ရာ အလောင်း များကို တွေ့ရှိခဲ့ပြီး ဓါတ်ပုံများရိုက်ယူလာနိုင်ခဲ့ပါကြောင်း၊ ၎င်းဓါတ်ပုံများကိုလည်း မိမိတို့အပါအဝင် တစ်ရွာလုံးက ကြည့်ထားမြင်ထားကြပါကြောင်း၊ လက်ကိုင် တယ်လီဖုန်းဖြင့်ရိုက်ယူလာကြခြင်းဖြစ်ပါကြောင်း၊ သို့ဖြစ်၍ရဲများကထို လက်ကိုင်ဖုန်းကို လာရှာရာမှ အခင်းဖြစ်ပွားရခြင်းဖြစ်ကြောင်း ပြောဆိုကြပါသည်။

## ၅.၃။ ဒုချီးရားတန်းကျေးရွာတွင် သတ်ဖြတ်သည်ဆိုသည့်ကိစ္စ

၅.၃.၁။ ၁၂.၂.၂၀၁၄ ရက်နေ့တွင် ကင်းချောင်းကျေးရွာတွင် ဖမ်းဆီးထားသော မူဆလင် များအားသတ်ဖြတ်ပြီး ထည့်ထားသည်ဟုယူဆရသည့် အထုပ်များကို ကင်းချောင်း ရွာသားများက သယ်ဆောင်လာကြောင်း ဒေသခံမူဆလင်များက တွေ့ရှိရကြောင်း UN အစီအရင်ခံစာ တစ်စောင်တွင် ရေးသားဖော်ပြခဲ့ပါသည်။

၅.၃.၂။ ကင်းချောင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်ဇံဖြူနှင့် ရွာသားများမှ နိုပ်စက် သတ်ဖြတ်ထားသော အလောင်းများကို ကင်းချောင်းကျေးရွာ ဗုဒ္ဓဘာသာ သင်္ချိုင်း အနီးတွင် တွင်းတူးကာ စွန့်ပစ်ထားမှုကို ဒုချီးရားတန်းကျေးရွာမှ ယင်း သင်္ချိုင်း အနီး တောအုပ်တွင် ထင်းခုတ်သွားရင်း တွေ့ရှိ၍ လက်ကိုင်ဖုန်းဖြင့် မှတ်တမ်း တင်နိုင်ခဲ့ကြောင်းလည်း အထက်ပါ အစီအစဉ်ခံစာတွင် ဖော်ပြထားပါသည်။

အထက်ပါကိစ္စနှင့်ပတ်သက်၍ အခြားမျက်မြင်တစ်ဦးမှလည်း ကင်းချောင်းရွာအနီး တောင်ပေါ်တွင် မူဆလင်အလောင်းများအား ကျင်းတစ်ကျင်းထဲတွင် အုန်းလက်များဖြင့် ဖုံးအုပ်ထားသည်ကို တွေ့ရှိရပြီး၊ အဆိုပါအလောင်းများ ဖျောက်ဖျက်ထားရှိသော ကျင်းအနီးတွင် ဓါးများကိုင်ဆောင်ထားသည့် ရခိုင်များကိုလည်း တွေ့ရသည်ဟု ကုလသမဂ္ဂ အစီအရင်ခံစာတွင် ရေးသားဖော်ပြထားပါသည်။

၅.၃.၃။ (၁၃.၁.၂၀၁၄) ရက်နေ့ ည (၁၀း၃၀) ခန့်တွင် ကျင်းအတွင်း စွန့်ပစ်ထားသော မူဆလင် လူသေအလောင်းများအား မှတ်တမ်းဓါတ်ပုံရိုက်ယူခဲ့သည့် လက်ကိုင်ဖုန်းအားသိမ်းယူရန်အတွက် ရဲတပ်ဖွဲ့ဝင်များနှင့် ဓါးကိုင်ဆောင်ထားသော ရခိုင်ရွာသား (၃၀) ခန့်သည့် ဒုချီးရားတန်းရွာသို့ဝင်ရောက်လာကြရာ ဒုချီးရားတန်း ရွာသားများက အော်ဟစ်အကူအညီတောင်းသဖြင့် ပြန်လည်ထွက်ပြေးသွားခဲ့ကြပါသည်။ တစ်နာရီခန့်ကြာသောအခါ သေနတ်ပစ်သံများကြားရပြီး၊ ရခိုင်များသည် ဒုချီးရားတန်းရွာအား အရှေ့ဘက်မှလည်းကောင်း၊ လက်နက်ကိုင် ရဲတပ်ဖွဲ့များသည် ကျေးရွာ၏ အနောက်ဘက်မှလည်းကောင်း အသီးသီး ချဉ်းကပ်ဝင်ရောက်တိုက်ခိုက်ခဲ့ကြသဖြင့် ဒုချီးရားတန်းရွာမှ ရွာသားများ ဂေါ်ဒူသာရကျေးရွာဘက်သို့ ထွက်ပြေးခဲ့ရကြောင်း ကုလသမဂ္ဂ အစီအရင်ခံစာတွင် ရေးသားထားပါသည်။

၅.၃.၄။ မြန်မာနိုင်ငံတွင် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများပေးနေသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည့် AZG/MSF Holland (Medecina Sans Frontieres-Holland) ကလည်း (၁၃.၁.၂၀၁၄) ရက်နေ့ ဒုချီးရားတန်း ဖြစ်စဉ်အတွင်း ဒဏ်ရာရရှိခဲ့သည့် သေနတ်ဒဏ်ရာ (၁) ဦး၊ ရိုက်နှက်ခံရသည့် ဒဏ်ရာ (၄) ဦး၊ ထိုးသွင်း ဒဏ်ရာ (၁၀) ဦးနှင့် စိတ်ဒဏ်ရာ ရရှိသူ (၇) ဦးအား ဆေးကုသပေးခဲ့ရကြောင်း သတင်းထုတ်ပြန်ခဲ့ပါသည်။

၅.၃.၅။ (၁၄.၁.၂၀၁၄) ရက်နေ့ မနက် (၁း၀၀) နာရီခန့်တွင် ဒုချီးရားတန်းကျေးရွာအနောက်ဖက်သို့ ရဲတပ်ဖွဲ့ဝင် အင်အားအမြောက်အများ စုရုံးရောက်ရှိ လာကြပြီးနောက် သေနတ်သံများကို အဆက်မပြတ်ကြားခဲ့ရကြောင်း၊ တုတ်ဓါးလက်နက်ကိုင်ဆောင်ထားသော ရခိုင်များက ကင်းချောင်းရွာဘက်မှ ဝင်ရောက်လာသည်ကို ကျေးရွာမှ မူဆလင်ရွာသား (၁၀) ဦးက တွေ့မြင်ခဲ့ရကြောင်း ရေးသားထားပါသည်။ ထိုနေ့တွင် အခြားမျက်မြင်သက်သေတစ်ဦးက ဒုချီးရားတန်းကျေးရွာတွင်းမှ သေဆုံးနေသော မူဆလင်ရွာသား (၂၀) ဦးခန့်၏ အလောင်းများကို ရဲတပ်ဖွဲ့ဝင်

များက သယ်ဆောင်သွားခဲ့သည်ကို တွေ့ရှိခဲ့ရကြောင်း၊ ထို့နေ့ နေ့လည် (၁၁း၃၀) ခန့်တွင် လေးပေပတ်လည် စည်ပိုင်းအတွင်း ခေါင်းဖြတ်ထားသည် လူခေါင်း (၁၀) လုံးမှ (၁၂) လုံးခန့်ကို ထည့်ကာ ရခိုင်များက သယ်ဆောင်သွားသည်ကို တွေ့ရကြောင်း UN အစီအရင်ခံစာတစ်စောင်တွင် ရေးသားထားပါသည်။

၅.၃.၆။ (၁၆.၁.၂၀၁၄) ရက်နေ့ ညပိုင်းတွင် နိုင်ငံတကာ သတင်းမီဒီယာတစ်ခုဖြစ်သည့် **Associated Press (AP) သတင်းဌာနတွင်** "Myanmar Mob Kills More Than A Dozen Muslim"ခေါင်းစဉ်ဖြင့်သတင်းတစ်ရပ်ကို **Robin McDowell** ဆိုသူက ရေးသားတင်ပြထားသည်ကို တွေ့ရပါသည်။ ထိုသတင်းတွင် ဗုဒ္ဓဘာသာဝင် လူအုပ်စုကြီးသည် ဓါးများဖြင့် ဘင်္ဂါလီအမျိုးသမီးနှင့် ကလေးငယ် (၁၂) ဦးထက် မနည်း သတ်ဖြတ်ခဲ့ကြကြောင်း ဖော်ပြထားပါသည်။ ထိုသို့ဖော်ပြရာတွင် **ထိုင်းနိုင်ငံတွင်အခြေပြု၍** လုပ်ငန်းများအကောင်အထည်ဖော်ဆောင်နေသော **Arakan Project** မှ တာဝန်ရှိသူ **Chris Lewa** ကလည်း (၁၄.၁.၂၀၁၄) ရက်နေ့ မနက်ပိုင်းတွင် ဖြစ်ပွားခဲ့သော ပဋိပက္ခအတွင်း (၁၀) ဦးမှ (၆၀) ဦးအထိ သေဆုံးနိုင်ကြောင်း၊ ၎င်း၏ မြေပြင်သတင်းပေးများထံမှ သိရှိရကြောင်း တင်ပြထားပါသည်။ ထို့ပြင် ယင်းဒေသသို့ အစွန်းရောက် ၉၆၉ လှုပ်ရှားမှုများမှ သံဃာတော်များက အသံချဲ့စက်များဖြင့် ဟောပြောခြင်း၊ ရေမြောင်းအတွင်းစွန့်ပစ်ထားသော အလောင်းများကို ဒုချီးရားတန်းကျေးရွာသားများကတွေ့ရှိခြင်းကြောင့် ရခိုင်ရွာသားများအား ဘင်္ဂါလီများအနေဖြင့် ပြန်လည်တုံ့ပြန်လိုစိတ်ဖြစ်ရကြောင်း တင်ပြထားပါသည်။ ထိုသတင်းတွင် ဒုချီးရားတန်းအနီးနေထိုင်သော ဘင်္ဂါလီတစ်ဦးဖြစ်သူ ဦးခင်မောင်သန်းအား ဆက်သွယ်မေးမြန်းရာတွင် ပဋိပက္ခနှင့် သေဆုံးမှုဖြစ်စဉ်များအတွက် သက်သေအထောက်အထားများ မတွေ့ရကြောင်း ရေးသားတင်ပြထားပါသည်။

၅.၃.၇။ ၁၆.၁.၂၀၁၄ ရက်နေ့တွင် ရိုဟင်ဂျာ (၂၀) ဦးသည် (၁၃.၁.၂၀၁၄) ရက်နေ့ ဒုချီးရားတန်းကျေးရွာ ဖြစ်စဉ်တွင် သတ်ဖြတ်ခံခဲ့ရသည်ဟု **Aung Naing Sadam Khan** ဆိုသူ၏ သတင်းပေးချက် အရ အမေရိကန်ပြည်ထောင်စုနေ **Robert Elhose ၏ Facebook** စာမျက်နှာတွင် သေဆုံးသူများ၏ အမည်နှင့်တကွ စတင်ဖော်ပြခဲ့ပါသည်။

၅.၃.၈။ (၁၇.၁.၂၀၁၄) ရက်နေ့သို့ ရောက်ရှိသောအခါ အထက်ပါသတင်းကို **မလေးရှား နိုင်ငံတွင် နေထိုင်သော ဗမာမူဆလင်များကွန်ယက်မှ အောင်ကျော်မိုးဆိုသူ၏ Facebook** စာမျက်နှာတွင် ဒုချီးရားတန်းရွာတွင် မူဆလင် (၂၀) ဦးအား ပဋိပက္ခအတွင်း သတ်ဖြတ်ခဲ့သည့် သတင်းကို Rober Elhose ၏ facebook စာမျက်နှာမှ မျှဝေဖော်ပြခဲ့သည်။ ပြည်တွင်းနေ ဘင်္ဂါလီများ၏ Facebook စာမျက်နှာများတွင် ဖော်ပြလာကြသည်ကို တွေ့ရပါသည်။

၅.၃.၉။ ၁၇.၁.၂၀၁၄ ရက်နေ့တွင် အမေရိကန်သံရုံးနှင့် ဗြိတိသျှသံရုံးတို့မှ ဒုချီးရားတန်း ဖြစ်စဉ်တွင် သေဆုံးသူ၊ ဒဏ်ရာရသူများအတွက် ဝမ်းနည်းကြောင်း၊ အင်အားသုံး ဖြေရှင်းခြင်းဖြင့် ပြဿနာများကို ထပ်မံဖြစ်ပွားစေကြောင်း၊ အထက်ပါကိစ္စရပ်ကို စုံစမ်းစစ်ဆေးရန်အတွက် အစိုးရကို တိုက်တွန်းကြောင်း ကြေငြာချက်များ ထုတ်ပြန်ခဲ့ပါသည်။

၅.၃.၁၀။၁၇.၁.၂၀၁၄ ရက်နေ့တွင် **အစ္စလာမ်မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC)** မှ (၁၄.၁.၂၀၁၄) ရက်နေ့ ဒုချီးရားတန်းကျေးရွာတွင် ဖြစ်ပွားခဲ့သော သတ်ဖြတ်မှု၊ မုဒိမ်းမှုနှင့် လုယက်မှုများအတွက် စိုးရိမ်မိကြောင်း ဖော်ပြထားပါသည်။ ထိုအခြင်း အရာများသည် လူ့အခွင့်အရေးကို ချိုးဖောက်သည့်လုပ်ရပ်ဖြစ်ကြောင်း၊ မြန်မာ အစိုးရအနေဖြင့် လူ့အခွင့်အရေးနှင့် ဥပဒေစိုးမိုးရေးကို လုပ်ဆောင်သွားရန် ဖော်ပြ ထားပါသည်။

၅.၃.၁၁။၁၇.၁.၂၀၁၄ ရက်နေ့တွင် **ဗမာအမေရိကန် မူဆလင်များအဖွဲ့ (Burma American Muslim Association)** ကလည်း ဒုချီးရားတန်း အကြမ်းဖက်သတ်ဖြတ်မှု ခေါင်းစဉ်ဖြင့် ကြေငြာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပါသည်။ ထိုကြေငြာချက်တွင် အချက်(၇)ချက်ပါဝင်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လုပ်ရပ်များကို ပြစ်တင် ကြောင်း၊ အစိုးရအားစုံစမ်းရန် တိုက်တွန်းကြောင်း၊ မိမိတို့အနေဖြင့် ထိရောက် ပြင်းထန်သည့် လုပ်ဆောင်မှုများပြုနိုင်ရန် United Naitons Security Council (UNSC) သို့ တင်ပြသွားမည် ဖြစ်ကြောင်း၊ UNSC အနေဖြင့် International Criminal Court (ICC) သို့ ယခုကိစ္စအား လွှဲပြောင်းဆောင်ရွက်စေလိုကြောင်း၊ အမေရိကန်နှင့် ဥရောပနိုင်ငံများဦးဆောင်မှုဖြင့် စစ်ဆေးမှုများပြုလုပ် စေလို ကြောင်း အစရှိသည် ဖြင့်ပါရှိပါသည်။

၅.၃.၁၂။၁၇.၁.၂၀၁၄ ရက်နေ့တွင် **AP** သတင်းဌာနအနေဖြင့် ဘင်္ဂါလီအမျိုးသမီးနှင့် ကလေးများကို ဓါးများဖြင့် တိုက်ခိုက်ကြကြောင်း၊ သေဆုံးသူ (၅) ဦးမှ (၁၀) ဦး အထိ ရှိနေနိုင်ကြောင်း၊ အချို့သော သေဆုံးသူများမှာ ဓါးဒဏ်ရာ၊ သေနတ် ဒဏ်ရာတို့ဖြင့်ဖြစ်ကြောင်း ရေးသားထားပါသည်။

၅.၃.၁၃။၁၇.၁.၂၀၁၄ ရက်နေ့တွင် **ရောဝတီသတင်းဌာန**မှလည်း လုံခြုံရေးနှင့် ရခိုင် တိုင်းရင်းသားများပူးပေါင်းကာ ဒုချီးရားတန်းကျေးရွာအတွင်း လုယက်ခြင်း၊ အမျိုးသမီးများအား မတရားပြုကျင့်ခြင်း၊ အမျိုးသမီးနှင့် ကလေးများ အသတ်ခံရ ခြင်းများ ဖြစ်ပွားနေသည်ကို သတင်းများအရ သိရှိရကြောင်း၊ ထိုဖြစ်စဉ်များတွင် သေဆုံးသူ (၁၀) ဦးမှ (၆၀) ဦးအထိ ရှိနေနိုင်ကြောင်း ဖော်ပြထားပါသည်။ ထိုကိစ္စများအား အတည်ပြုနိုင်ရေးအတွက် မောင်တောဒေသမှ ရဲမှူးချုပ် တင်ကိုကိုအား ဆက်သွယ်မေးမြန်းရာ ရောဝတီသတင်းဌာန၏ ဖော်ပြချက် များသည်မှန်ကန်မှုမရှိကြောင်း၊ ဒေသတွင်းတည်ငြိမ်မှုရရှိနေကြောင်း၊ သွေးထိုး လှုံ့ဆော်လိုသည့်သတင်းမှားများသာဖြစ်ကြောင်း ဖြေကြားချက်များကို ဖော်ပြခဲ့ ပါသည်။

၅.၃.၁၄။(၁၈.၁.၂၀၁၄) ရက်နေ့တွင် **M-Media ၏ facebook** စာမျက်နှာရှိ သတင်း တစ်ရပ်တွင် ဒုချီးရားတန်းကျေးရွာတွင် ဘင်္ဂါလီများ သတ်ဖြတ်ခံရသည်မှာ မှန်ကန်ကြောင်း၊ သေနတ်ဒဏ်ရာ၊ ဓါးဒဏ်ရာရရှိသူများကို **AZG/MSF** အဖွဲ့မှ ဆေးခန်းများတွင် လာရောက်ကုသသည်ကို တွေ့ရကြောင်းသတင်းများ ထုတ်လွှင့် လာပါသည်။

၅.၃.၁၅။၁၈.၁.၂၀၁၄ ရက်နေ့တွင် ပြည်ပအခြေစိုက် BBC သတင်းဌာနတွင် မောင်တော မြို့ဖြစ်စဉ်တွင် လူသေဆုံးမှုများရှိသည်ကို အစိုးရအနေဖြင့် ငြင်းဆိုထားကြောင်း၊ လက်ရှိတွင် အာဏာပိုင်များက လူ (၈၀) ဦးကို ဖမ်းဆီးထားကြောင်း၊ ထိုဖြစ်စဉ် သည် ဒုချီးရားတန်းရွာမှ ရွာသား (၄) ဦးကို ရှာဖွေစစ်ဆေးရန် ကြိုးစားရာမှ အခင်းဖြစ်ပွားခြင်းဖြစ်ကြောင်း၊ ထိုရွာသား (၄) ဦးသည် ဘင်္ဂါလီ (၈) ဦး၏ အလောင်းများကိုတွေ့ရှိ ဓါတ်ပုံရိုက်ယူခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ လက်ရှိတွင် ရဲတပ်ဖွဲ့ဝင်တစ်ဦး ပျောက်ဆုံးနေကြောင်း၊ ရဲတပ်ဖွဲ့များနှင့် ရွာသားများ၏ ပဋိပက္ခ အတွင်း လူ (၈) ဦးခန့် ထပ်မံသေဆုံးခဲ့ကြောင်း၊ ဒုချီးရားတန်းရွာသားများ ယခု အချိန်တွင် ထွက်ပြေးနေကြကြောင်း ရေးသားတင်ပြထားပါသည်။

၅.၃.၁၆။ ၁၈.၁.၂၀၁၄ ရက်နေ့တွင် နိုင်ငံတကာမီဒီယာ တစ်ခုဖြစ်သည့် VOA တွင်လည်း မောင်တောမြို့ ဒူချီးရားတန်းဖြစ်စဉ်တွင် ရဲတပ်ဖွဲ့နှင့် ရွာသားများ၊ ထိပ်တိုက် ရင်ဆိုင်မှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် လူများသေဆုံးရကြောင်း၊ ရွာသားများသည် ၎င်းတို့၏ကျေးရွာများမှထွက်ပြေးရှောင်တိမ်းနေရကြောင်း၊ ယခုကဲ့သို့ အင်အား သုံးဖြေရှင်းခဲ့သည့်ဖြစ်စဉ်များအပေါ် အမေရိကန်ပြည်ထောင်စုအနေဖြင့် စိုးရိမ် မကင်းဖြစ်ရကြောင်း၊ စောင့်ကြည့်လေ့လာရေးအဖွဲ့ကို ယင်းနေရာများသို့ သွားရောက်ခွင့်ပြုရန် လိုအပ်ကြောင်း၊ ရေရှည်တည်တံ့သော အဖြေတစ်ခုကို ဖန်တီးပေးရန် လိုအပ်ကြောင်း၊ တရားဥပဒေစိုးမိုးရေး၊ တရားမျှတရေးနှင့် လူမှု အကူအညီများပေးရေးတို့ကို အရေးတယူ ဆောင်ရွက်ရန် လိုအပ်ကြောင်း ဖော်ပြ ထားပါသည်။

## ၅.၄။ ဖမ်းဆီးနှိပ်စက်ပြုမှုများ ပြုလုပ်သည်ဆိုသည့်ကိစ္စ

၅.၄.၁။ ၃.၁.၂၀၁၄ ရက်နေ့တွင် ကျောက်တော်မြို့မှ မောင်တောဒေသသို့ အလုပ်လုပ်ရန် ဝင်ရောက်လာသော ဘင်္ဂလီလူမျိုး (၄၄) ဦးမှ (၈) ဦးကို ကင်းချောင်းရွာ အုပ်ချုပ်ရေးမှူး ဦးအောင်ဖုံမြ ဦးဆောင် သည့် ရခိုင်ရွာသားများက ဖမ်းဆီးကာ ၎င်း၏နေအိမ်တွင် အစားအစာမကျွေးဘဲ နှိပ်စက်သတ်ဖြတ်ခဲ့ကြောင်းကို ကင်းချောင်းကျေးရွာသို့ သွားလာလုပ်ရှားနေသော အနီးအနား မူဆလင်ကျေးရွာ များမှ ရွာသားများကတွေ့ရှိခဲ့ကြောင်း ကုလသမဂ္ဂ၏ အစီအရင်ခံစာတွင်ရေးသား ဖော်ပြထားပါသည်။

၅.၄.၂။ **၁၄.၁.၂၀၁၄ ရက်တွင် ဧရာဝတီ** သတင်းစာမျက်နှာတွင်လည်း မောင်တောမြို့နယ် ဒူချီးရားတန်းကျေးရွာတွင် ရဲများနှင့် ရခိုင်များက ဘင်္ဂါလီအမျိုးသမီးတစ်ဦးကို မတရားပြုကျင့်ကြောင်း၊ ပစ္စည်းများကို လုယက်ကြကြောင်း၊ ရှန်းရင်းဆန်ခတ် ဖြစ်ပွားမှုကြောင့် ဘင်္ဂါလီ (၂) ဦးသေဆုံးသွားကြောင်း၊ ယခုအခါ ကျေးရွာကို တပ်မတော်နှင့် ရဲတပ်ဖွဲ့များက ဝိုင်းထားပြီဖြစ်ကြောင်း ဖော်ပြထားပါသည်။

၅.၄.၃။ (၁၅.၁.၂၀၁၄) ရက်နေ့တွင် ချောင်းတစ်ခုအတွင်း ဘင်္ဂါလီများအား သတ်ထား သည်ကို ဒူချီးရားတန်းကျေးရွာမှ ဘင်္ဂါလီရွာသားတစ်ဦးက လက်ကိုင်ဖုန်းဖြင့် ဓါတ်ပုံရိုက်ယူခဲ့၍ ယင်းလက်ကိုင်ဖုန်းအား ရဲတပ်ဖွဲ့ဝင်များက သိမ်းယူရန်လာ

ရောက်ရာမှ ရွာသားများနှင့် ရဲတပ်ဖွဲ့ဝင်များ ပြဿနာဖြစ်ပွားသည်ဟု **မူဆလင်လူငယ်Facebook** စာမျက်နှာများတွင် ပြောင်းလဲ ဖော်ပြလာခဲ့ကြပါသည်။

၅.၄.၄။ ကွင်းဆင်းလေ့လာမှုများအတွင်း ဒုချီးရားတန်းကျေးရွာမှ အမျိုးသားတစ်ဦးက ကင်းချောင်းရွာမှ အုပ်ချုပ်ရေးမှူးသည် မိမိတို့အား မကြာခဏဆိုသလို ရိုက်နှက် နှိပ်စက်မှုများရှိကြောင်း၊ ထို့ပြင် ဒုချီးရားတန်းကျေးရွာ စျေးဆိုင်များမှ ပစ္စည်းများကို ငွေကြေးမပေးဘဲ အဓမ္မယူဆောင်မှုများလည်း ရှိကြောင်း၊ ကျေးရွာအနီးရှိ သစ်တောများတွင် ထင်းခုတ်ရာတွင်လည်း ရဲတပ်ဖွဲ့ဝင်များဖြင့် ပေါင်းကာ ငွေကြေး တောင်းခံမှုများရှိကြောင်း ပြောဆိုပါသည်။

၅.၄.၅။ ကွင်းဆင်းလေ့လာ မေးမြန်းမှုတွင် ဒုချီးရားတန်းရွာမှ မူဆလင် အမျိုးသမီး တစ်ဦး က ရဲတပ်ဖွဲ့ဝင် များနှင့် ရခိုင်လူမျိုး ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ၎င်းအား ရိုက်နှက် ကြောင်း၊ ကျေးရွာအတွင်း မနေနိုင်အောင် ရွာသားများအား မောင်းထုတ်မှုများ ပြုလုပ်ကြောင်း ဖြေဆိုကြပါသည်။ ထို့ပြင် အခြားမူဆလင် အမျိုးသမီးတစ်ဦး ကလည်း ၎င်း၏ အမျိုးသားဖြစ်သူနှင့် အဖိုးအိုတစ်ဦးအား ရဲများက ဖမ်းဆီး ခေါ်ဆောင်သွားသည်ကို မျက်မြင်တွေ့ရှိ ခဲ့ရကြောင်း ပြောဆိုပါသည်။

## ၅.၅။ ရွာသားများပိုင်ပစ္စည်းများ လုယက်ဖျက်ဆီးသည်ဟုစွပ်စွဲသည့်ကိစ္စများ

၅.၅.၁။ ကွင်းဆင်းလေ့လာမှုများအတွင်း တွေ့ဆုံမေးမြန်းခဲ့သည့် ဒုချီးရားတန်းရွာမှ အမျိုးသမီးအများစုက (၁၃.၁.၂၀၁၄) ရက်နေ့ ဖြစ်စဉ်အတွင်း ဒုချီးယားတန်း ကျေးရွာမှ ရွာသားများပိုင် ရွှေ၊ ငွေ၊ ကျွဲ၊ နွားနှင့် ပစ္စည်းများကို ရဲတပ်ဖွဲ့ဝင်များနှင့် ရခိုင်များက ယူဆောင်သွားကြောင်းကို ပြောဆိုပါသည်။

၅.၅.၂။ ကွင်းဆင်းလေ့လာမှုအတွင်း မောင်တောဒေသခံ အချို့က(၁၃.၁.၂၀၁၄) ရက်နေ့ ဖြစ်စဉ်တွင် အနီးအနား ကျေးရွာများမှ ရွာသားများသည် ဒုချီးရားတန်းရွာမှ လုယက်ယူဆောင်လာသော ပစ္စည်းများကို မြို့သူကြီးကျေးရွာစျေးနှင့် လေးမိုင်စျေး တို့တွင် သက်သာသောစျေးနှုန်းဖြင့် လာရောက်ရောင်းချကြကြောင်း ပြောဆိုကြ ပါသည်။

၅.၅.၃။ ကွင်းဆင်းလေ့လာမှုများအတွင်း ဒေသခံ မူဆလင်ရွာသားတစ်ဦးက ၎င်းတို့ ပိုင်ဆိုင်သော နွား (၆) ကောင်၊ ရွှေ (၂) ကျပ်သားနှင့် ငွေသား (၇၀၀၀၀၀)

ကျပ်အား ရဲတပ်ဖွဲ့ဝင်များနှင့် ရခိုင်အကြမ်းဖက် သမားများက ယူဆောင်သွား ကြောင်း ပြောဆိုပါသည်။

၅.၅.၄။ ထို့ပြင် ဒေသခံရွာသားအချို့က ရခိုင်များအနေဖြင့် မူဆလင်ကျေးရွာများတွင် ရွာသားများပိုင်ဆိုင်သသော ကျွဲနွားများကို သတ်ဖြတ်၍ စားသောက်မှုများကို ပြုလုပ်ခဲ့ကြောင်း ပြောဆိုကြပါသည်။

၅.၅.၅။ မူဆလင်အမျိုးသမီးတစ်ဦးက ၎င်းပိုင်ဆိုင်သော နွား(၁၀) ကောင်ကို ရဲတပ်ဖွဲ့နှင့် ရခိုင်အစွန်းရောက်သမားများက လုယက်ယူဆောင်သွားသည်ကို ပြောဆိုပါသည်။

## ၅.၆။ ဒုချီးရားတန်းအနောက်ရွာအား မီးရှို့ဖျက်ဆီးသည်ဆိုသည့်ကိစ္စ

၅.၆.၁။ ၂၈.၁.၂၀၁၄ ရက်နေ့ ညပိုင်းတွင် ပြည်တွင်းပြည်ပရှိ မြန်မာနိုင်ငံမူဆလင်အရေး လှုပ်ရှားတက်ကြွသူများ၏ Facebook စာမျက်နှာများတွင် ဒုချီးရားတန်းအနောက် ရွာအား လုံထိန်းရဲတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးနေကြောင်း ဖော်ပြကြပါသည်။

၅.၆.၂။ ဘူးသီးတောင်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကလည်း DVB သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်းအစီအစဉ်တွင် ကျေးရွာတွင် လုံခြုံရေးတာဝန် ကို ရဲတပ်ဖွဲ့ဝင်များကယူထားကြောင်း၊ ရဲများက ဒုချီးရားတန်း အနောက်ရွာအား မီးရှို့ ဖျက်ဆီးနေသည်ကို ဒေသခံရွာသားများက မိမိထံသို့ တိကျသေချာစွာ ဖုန်းဖြင့် သတင်းပေးပို့ ထားကြကြောင်း ဖော်ပြပါရှိပါသည်။

၅.၆.၃။ (၂၈.၁.၂၀၁၄) ရက်နေ့ဒုချီးရားတန်းအနောက်ရွာ မီးလောင်မှုတွင် နေအိမ် (၇) လုံး (၈)လုံးပတ်ဝန်းကျင် လောင်ကျွမ်းခဲ့ပြီး ရခိုင်အကြမ်းဖက်များနှင့် ရဲများကရှို့ သည်ဟု Rvisoon,Rohingya blog , The Stateless , The Burma Time စသည့် အွန်လိုင်း သတင်းဌာနအများအပြားတွင် ဖော်ပြထားပါသည်။ အဆိုပါ သတင်းဌာနများ အားလုံးတွင် ဖော်ပြထားသည်မှာ ဒုချီးရားတန်း အနောက်ရွာ မီးလောင်စဉ်တွင် စစ်သား ၃၀၀ ခန့်နှင့် လုံထိန်းများကရွာကို ပိတ်ဆို့ထားကာ၊ အပြစ်မဲ့ ရွာသား ၅၀ ပတ်ဝန်းကျင်သေဆုံးခဲ့ပြီး ၃၀၀ ကျော်ပျောက်ဆုံးနေသည် ဟူ၍ဖြစ်သည်။

၅.၆.၄။ RBnews သတင်းတွင် ဒုချီးရားတန်းဖြစ်စဉ် မီးရှို့သူကို ပြောပြသူ မျက်မြင် သက်သေ အသက် (၆၀) အရွယ် အမျိုးသမီးကို မြန်မာအစိုးရတပ်များက

သတ်ဖြတ် ပစ်ခဲ့ကြောင်း၊ အလောင်းကို ဂေါ်ဒူသာရ ရွာတံတားအရှေ့ဘက်တွင် တွေ့ရကြောင်းရေးသားထားပါသည်။

၅.၆.၅။ ဒုချီးရားတန်းအနောက်ရွာတွင်ဖြစ်ပွားခဲ့သော မီးလောင်မှုသည် သာမန်ပေါ့ဆမီး မဟုတ်ဘဲ ထိုဒေသတွင် လုံခြုံရေးတာဝန်ယူနေသော ရဲတပ်ဖွဲ့ဝင်များနှင့် ရခိုင်များ က ရှို့ခြင်းဖြစ်ကြောင်း၊ မီးလောင်နေစဉ်တွင်လည်း ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသ ဆိုင်ရာ အာဏာပိုင်များက ကူညီငြိမ်းသတ်ပေးခြင်းမရှိကြောင်း မောင်တော မြို့ပေါ် ဒေသခံ မူစလင်များကစွပ်စွဲ ပြောဆိုခဲ့ပါသည်။

၅.၆.၆။ ကွင်းဆင်းလေ့လာမှုအတွင်း ဒုချီးရားတန်းအနောက်ရွာရှိ မူဆလင် အမျိုးသမီး တစ်ဦးမှ (၂၈.၁.၂၀၁၄) ရက်နေ့ မီးလောင်မှု ဖြစ်စဉ်တွင် ၎င်း၏ ခင်ပွန်းဖြစ်သူမှာ ပျောက်ဆုံးနေကြောင်း၊ ယခုအချိန်အထိ မရှာတွေ့သေးကြောင်း၊ မီးရှို့နေစဉ် ရခိုင်များကရွာထဲတွင် လူများမနေနိုင်အောင် လိုက်လံမောင်းထုတ်သဖြင့် အနီးရှိ ချောင်းကို ဖြတ်ပြေး ခဲ့ရကြောင်း၊ ချောင်းကို ဖြတ်ပြေးစဉ် ကလေးငယ် (၁၅) ဦးခန့် ရေနစ်သေဆုံးခဲ့ရကြောင်း၊ သေဆုံးခဲ့သော ကလေးငယ်များ၏ မိခင်များသည် အခြားဒေသများသို့ ထွက်ပြေးသွားခြင်းကြောင့် မည့်သည်နေရာတွင် ရောက်ရှိနေ သည်ကို မိမိအနေဖြင့် မသိရှိနိုင်ကြောင်း ပြောဆိုခဲ့ပါသည်။

၅.၆.၇။ ကွင်းဆင်းလေ့လာမှုအတွင်း ဒုချီးရားတန်းကျေးရွာမှ မူဆလင်အမျိုးသမီးတစ်ချို့ က ဒုချီးရားတန်းအနောက်ရွာ မီးလောင်မှုဖြစ်စဉ်တွင် ရခိုင်များသည် မူဆလင် နေအိမ်များကို ဓါတ်ဆီပုလင်းများဖြင့် ပစ်ပေါက်ကာ မီးရှို့ဖျက်ဆီးနေကြသည်ကို မိမိတို့အနေဖြင့် ဝါးတစ်ရိုက်အကွာမှ တွေ့မြင်ခဲ့ရကြောင်း ပြောဆိုကြပါသည်။

၅.၆.၈။ ဒုချီးရားတန်းအနောက်ရွာ မီးလောင်မှုဖြစ်စဉ်အတွင်း အဆိုပါရွာတွင် နေထိုင်သော မူဆလင် အမျိုးသမီးတစ်ဦးမှ ရဲတပ်ဖွဲ့ဝင်များသည် ကလေးငယ်များအား ခြေထောက်ဖြင့်နင်းကာ သတ်ဖြတ်ခြင်း၊ ကလေးမိခင်များအား သတ်ဖြတ်ကာ ဂုံနီအိတ်များအတွင်းသို့ ထည့်သွင်းကာ ယူဆောင်သွားသည်ကို တွေ့မြင်ရကြောင်း၊ ယခုအချိန်အထိ မူဆလင်လူပေါင်း (၁၀၀) ကျော် သေဆုံးခဲ့ပြီဖြစ်ကြောင်း ပြောဆို ပါသည်။

## ၆။ ကုလသမဂ္ဂ၏ လျှို့ဝှက်အစီရင်ခံစာပါဖော်ပြချက်များ

၆.၁။ ဒုချီးရားတန်းဖြစ်စဉ်များနှင့်ပတ်သက်၍ ကုလသမဂ္ဂ၏ လျှို့ဝှက်အစီရင်ခံစာ တစ်စောင်ပါ အကြောင်းအရာများအနက် အဓိကကျသောအချက်အချို့အား အောက်ပါ အတိုင်း ကောက်နုတ်ဖော်ပြပါသည်။

၆.၁.၁။(၃.၁.၂၀၁၄) ရက်နေ့တွင် ကျောက်တော်မြို့မှ တရားမဝင် ထွက်ပြေးလာသော မူဆလင် (၄၄) ဦးကို ကင်းချောင်းရွာ အုပ်ချုပ်ရေးမှူး ဦးအောင်ဖုံမြှ ဦးဆောင်သည့် ရွာသားများက ဖမ်းဆီးကာ အစားအစာမကျွေးဘဲ သတ်ဖြတ်မှုတစ်ရပ် ဖြစ်ပွားခဲ့သည်ဟု ဖော်ပြထားပါသည်။ အနီးရှိ မူဆလင်ရွာများမှ ရွာသားများက ကင်းချောင်းရွာသို့ တိတ်တဆိတ်သွားရောက် စုံစမ်းရာမှ သိရှိရကြောင်း တင်ပြထားပါသည်။

၆.၁.၂။ ယင်းသို့ နှိပ်စက်သတ်ဖြတ်ထားသည့် မူဆလင်များ၏ အလောင်းများကို ဒုချီးရားတန်း ကျေးရွာအနီးရှိ ဗုဒ္ဓဘာသာ သင်္ချိုင်းအနီးတွင် တွင်းတူးကာ စွန့်ပစ်ထားမှုကို ဒုချီးရားတန်း ကျေးရွာမှ ရွာသားအချို့က လက်ကိုင်ဖုန်းဖြင့် မှတ်တမ်းတင်ခဲ့သည်။

၆.၁.၃။ထိုလက်ကိုင်ဖုန်းကိုသိမ်းဆည်းရန်အတွက် လုံခြုံရေးနှင့်ကျေးရွာအုပ်ချုပ်ရေးမှူးတို့ဒုချီးရားတန်းရွာကိုသွားရာမှ ရွာသားများဖြင့် ပြဿနာ ဖြစ်ပွားခဲ့သည်ဟု တင်ပြထားပါသည်။

၆.၁.၄။၂၀၁၄ခုနှစ်၊ ဇန်နဝါရီလ(၁၂)ရက်နေ့တွင် ကင်းချောင်းရွာတွင် ဖမ်းဆီးထားသည့် မူဆလင်များအား သတ်ဖြတ်ပြီး သယ်ဆောင်လာသည် ဟု ယူဆရသည့် အထုပ်များကို သယ်ဆောင်လာသည်ဟု ပြောဆိုထားပါသည်။ ထို့ပြင် ကင်းချောင်းရွာအနီးရှိ တောင်ပေါ်တွင် မူဆလင်များအား ကျင်းတစ်ကျင်းထဲတွင် အုန်းလက်များဖြင့် ဖုံးအုပ်ကာ ဖျောက်ဖျက်ထားသည်ကို အနီးရှိမူဆလင်ရွာများမှ ရွာသားများက တွေ့ရကြောင်း ဆိုထားပါသည်။ ထိုနေရာအနီးတဝိုက်တွင် ဓါးကိုင်ဆောင်ထားသော ရွာသားများကိုလည်း တွေ့ရသည်ဟု ပြောဆိုထားပါသည်။

၆.၁.၅။ (၁၃.၁.၂၀၁၄) ရက်နေ့တွင် လုံထိန်းရဲတပ်ဖွဲ့ဝင်များမှ ရွာသားများ၏ လက်ကိုင်ဖုန်းများကို သိမ်းယူရန်ကြိုးပမ်းရာမှ ရွာသားများနှင့် ပြဿနာ

ဖြစ်ပွားခဲ့ပါသည်။ ထိုနေ့ည (၁၀း၃၀) ခန့်တွင် လုံထိန်းရဲတပ်ဖွဲ့ဝင်များနှင့် ခါးကိုင်ထားသော ရခိုင် (၃၀) ဦးခန့် ရောက်ရှိလာသော်လည်း ရွာသားများ ကအော်ဟစ်အကူအညီတောင်းသဖြင့် ပြန်လည်ထွက် ပြေးသွားကြပါ သည်။ တစ်နာရီခန့်ကြာသောအခါ သေနတ်ပစ်သံများ ထပ်မံကြားရ ကြောင်း၊ရခိုင်များသည် ကျေးရွာကိုအရှေ့ဘက်မှ လည်းကောင်း လုံခြုံရေးများသည် အနောက်ဘက်မှလည်းကောင်း နှစ်ဖက်မှ ဝင်ရောက် တိုက်ခိုက်ကြသဖြင့် ဂေါ်ဒူသာရကျေးရွာသို့ ထွက်ပြေးရကြောင်း ရေးသား ထားပါသည်။


၆.၁.၆။ (၁၄.၁.၂၀၁၄) ရက်နေ့တွင် သေဆုံးသူ (၂၀) ဦးခန့်ကို လုံခြုံရေး တပ်ဖွဲ့ဝင် များကသယ်ဆောင်သွားသည်ကိုတွေ့ခဲ့ရကြောင်း၊ထို့နေ့နေ့လည် (၁၁း၃၀) ခန့်တွင်လေးပေပတ်လည် ရေတိုင်ကီအတွင်း ခေါင်းဖြတ် ထားသည့် လူခေါင်း (၁၀)မှ (၁၂)လုံးခန့်ကို ရခိုင်များက သယ်ဆောင်သွားသည်ကို တွေ့ရကြောင်း ရေးသားထားပါသည်။

၎င်းအစီရင်ခံစာပါဖော်ပြချက်များအား နောက်ဆက်တွဲ ဖြင့်ဖော်ပြအပ်ပါသည်။

# ၇။ မြေပြင်ကွင်းဆင်းတွေ့ရှိချက်များနှင့်သုံးသပ်ချက်များ

## ၇.၁။ လုံခြုံရေးတပ်ဖွဲ့များ၏ ဖမ်းဆီး၊ နှိပ်စက်၊ လုယက်မှုများ

၇.၁.၁။ ကွင်းဆင်းလေ့လာမှုများအတွင်း လုံခြုံရေးတပ်ဖွဲ့များ၏ ဖမ်းဆီးနှိပ်စက်မှုများနှင့် ပတ်သက်၍ ဒေသခံ ဘင်္ဂါလီများအား မေးမြန်းရာတွင် ဖြေဆိုသူစုစုပေါင်း (၁၁၂) ဦး၏ (၈၅) ရာခိုင်နှုန်းသည် (၁၃.၁.၂၀၁၄) ရက်နေ့ ဒုချီးယားတန်းကျေးရွာ ဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် ဖမ်းဆီးနှိပ်စက်မှုများရှိကြောင်း ပြောဆိုကြပြီး ကျန် (၁၅) ရာခိုင်နှုန်းသည် အထက်ပါကိစ္စကို လုံးဝမသိရှိကြောင်း ပြောဆိုကြပါသည်။ ကျေးရွာတွင် နေထိုင်သူများအား ပဋိပက္ခများအတွင်း ဖမ်းဆီးနှိပ်စက်သည်ဟု စွပ်စွဲပြောဆိုသူများအနက် လုံခြုံရေးတပ်ဖွဲ့များမှ သတ်ဖြတ်သည်ဟု ပြောဆိုသူ (၉ .၅) ရာခိုင်နှုန်း၊ ရိုက်နှက်သည်ဟု စွပ်စွဲပြောဆိုသူ (၈.၄) ရာခိုင်နှုန်း၊ အပြစ်မဲ့ရွာသားများအား ဖမ်းဆီးသွားသည်ဟု ပြောဆိုသူ (၉ .၅) ရာခိုင်နှုန်းနှင့် ရွာသားများပိုင်ပစ္စည်းများအား လုယက်သည်ဟု ပြောဆိုသူ (၃.၁) ရာခိုင်နှုန်းတို့က ဖြစ်စဉ်များနှင့်တကွ လုံခြုံရေးတပ်ဖွဲ့များအား အခိုင်အမာ စွပ်စွဲပြောဆိုကြပါသည်။ သို့သော်လည်း လုံခြုံရေးတပ်ဖွဲ့များမှ ဖမ်းဆီးနှိပ်စက်၊ လုယက်မှုများ ကျူးလွန်ခဲ့သည်ဟု စွပ်စွဲပြောဆိုထားသော ဖြေဆိုသူများ၏ (၆၉.၅) ရာခိုင်နှုန်းသည် ကျူးလွန်သည်ဟုသာ စွပ်စွဲပြောဆိုပြီး မည်သို့မည်ပုံ ကျူးလွန်ကြောင်းကို အခိုင်အမာ ပြောဆိုနိုင်ခြင်းမရှိပါ။




**ပုံစံ(၁)၊ဒုချီးရားတန်းရွာတွင် ဖမ်းဆီး၊ ရိုက်နှက်၊ လုယက်မှုများနှင့်ပတ်သက်၍စွပ်စွဲမှုပြပုံ**


၇.၁.၂။ လုံခြုံရေးတပ်ဖွဲ့များနှင့် ဆွေးနွေးချက်အရ သိရှိရသည်မှာ (၁၃.၁.၂၀၁၄) ရက်နေ့ ဒုချီးရားတန်းဖြစ်စဉ်တွင် ရဲတပ်ကြပ်ကြီးအောင်ကျော်သိန်းနှင့် ၎င်းကိုင်ဆောင်သော လက်နက်၊ ခဲယမ်းများကို ပြန်လည် ရရှိရေးအတွက် လုံခြုံရေးတပ်ဖွဲ့အင်အား (၂၀၀)ခန့်ဖြင့်ဒုချီးရားတန်းအရှေ့ဘက်မှလုံခြုံရေးတပ်ဖွဲ့တစ်ဖွဲ့သည် လည်းကောင်း၊ တောင်ဘက်မှနေ၍ တပ်ဖွဲ့တစ်ဖွဲ့သည် လည်းကောင်း၊ မြောက်ဘက်မှ နေ၍ တပ်ဖွဲ့တစ်ဖွဲ့သည်လည်းကောင်း၊ အနောက်ဘက်မှနေ၍ တပ်ဖွဲ့တစ်ဖွဲ့သည် လည်းကောင်း၊ နေရာ(၄) နေရာမှ (၁၄-၁-၂၀၁၄) ရက်နေ့မနက်(၀၁း၄၀)ချိန်ခန့်မှ စ၍ဒုချီးရားတန်းကျေးရွာအား တစ်ဆင့်ပြီး တစ်ဆင့် ချဉ်းကပ်ဝင်ရောက်ရှာဖွေမှုများပြုလုပ်ခဲ့ကြသည်ဟုဆိုပါသည်။ ည(၁၂) နာရီခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ရွာအတွင်းသို့ရှင်းလင်းဝင်ရောက်ရန် တပ်စုဖွဲ့ နေစဉ် ဒုချီးရားတန်းတောင် ရွာသားများက တုတ်၊ ဓါးလက်နက် များကိုင် ဆောင်လျက် အော်ဟစ်ဆဲဆိုခြင်း၊ စိန်ခေါ်ခြင်းများ ပြုလုပ်ခဲ့ကြသည့်အပြင် လူစုလူဝေးဖြင့် ပြန်လည်တိုက်ခိုက်ရန် ချဉ်းကပ်လာကြသဖြင့် သေနတ်များ ပစ်ဖေါက်လိုက်သည့်အခါကျမှသာ ပြန်လည်ဆုတ်ခွာသွားကြသည် ဟုဆိုပါသည်။ ထိုသို့ဖြင့် တပ်အင်အားများ ထပ်မံဖြည့်တင်းပြီး ရွာတွင်းသို့ ဝင်ရောက်ရှင်းလင်းရန် ဆက်လက်ဆောင်ရွက်ခဲ့ရာ ဒုချီးရားတန်း အလယ်ရွာ၏ အနောက်ဘက်မှ ချဉ်းကပ်ဝင်ရောက်လာသော လုံခြုံရေးတပ်ဖွဲ့အား ဆူပူသူဘင်္ဂါလီရွာသား အင်အား (၅၀၀) ခန့်မှ တုတ်၊ ဓါးများကိုင်ဆောင်ကြလျက် အော်ဟစ်ဆဲဆူရင်း တိုက်ခိုက်ရန် ဝိုင်းလာကြရာ ကိုက် (၅၀) ခန့်အကွာအထိ ထိပ်တိုက်ရင်ဆိုင်လာခဲ့ကြသဖြင့် သေနတ်များပစ်ဖောက်ကာခြောက်လှန့် လူစုခွဲခဲ့ရကြောင်းရဲတပ်ဖွဲ့အရာရှိများမှ ပြောပြပါသည်။

၇.၁.၃။ ကွင်းဆင်းလေ့လာမှုအတွင်း ဒဏ်ရာရရှိသူများကို တွေ့ရှိခဲ့ရပါသည်။ ဒုချီးရားတန်းကျေးရွာ ဖြစ်စဉ်များတွင် ရဲတပ်ဖွဲ့ဝင်များက နယ်မြေစိုးမိုးရေးအတွက် ကြိုးပမ်းရာတွင် ဆူပူနေသော ဘင်္ဂါလီလူမျိုးများအပေါ် အဓိကရုဏ်းနှိမ်နင်းရေး လုပ်ငန်းစဉ်များအတိုင်း ရှင်းလင်းခဲ့ရခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရဲတပ်ကြပ်ကြီးအောင်ကျော်သိန်းအားပြန်လည်တွေ့ရှိရေးကိုဇောဖြင့် တစ်အိမ် တက်ဆင်းအားထည့် ဆောင်ရွက် ရှာဖွေကြခြင်း၊ ညအမှောင်အတွင်း ရွာသားများ ကြောက်လန့်၍ ထွက်ပြေးကြရသည်ဟု ထွက်ဆိုချက်များစွာ ရှိနေသည့်အပြင် ဒုချီးရားတန်းကျေးရွာအနီး လယ်ကွင်းများတွင် ရေတွင်းငယ်များစွာ တူးထားကြသဖြင့် မတော်တဆ ပြုတ်ကျဒဏ်ရာ ရရှိနိုင်ခြင်း စသည့် အခြေအနေများ ရှိနေသည်ကို

လေ့လာ သုံးသပ်ရပါသည်။ ညအမှောင်ထဲ၌ အခင်းဖြစ်ပွားနေခြင်း၊ မြေပြင်တွင် ထိခိုက်ဒဏ်ရာရဖွယ် ရေတွင်းများရှိနေခြင်းနှင့် ရှုပ်ထွေးနေသော အခြေအနေ တစ်ရပ်ရှိနေခြင်း၊ သေနတ်ဖြင့် ခြောက်လှန့်ပစ်ခတ်ရသည်များ ရှိခဲ့သဖြင့် ဒဏ်ရာ ရရှိမှု တစ်ချို့ ရှိနိုင်ပါသည်။

## ၇.၂။ ဒုချီးရားတန်းကျေးရွာဖြစ်စဉ်တွင် သေဆုံးမှုများရှိသည်ဟုစွပ်စွဲမှုများ

၇.၂.၁။ (၁၃.၁.၂၀၁၄)ရက်နေ့ဒုချီးရားတန်းကျေးရွာတွင် ဖြစ်ပွားခဲ့သော ဖြစ်စဉ်များအတွင်း ဖြေဆိုသူစုစုပေါင်း (၁၁၂) ဦးအနက် (၈၈.၄) ရာခိုင်နှုန်းက ဘင်္ဂါလီရွာသားများ သေဆုံးခဲ့သည်ဟု ပြောဆိုကြပြီး၊ ကျန်ဖြေဆိုသူ (၁၁.၆) ရာခိုင်နှုန်းသည် ဒုချီးရားတန်းကျေးရွာတွင် သေဆုံးမှုများ ရှိသည်ကို မသိရှိကြောင်း ပြောဆို ကြပါသည်။သေဆုံးမှုများရှိသည်ဟု ဖြေဆိုသူများအနက် (၂၆.၃) ရာခိုင် နှုန်းသည် သေဆုံးသူအရေအတွက်ကို တိကျစွာပြောဆိုနိုင်ကြပြီး၊ အခြား ဖြေဆိုသူ(၇) ရာခိုင်နှုန်းသည် သေဆုံးမှုများရှိကြောင်း အခိုင်အမာ ပြောဆိုနိုင် သော်လည်း အရေအတွက် အတိအကျ ပြောဆိုနိုင်ခြင်းမရှိပါ။ သေဆုံးမှုများ ရှိသည်ဟု ဖြေဆိုသူ (၆၆.၇)ရာခိုင်နှုန်းသည် သတင်းအချက်အလက်များကို တဆင့်ခံကြား သိရခြင်းများသာဖြစ်ပြီး မည်သည့်ဖြစ်စဉ်အကြောင်းအရာကိုမျှ တိကျ သေချာစွာ သိရှိခြင်းမရှိကြပါ။




**ပုံ(၂)။ ဒုချီးရားတန်းကျေးရွာတွင် သေဆုံးမှုနှင့်ပတ်သက်၍ စွပ်စွဲမှုပြပုံ**

၇.၂.၂။ သေဆုံးမှုများနှင့်ပတ်သက်၍ (၁၆.၁.၂၀၁၄) ရက်နေ့တွင် အမေရိကန်နိုင်ငံတွင် နေထိုင်သော Robert Elhose ၏ facebook စာမျက်နှာတွင် ဒုချီးရားတန်း ဖြစ်စဉ်အတွင်း သေဆုံးသူ (၂၀) ဦး၏ စာရင်းအား အမည်၊ အဘအမည်နှင့် အသက်များကို ဖော်ပြထားခဲ့ပါသည်။ ထိုဖော်ပြထားသည့်စာရင်းအား မောင်တော မြို့နယ် ဒုချီးရားတန်းရွာရှိ အိမ်ထောင်စု မှတ်တမ်းစာရင်းများဖြင့် တိုက်ဆိုင် စစ်ဆေးသည့် အခါ အင်တာနက်စာမျက်နှာတွင် ဖော်ပြထားသော စာရင်းများသည် ကျေးရွာမှတ်တမ်းများတွင် မှတ်ပုံတင်ထားခြင်းမရှိသကဲ့သို့ ဖော်ပြထားသော လူ ပုဂ္ဂိုလ်များသည်လည်း ထိုကျေးရွာတွင် နေထိုင်ခြင်းမရှိသည်ကို တွေ့ရှိခဲ့ရ ပါသည်။ ကွင်းဆင်းလေ့လာမှုများအရ ဒုချီးရားတန်းရွာတွင် နေထိုင်သူများအား (၁၃.၁.၂၀၁၄) ရက်နေ့ည ပဋိပက္ခဖြစ်စဉ်များအတွင်း ၎င်းတို့၏ မိသားစုဝင်များ သေဆုံးရခဲ့မှုရှိမရှိ မေးမြန်းရာ ဒုချီးရားတန်းမြောက်ရွာတွင် နေထိုင်သော ဒေါ်အာရေးရှား ဆိုသူက ၎င်း၏ခင်ပွန်းဖြစ်သူ မာမွတ်ရော်ဖီးအား ရဲတပ်ဖွဲ့ဝင်များက သတ်ဖြတ်၍ အလောင်းအား တရွတ်တိုက်ဆွဲယူသွားခဲ့သည်ကို ၎င်းကိုယ်တိုင်မြင် တွေ့ခဲ့ရ ကြောင်း ပြောဆိုခဲ့ပါသည်။ ထိုအချက်အား အတည်ပြုနိုင်ရန်အတွက် ကျေးရွာ အိမ်ထောင်စုစာရင်းများတွင် ရဲတပ်ဖွဲ့ဝင်များနှင့်တူ ကျေးရွာအုပ်ချုပ်ရေး တာဝန်ရှိ သူများဖြင့် ဝိုင်းဝန်းရှာဖွေခဲ့ရာ

မာမွတ်ရော်ဖီးဆိုသူမှာ ဒုချီးရားတန်း ဖြစ်စဉ်များအတွင်း သံသယရှိသူတစ်ဦးအနေဖြင့် မောင်တောရဲစခန်းတွင် ထိန်းသိမ်းခံထားရသူ တစ်ဦးဖြစ်သည်ကို တွေ့ရှိခဲ့ရပါသည်။ တဖန် လူ့အခွင့်အရေး ကော်မရှင်၏ ခရီးစဉ်အတွင်း ဒုချီးရားတန်းဖြစ်စဉ်တွင် သေဆုံးသူ (၅၂) ဦး၏ အမည်စာရင်းများအား ပေးအပ်ခဲ့သည်ဟု RB News တွင် ဖော်ပြထားသည်ကို တိုက်ဆိုင် စစ်ဆေးရာ သေဆုံးသူအမည်များအနက် (၅) ဦး၏ အမည်ကိုသာ ရှာဖွေတွေ့ရှိခဲ့ပြီး ကျန် (၄၇) ဦး၏ အမည်များကိုမူ မှတ်တမ်းစာရင်း များတွင် မတွေ့ရှိခဲ့ရပါ။ တွေ့ရှိရသော သေဆုံးသူ (၅)ဦးအား မှတ်တမ်းများဖြင့် ဆက်လက် စစ်ဆေးရာ အဘ အမည် များလွဲမှားနေခြင်း၊ သေဆုံးသူအမည်များ ကျေးရွာ စာရင်းများတွင် မှတ်ပုံတင်ထားခြင်းမရှိခြင်းနှင့် အသက်အရွယ်များ လွဲမှားနေခြင်း တို့ကို တွေ့ရှိခဲ့ရပါ သည်။


၇.၂.၃။ ဒုချီးရားတန်းကျေးရွာ ဖြစ်စဉ်များကြောင့် သေဆုံး၊ ဒဏ်ရာရရှိမှု၊ နေအိမ်ဥစ္စာ ပစ္စည်းများ ပျက်ဆီးဆုံးရှုံးမှု အခြေအနေများနှင့် ပတ်သက်၍ အောက်ပါအတိုင်း သုံးသပ်ရပါသည်-

စွပ်စွဲပြောဆိုမှုများနှင့်ဆက်လျဉ်း၍ ဆက်လက်လေ့လာခဲ့ရာတွင် သေဆုံးသည်ဟု ဖော်ပြထားသူ အချို့မှာ (၁၃.၁.၂၀၁၄)ဖြစ်စဉ်နှင့် ပတ်သက်၍ ဖမ်းဆီးထိန်းသိမ်း ခံထားရသူများ ဖြစ်နေသည်ကို တွေ့ရှိရခြင်း၊ စွပ်စွဲဖော်ပြထားသော ကလေးသေ ဆုံးသူများ၏ အမည်များကို ကျေးရွာအလိုက် မှတ်တမ်းတင်ထားသော အိမ်ထောင် စုစာရင်းများတွင် မှတ်တမ်းမပါရှိသည်ကို စစ်ဆေးတွေ့ရှိရပါသည်။ ထို့အပြင် သေဆုံးသူ အများအပြားရှိသည်ဟု စွပ်စွဲပြောဆိုမှုများ ရှိနေခဲ့သော်လည်း ကော်မရှင် အဖွဲ့၏ ကွင်းဆင်းလေ့လာမှုများအတွင်း သေဆုံးသွားသူ မည်သူတစ် ဦးတစ်ယောက်၏ အလောင်းကိုမျှ မျက်မြင်တွေ့ရှိရခြင်း၊ သတင်းရရှိခြင်း မရှိခဲ့ပါ။ သို့ဖြစ်၍ သေဆုံးမှုများရှိသည်ဟု သတင်းဖြစ်ပေါ်ခဲ့ခြင်းများသည် မြေပြင်တွင် ခိုင်မာသော အထောက်အထား တစ်စုံတစ်ရာ ရှာဖွေတွေ့ရှိခြင်း မရှိခဲ့ပါ။

## ၇.၃။ တပ်ကြပ်ကြီးအောင်ကျော်သိန်းသေဆုံးသည်ဆိုသည့်ကိစ္စ

၇.၃.၁။ (၁၃.၁.၂၀၁၄) ရက်နေ့ ဒုချီးရားတန်းဖြစ်စဉ်များတွင် ခရေမြိုင်ရဲကင်းစခန်းမှ ရဲတပ်ကြပ်ကြီးအောင်ကျော်သိန်း ပျောက်ဆုံးခဲ့သည် ဟူသော ဖြစ်စဉ်နှင့်

ပတ်သက်၍ ကွင်းဆင်း မေးမြန်းရာတွင် ဖြေဆိုသူ ဘင်္ဂါလီ လူမျိုးစုစုပေါင်း (၁၁၂) ဦးအနက်မှ (၂၆.၉ ) ရာခိုင်နှုန်းသည် ထိုဖြစ်စဉ်ကို သေချာစွာ သိရှိသည်ဟု ပြောဆိုကြပြီး ကျန်ဖြေဆိုသူ စုစုပေါင်း၏ (၇၃.၁) ရာခိုင်နှုန်းမှာ ကြားသိရသော်လည်း သေချာစွာ မသိရှိကြောင်း ပြောဆိုကြပါသည်။ ရဲတပ်ကြပ်ကြီး အောင်ကျော်သိန်းကိစ္စနှင့် ပတ်သက်၍ သေချာစွာသိရှိသည်ဟု ဖြေဆိုသူများ အနက်(၂၀) ရာခိုင်နှုန်းသည် သေဆုံးပြီဟူ၍လည်းကောင်း၊ (၅၀) ရာခိုင်နှုန်းသည် ပျောက်ဆုံးဆဲဟု လည်းကောင်း (၃၀) ရာခိုင်နှုန်းသည် သေဆုံးမှုနှင့် သို့မဟုတ် ပျောက်ဆုံးဆဲ ဆိုသည်ကို ကွဲကွဲပြားပြား ဆုံးဖြတ်နိုင်ခြင်း မရှိသေးကြောင်း ပြောဆိုပါသည်။




**ပုံ (၃)။ရဲတပ်ကြပ်ကြီးအောင်ကျော်သိန်းနှင့်ပတ်သက်၍ ရွာသားများ၏သိရှိထားမှုအခြေအနေပြပုံ**

၇.၃.၂။ ရဲတပ်ကြပ်ကြီးအောင်ကျော်သိန်း ပျောက်ဆုံးနေမှုနှင့် ပတ်သက်၍ကွင်းဆင်း မေးမြန်းရာ ဒုချီးရားတန်းရွာတွင်နေထိုင်သူများက တပ်ကြပ်ကြီး အောင်ကျော်သိန်းသည် ဒုချီးရားတန်းရွာတွင် ရွာသားများနှင့် ပဋိပက္ခဖြစ်ပွားကာ အသတ်ခံရသည် ဆိုသည်မှာ မဟုတ်ပါကြောင်း၊ တပ်ကြပ်ကြီးမှာ ကျေးရွာတွင် သေဆုံးခြင်း မဟုတ်ဘဲ အစိုးရမှ တမင်လုပ်ကြံကာ ဘင်္ဂါလီများအား နှိပ်ကွပ်လို၍ ဖန်တီး လုပ်ဆောင်ခြင်းသာဖြစ်ကြောင်း ဖြေဆိုသူဘင်္ဂါလီများက ပြောဆိုကြပါသည်။ ရဲတပ်ကြပ်ကြီးအောင်ကျော်သိန်းနှင့် ပတ်သက်၍ အသက်ရှင်လျက်ရှိသည် သို့မဟုတ် သေဆုံးသွားပြီး ဖြစ်သည် ဆိုသည့် ကောက်ချက်တစ်ခု အခိုင်အမာ

ချမှတ်နိုင်ရန်မှာ လက်ရှိရရှိထားသော အချက်အလက်များသည် တိကျသော မှတ်ချက်တစ်ခုချမှတ်ရန်အတွက်မူ လုံလောက်မှုအားနည်းနေပါသည်။ သို့ရာတွင် ရရှိထားသော အချက်အလက်များအရ အောက်ပါအတိုင်း သုံးသပ်ပါသည်။ ပထမဦးစွာ မောင်တောဒေသရှိ လူအများစုဖြစ်သော ဘင်္ဂါလီလူမျိုးများ၏ မှုခင်း ကျူးလွန်မှုမှတ်တမ်းများကို လေ့လာရန်လိုအပ်သည်ဟု ယူဆကြသဖြင့်မကြာ မမြင့်လှသောကာလက မှတ်တမ်းများကို လေ့လာကြပါသည်။ မောင်တော ရဲစခန်းရှိ ၂၀၀၈ ခုနှစ်မှ ယနေ့လေ့လာသည့်အချိန်အထိ မှုခင်းမှတ်တမ်းများအရ ဒုချီးရားတန်းကျေးရွာသားများက လုံခြုံရေးတပ်ဖွဲ့ဝင် များနှင့်အစိုးရဝန်ထမ်းများ အား ယခုကဲ့သို့ တိုက်ခိုက်သတ်ဖြတ်ခဲ့ဘူးသည့် ဖြစ်စဉ် (၅) ခု ရှိနေသည် ကို လည်း တွေ့ရှိရပါသည်။ ထိုအပြင် ဤဒေသရှိ ဘင်္ဂါလီများ အနေဖြင့်မူ အလားတူ တိုက်ခိုက်သတ်ဖြတ်မှုများစွာ ရှိနေသည့်အပြင် ဓါးပြမှုများ၊ အချင်းချင်း ပြန်ပေး ဆွဲကာ ငွေကြေးတောင်းဆိုမှုစသည့် ပြစ်မှုများကိုလည်း ပြုလုပ်လေ့ ပြုလုပ်ထ ရှိကြောင်း ရဲတပ်ဖွဲ့များထံမှသိရှိ ရပါသည်။ ရဲတပ်ကြပ်ကြီး အောင်ကျော်သိန်းကို ဘင်္ဂါလီများမှ ပြန်ပေးဆွဲခြင်းဖြစ်သည်ဆိုပါက တစ်စုံတစ်ရာ တောင်းဆိုမှုများ သို့မဟုတ် ကြေညာချက်တစ်စုံတစ်ခု ပြုလုပ်မည်ဖြစ်ရာ ယနေ့ချိန်အထိ ထိုသို့ပြုမူ လာခြင်း မရှိသည်ကို ကြည့်ခြင်းအားဖြင့် ရဲတပ်ကြပ်ကြီး အောင်ကျော်သိန်းမှာ ပြန်ပေးဆွဲခံထားရခြင်း ဖြစ်နိုင်ခြေ နည်းပါးကြောင်း သုံးသပ်ရပါသည်။ မောင်တော ရဲစခန်းတွင် အခင်းဖြစ်စဉ်နှင့်ပတ်သက်၍ ရီမန်ဖြင့် ချုပ်နှောင်ထားပြီး မျက်မြင် သက်သေ တစ်ဦးဖြစ်သူ၏ ထွက်ဆိုချက်အရ ရဲတပ်ကြပ်ကြီး အောင်ကျော်သိန်း မှာ ဒုချီးရားတန်းရွာသားများမှ ဝိုင်းဝန်း အကြမ်းဖက် တိုက်ခိုက်ခဲ့ကြသည်ကို မြင်တွေ့ခဲ့ရပြီး ရဲတပ်ကြပ်ကြီး အောင်ကျော်သိန်းထံမှ ဝေဒနာ အပြင်းအထန် ခံစားရခြင်းကြောင့် ညည်းငြူသံကြား နေရသည်ဟုဆိုပါသည်။ ထိုနောက် ရွာသား (၄)ယောက်မှ တပ်ကြပ်ကြီး အောင်ကျော်သိန်းအား ၎င်း၏လက်မှဆွဲကာ လယ်ကွင်းထဲသို့ စိုက်ခင်းပင်များ ရှောင်ကွင်း၍ ဒရွတ်တိုက်ဆွဲသွားသည်ကို မြင်ရကြောင်း ထွက်ဆိုချက်အရ လည်းကောင်း၊ အခင်းဖြစ်ပွားပြီးနောက် တစ်နေ့တွင် ရဲတပ်ကြပ်ကြီး အောင်ကျော်သိန်းအား ဒရွတ်တိုက် ဆွဲသွားသည် ဆိုသည့် လယ်ကွင်းထဲရှိ စွတ်ကြောင်းအတိုင်း သွေးစက်များကျနေသည်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မြင်တွေ့ခဲ့ရခြင်းကြောင့် လည်းကောင်း၊ ရဲတပ်ကြပ်ကြီး အောင်ကျော်သိန်း၏ သွေးစွန်းနေသော ယူနီဖေါင်း အဝတ်အစားများ၊ အပိုင်း အပြတ် ဖြစ်နေသော ပုခုံး သိုင်းကြိုးနှင့်စစ်ဝတ်တန်ဆာများ၊ လယ်ကွင်း ထဲတွင်

ပြန်လည်ရရှိသည့် အလိပ်လိပ် ကျွတ်ကျပုံ ပေါ်နေသည့် အတွင်းခံအဝတ်အစား များကို ကြည့်ခြင်းအားဖြင့် လည်းကောင်း၊ ထိုကဲ့သို့သောအခြေအနေမျိုးတွင် ရဲတပ်ကြပ်ကြီး အောင်ကျော်သိန်းမှာ ဆက်လက် အသက်ရှင်ရန် အခွင့်အလမ်း နည်းပါးသည်ဟု သုံးသပ်ရပါသည်။


၇.၃.၃။ ဖြစ်စဉ်ပါ ရဲတပ်ကြပ်ကြီးအောင်ကျော်သိန်းနှင့်ပတ်သက်၍ ကောက်ယူရရှိသည့် သတင်းအချက်အလက်များအရ စုံစမ်းစစ်ဆေးရေးကော်မရှင်အနေဖြင့် အောက်ပါ အတိုင်းသုံးသပ်ပါသည် -

(က) ရဲတပ်ကြပ်ကြီးအောင်ကျော်သိန်းသည် အခင်းဖြစ်ပွားနေချိန်တွင်အထက် အရာရှိ၏ တရားဝင်ညွှန်ကြားချက်အရ နယ်မြေလုံခြုံရေးအတွက် ပုံမှန် လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေစဉ်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

(ခ) အခင်းဖြစ်နေစဉ်အတွင်း မျက်မြင်သက်သေတစ်ဦး၏ ထွက်ဆိုချက်အရ ရဲတပ်ကြပ်ကြီးအောင်ကျော်သိန်းမှာ ဒုချီးရားတန်းရွာသားများ၏ ဝိုင်းဝန်း အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ဆရာကြီးထံမှာ ဝေဒနာအပြင်းအထန် ခံစားရသည့် ညည်းပြူသံများကို ကိုယ်တိုင်ကြားခဲ့ရသည့်အပြင် လက်မှ ဆွဲကာ လယ်ကွင်းပြင်သို့ ဒရွတ်တိုက် ဆွဲသွားသည်ကို မြင်ရသဖြင့်လည်း ကောင်း၊ ဆရာကြီး၏သွေးစွန်းနေသော ယူနီဖောင်းများနှင့် အပိုင်းပိုင်း ဖြစ်နေသော စစ်ဝတ်တန်ဆာများကို ကြည့်ခြင်းအားဖြင့် လည်းကောင်း တပ်ကြပ်ကြီးအောင်ကျော်သိန်းမှာ အသက်ရှင်ရန် အခွင့်အလမ်း နည်းပါး သည်ဟု သုံးသပ်ပါသည်။ ဓါးစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်ထိန်းသိမ်းထား ခြင်းဖြစ်ခဲ့ပါကလည်း ဆရာကြီးပျောက်ဆုံးခဲ့သည်မှာ အချိန်ကာလ အတိုင်း အတာတစ်ခုအထိ ကြာမြင့်ခဲ့ပြီဖြစ်ရာ ဖမ်းဆီးထားသူများမှ တောင်းဆိုမှု တစ်ခုခုပြုလုပ်ခဲ့ပြီးဖြစ်မည်ဖြစ်သည်။ သို့သော်ယနေ့အချိန်အထိရဲတပ်ကြပ် ကြီးအောင်ကျော်သိန်းနှင့်ပတ်သက်၍ တစ်စုံတစ်ရာတောင်းဆို လာမှုမျိုး မရှိသဖြင့် ဖမ်းဆီးထိန်း သိမ်းထားခြင်းမဖြစ်နိုင်ဟု သုံးသပ် ပါသည်။

## ၇.၄။ ဒုချီးရားတန်းအနောက်ရွာ မီးလောင်မှုကိစ္စ

၇.၄.၁။ ဒုချီးရားတန်းအနောက်ရွာတွင် မီးလောင်သည့်ကိစ္စနှင့်ပတ်သက်၍ ကွင်းဆင်း မေးမြန်းမှုများတွင် ပါဝင်ဖြေဆိုခဲ့သူ ဘင်္ဂါလီလူမျိုး (၁၁၂) ဦးအနက် (၈၇.၅) ရာခိုင်နှုန်းသည် မီးလောင်မှုကို သိရှိကြောင်း ဖြေဆိုကြပြီး ကျန် (၁၂.၅) ရာခိုင်နှုန်းသည် မီးလောင်မှုကို မသိရှိကြောင်း ပြောဆိုကြပါသည်။ မီးလောင်မှု ဖြစ်စဉ်ကို သိရှိကြသည်ဟု ဖြေဆိုသူများအနက် (၅.၁) ရာခိုင်နှုန်းသည် ဒုချီးရားတန်း အနောက်ရွာအား ရဲတပ်ဖွဲ့ဝင်များနှင့်ရခိုင်တို့၏ ပူးပေါင်း ကြံစည်မှု ဖြစ်သည်ဟု ခိုင်မာစွာပြောဆိုကြပါသည်။ မီးလောင်မှုအား သိရှိသည်ဟု ဖြေဆို သော ဘင်္ဂါလီလူမျိုးများအနက် (၁) ရာခိုင်နှုန်းသည် မိမိအိမ်အား ကိုယ်တိုင် မီးရှို့ခြင်းကြောင့် မီးလောင်မှုဖြစ်ပွားခဲ့သည်ဟု ပြောဆိုခဲ့ကြပါသည်။ မီးလောင်မှုကို သိရှိကြောင်း ဖြေဆိုသူ၏ (၁၀.၂) ရာခိုင်နှုန်းသည် ဒုချီးရားတန်းကျေးရွာတွင် ဖြစ်ပွားခဲ့သည့် မီးလောင်မှုသည် ရှို့မီးဖြစ်ကြောင်းကို အခိုင်အမာ သိရှိကြ သော်လည်း မည်သူ့ကြောင့် မီးလောင်ကျွမ်းခဲ့ရသည်ကို ခိုင်ခိုင်မာမာ သိရှိခြင်း မရှိကြပါ။ မီးလောင် ကျွမ်းမှုကို သိရှိသည်ဟု ဖြေဆိုသည့် ဘင်္ဂါလီလူမျိုး (၈၃.၇) ရာခိုင်နှုန်းသည် မီးလောင်ကျွမ်းမှုအကြောင်းကို တဆင့်ခံသာလျှင်သိရှိပြီး မည်သူ့ ကြောင့်နှင့် မည်ကဲ့သို့ လောင်ကျွမ်းခဲ့သည်ကို ပြောဆိုနိုင်ခြင်းမရှိပါ။




ပုံ(၄)။ ဒုချီးရားတန်းအနောက်ရွာမီးလောင်မှုနှင့်ပတ်သက်၍ သိရှိမှုအခြေအနေပြပုံ

၇.၄.၂။ မီဒီယာများတွင် မူဆလင်လူပ်ရှားတက်ကြွသူများမှ ဒုချီးရားတန်းအနောက်ရွာအား ရဲတပ်ဖွဲ့ဝင်များက သေနတ်များဖြင့် ပစ်ခတ်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်သည်ဟူသောစွပ်စွဲချက်များကို ရေးသားကြပါသည်။ ကနဦးသုတေသန ကွင်းဆင်းလေ့လာမှုများ ပြုလုပ်စဉ်ကာလအတွင်း ဒုချီးရားတန်းအနောက်ရွာတွင် လုံခြုံရေးတပ်ဖွဲ့များ ဖြန့်ကျက် နေရာယူထားခြင်း မရှိသည်ကို တွေ့ရပါသည်။ ဒုချီးရားတန်းအလယ်ရွာတွင် တပ်ဖွဲ့များက လုံခြုံရေးတာဝန်ယူထားသဖြင့် ထွက်ပြေးသွားသော ရွာသားများသည် ကျေးရွာတွင်းသို့ ပြန်လည် ဝင်ရောက်နေထိုင်မှုမပြုရဲကြပါ။ ထို့ကြောင့် (၂၃.၁.၂၀၁၄) ရက်နေ့တွင် လုံခြုံရေးဝန်ထမ်းများက ကျေးရွာတွင်းမှ ပြန်လည် ထွက်ခွာသွားပေးခဲ့ပါသည်။ ထိုအချိန်မှစ၍ ကျေးရွာအတွင်းသို့ အမျိုးသမီးအချို့သာ ပြန်လာကြပြီး အမျိုးသားများ ပြန်မလာရဲကြသဖြင့် အဆိုပါ အမျိုးသမီးများနှင့် ကျေးရွာ မီးဘေး၊ လုံခြုံရေးတို့ကို တာဝန် ယူနိုင်ရန် အနီးအနားရှိ ဘင်္ဂါလီကျေးရွာများမှတစ်ရွာလျှင် အမျိုးသား (၂၀) ဦးစီ အလှည့်ကျ စနစ်ဖြင့် ဒုချီးရားတန်းရွာ၏ လုံခြုံရေးအား တာဝန်ယူစေခဲ့ကြပါသည်။

၇.၄.၃။ ကွင်းဆင်းလေ့လာမှုများအတွင်း ဒေသခံဘင်္ဂါလီရပ်မိရပ်ဖများနှင့် တွေ့ဆုံမေးမြန်းရာတွင် မီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ ကွဲပြားစွာပြောဆိုကြပါသည်။ ဒုချီးရားတန်းကျေးရွာ မေးမြန်းမှုများတွင် ရွာသားအများစုမှ ကျေးရွာအားမီးရှို့သူမှာ ရဲတပ်ဖွဲ့ဝင်များ ဖြစ်ကြောင်းကိုသာ ပြောဆိုကြသည်။ ထိုသို့ စွပ်စွဲပြောဆိုရာတွင် ခိုင်မာသည့် သက်သေအထောက်အထားများဖြစ်သည့် ဓါတ်ပုံမှတ်တမ်းများနှင့် ဗီဒီယိုမှတ်တမ်းများကို တင်ပြနိုင်ခြင်းမရှိခဲ့ပါ။ ဖြစ်စဉ်အားမျက်မြင်သက်သေဟု ဆိုသူများကပြောဆိုရာတွင် လူနှစ်ဦးကဆိုင်ကယ်ဖြင့် လာ၍မီးရှို့သည်၊ ဘောင်းဘီဝတ်ထားသော လူ(၁၀) ဦးက လာ၍မီးရှို့သည်ဟု ကွဲပြားစွာ ပြောဆိုမှုများလည်း တွေ့ရပါသည်။ မြို့ပေါ်တွင် ဒေသခံဘင်္ဂါလီရပ်မိရပ်ဖများနှင့် မေးမြန်းရာတွင် ဒုချီးရားတန်းအနောက်ရွာအား မီးရှို့မှုသည် ရဲတပ်ဖွဲ့ဝင်များလည်းမဖြစ်နိုင်သကဲ့ သို့ အိမ်ပိုင်ရှင်ကိုယ်တိုင်လည်း မဖြစ်နိုင်ကြောင်း ပြောဆိုကြပါသည်။ ၎င်းတို့အနေဖြင့် ထိုမီးလောင်မှုသည် နိုင်ငံရေးအရထိုးနက်လိုသည့်သဘောအဖြစ် အစိုးရအား ဆန့်ကျင်သည့် အဖွဲ့တစ်ဖွဲ့မှ ပြုလုပ်ခြင်းဖြစ်သည်ဟု ဆိုပါသည်။

၇.၄.၄။ (၂၈-၁-၂၀၁၄) ရက်နေ့၊ (၂၀၄၅) ချိန်ခန့်တွင် ဒုချီးရားတန်း (အနောက်ရွာ) မီးလောင်မှုနှင့် ပတ်သက်၍ ကွင်းဆင်းလေ့လာမှုများနှင့် ရရှိလာသော သတင်းအချက်အလက်များအရ အောက်ပါအတိုင်း သုံးသပ်ရပါသည်-

(က) ဒုချီးရားတန်း (အနောက်) ကျေးရွာတွင် မီးလောင်ကျွမ်းမှုသည် သာမာန်ပေါ့ဆမီးကြောင့် လောင်ကျွမ်းခြင်းမဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ပထမ မီးလောင်သည့်နေအိမ်တွင် နေအိမ်နှင့် ခြံစည်းရိုးတပြိုင်တည်း လောင်ကျွမ်းခဲ့ခြင်း၊ ပထမမီးလောင်သောနေအိမ်နှင့် ဒုတိယ မီးလောင်သော နေအိမ်တို့သည် အကွာအဝေးအားဖြင့် ကိုက် (၂၀၀) ခန့် ကွာဝေးသဖြင့် သာမန်မတော်တဆမီးထက် ရှို့မီးသာပို၍ ဖြစ်နိုင်ခြေရှိကြောင်း သုံးသပ်ရပါသည်။


(ခ) မီးလောင်နေစဉ် ရဲတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးတာဝန်ရှိသူများက သွားရောက် ကူညီငြိမ်းသတ်ပေးသည်ကို ဓါတ်ပုံ မှတ်တမ်းများအရ သိရှိရပါသည်။ ထို့ပြင် ဒေသခံ ဘင်္ဂါလီအချို့၏ ပြောဆိုချက်များအရ မီးလောင်မှုသည် ရဲတပ်ဖွဲ့ဝင်များနှင့် နေအိမ်ပိုင်ရှင်များက မီးရှို့သည် ဆိုသည်ထက် အစိုးရအား နိုင်ငံရေးအရ သိက္ခာချလိုသည့် သဘောဖြင့် ဆန့်ကျင်ဘက် အဖွဲ့အစည်း တစ်ရပ်ရပ်က ပြုလုပ်သည်ဟု ပြောဆိုမှုများ ရှိနေသည်ဖြစ်ရာ ဒုချီးရားတန်း (အနောက်) ကျေးရွာ မီးလောင်မှုသည် ရဲတပ်ဖွဲ့ဝင်များ ပယောဂထက် နိုင်ငံရေးရည်ရွယ်ချက်တစ်ရပ်ဖြင့် တိုက်ခိုက်လိုသည့် အဖွဲ့အစည်းတစ်ခု၏ တမင်ရည်ရွယ်ချက်ရှိရှိဖြင့် ပြုလုပ်ခြင်းဖြစ်နိုင်ပါသည်။

၇.၄.၅။ ဒုချီးရားတန်း (အနောက်) ကျေးရွာ မီးလောင်သည့် ဖြစ်စဉ်နှင့် စပ်လျဉ်း၍ အခြေအမြစ်မရှိသော မမှန်ကန်သည့် သတင်းထုတ်လွှင့်မှုနှင့် မည်သူတို့က ဆောင်ရွက်သည်ဆိုသည့်ကိစ္စနှင့် ပတ်သက်၍ဒုချီးရားတန်း (အနောက်) ရွာတွင် မီးလောင်နေစဉ် ရဲတပ်ဖွဲ့ဝင်များက ကျေးရွာသို့ သေနတ်ဖြင့် ပစ်ခတ်နေကြောင်း၊ မီးရှို့နေကြောင်း သတင်းရေးသားမှုများကိုအင်တာနက်ပေါ်၌ မူဆလင်လူငယ်များ၏ Facebook စာမျက်နှာများတွင် ရေးသားဖော်ပြကြပါသည်။ ထို့ပြင် ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရွှေမောင်သည် DVB သတင်းဌာနနှင့် တွေ့ဆုံရာတွင် ဒေသခံများ၏ သတင်းပေးချက်အရ ဟုဆိုကာ ရဲတပ်ဖွဲ့ဝင်များမှ ဒုချီးရားတန်းအနောက်ရွာကို မီးရှို့ခြင်းဖြစ်ကြောင်း

သုံးသပ်ပြောကြားချက်များကို အင်တာနက်စာမျက်နှာများပေါ်တွင် ဦးဦးဖျားဖျား တွေ့ရှိခဲ့ရပါသည်။

## ၇.၅။ ဦးအောင်ဇံဖြူနှင့် ရခိုင်များအပေါ် စွပ်စွဲချက်များ

၇.၅.၁။ ကင်းချောင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်ဇံဖြူသည် ဒုချီးရားတန်းကျေးရွာ အနီးတစ်ဝိုက်တွင် ဖြစ်ပွားခဲ့သော ဖြစ်စဉ်များအတွင်း တိုက်ခိုက်နှိပ်စက်လုယက်မှု များကိုပြုလုပ်ခဲ့ကြောင်း ကွင်းဆင်းမေးမြန်းခဲ့ရာတွင် ဖြေဆိုသူဘင်္ဂါလီလူမျိုး (၁၁၂) ဦးအနက် အများစုက ထိုလုပ်ရပ်များကို ပြုလုပ်ကြောင်း ပြောဆိုကြပါသည်။ ထိုသို့ ပြောဆိုရာတွင် ဒုချီးရားတန်းကျေးရွာဖြစ်စဉ်များအတွင်း ဦးအောင်ဇံဖြူအနေဖြင့် သတ်ဖြတ်မှုများကို ပြုလုပ်ခဲ့သည်ဟု ဖြေဆိုသူမှာ စုစုပေါင်းဖြေဆိုသူ၏ (၆.၃) ရာခိုင်နှုန်း၊ ရိုက်နှက်မှုများကို ပြုလုပ်ခဲ့သည်ဟု ဖြေဆိုသူမှာ ဖြေဆိုသူ စုစုပေါင်း၏ (၅.၄) ရာခိုင်နှုန်းနှင့် ဘင်္ဂါလီရွာသားများအား ဖမ်းဆီးခြင်း၊ နေအိမ်များအား မီးရှို့ခြင်းနှင့် ဘင်္ဂါလီ ရွာသားပိုင်ပစ္စည်းများအား လုယက်ခြင်းကို ပြုလုပ်ခဲ့သည်ဟု ဖြေဆိုသူ (၆.၃) ရာခိုင်နှုန်းရှိပါသည်။ ကျန်ဖြေဆိုသူ စုစုပေါင်း၏ (၈၂) ရာခိုင်နှုန်း သည် ဦးအောင်ဇံဖြူ အနေဖြင့် ရာဇဝတ်မှုများအား ဒုချီးရားတန်း ဖြစ်စဉ်အတွင်း ကျူးလွန်ခဲ့ကြောင်းကို တဆင့်ခံ သိရှိမှုများအရသာ ပြောဆိုကြပြီး မည်သို့မည်ပုံ မည်သည့်နေရာတွင် ကျူးလွန် ခဲ့သည်ကို ပြောဆိုခြင်းမရှိပါ။




**ပုံ(၅)။ ဦးအောင်ဖုံဖြူအပေါ် စွပ်စွဲမှုများပြသည့်ပုံ**

၇.၅.၂။ ဦးအောင်ဖုံဖြူအပေါ် စွပ်စွဲသည့်အချို့လူသတ်မှုများမှာ မဖြစ်နိုင်လောက်သည့် စွပ်စွဲမှုများ ဖြစ်နေသည်ကို တွေ့ရှိရပါသည်။ ဥပမာ- ဒေါ်ဟာမီဒါးမှ ဦးအောင်ဖုံဖြူ သည် သူမ၏ ၂ နှစ် အရွယ် ကလေးကိုလုယူကာ၊ လေထဲမြှောက်ပြီး ဓါးရှည်ဖြင့် ခုတ်သတ်လိုက်သည်ဟု စွပ်စွဲခြင်းမျိုး၊ ဒေါ်မာယာနာဟာတူးမှလည်း ဦးအောင်ဖုံဖြူ သည် သူမ၏ ၃ လသား အရွယ်ကလေးနှင့် အတူအိပ်နေစဉ် ဦးအောင်ဖုံဖြူနှင့် ရဲများက သားကိုယူသွားကာ သတ်လိုက်သည်ဟုစွပ်စွဲခြင်းမျိုး၊ ဒေါ်အိုက်ရီ ရှား (အလယ်ရွာ) မှ ဦးအောင်ဖုံဖြူသည် ၂ နှစ် အရွယ်သားကို ည ၁၂ နာရီအချိန်ခန့် တွင် အိမ်ရှေ့၌ ခုတ်သတ်ခဲ့သည်၊ အလောင်းအား မနက် ၈ နာရီအထိတွေ့ရှိနေရ သေးသည်ဆိုသည့်စွပ်စွဲခြင်းမျိုး၊ ဒေါ်ဟာလာမတာတူး(တောင်ရွာ)မှ ဦးအောင်ဖုံဖြူ သည် ရဲများနှင့်အတူဝင်ရောက်လာပြီးသူမ၏သားအား ည ၁၂ နာရီခန့်တွင် ဓါးဖြင့် ခုတ်သည်ဟု စွပ်စွဲခြင်းမျိုး၊ ဒေါ်ရော်ရှီဒါးမှ ဦးအောင်ဖုံဖြူသည် သူမ၏ယောက်ျားမ အား ခန္ဓာကိုယ်ကို နှစ်ပိုင်းပိုင်း၍ သတ်လိုက် သည် ဆိုသည့် စွပ်စွဲချက်မျိုးတို့ကို ကြည့်ပါက ဦးအောင်ဖုံဖြူသည် တစ်ချိန် တည်းတွင် ကွာဝေးသည့် နေရာ (၂) ရာ၌ လူသတ်မှုကို တစ်ပြိုင်တည်း ကျူးလွန် နေသည့် အနေအထားမျိုး ဖြစ်နေသည့်အပြင် သာမန်ထက်လွန်ကဲသော လူသတ် သည့်ပုံစံမျိုးဖြင့် စွပ်စွဲခြင်း

သည် အမှန်တကယ်ဖြစ်ပျက်ခြင်းမဟုတ်ဘဲ ဇာတ်လမ်းဆင်ခြင်းသာ ဖြစ်နိုင်သည် ဟုသုံးသပ်ရပါသည်။

၇.၅.၃။ ကွင်းဆင်းလေ့လာမှုအတွင်း ခရီးသွားဘင်္ဂါလီ (၈) ဦးအား သတ်ဖြတ် လိုက်သည်ဆိုသည့် ကိစ္စနှင့်ပတ်သက်၍ ကျောက်တော်/ ဘူးသီးတောင်/ ရသေ့တောင် ဒေသဘက်မှ တောင်ကျော်ကာ မောင်တောဒေသသို့ ဘင်္ဂါလီများ ဝင်လာရောက်လာသည်ဆိုသည့် သတင်းအား မြို့နယ်အလိုက် စုံစမ်းမေးမြန်းခဲ့ရာ သက်ဆိုင်ရာ ဌာနများတွင် ဘင်္ဂါလီများခရီးထွက်ကြောင်း၊ ပျောက်ဆုံးကြောင်း တိုင်ကြားထားသည့် မှတ်တမ်းအထောက်အထားများ မတွေ့ရပါ။ ထို ဘင်္ဂါလီများကို ရခိုင်များမှ သတ်သည်ကို မြင်တွေ့သူ မျက်မြင်သက်သေများ မတွေ့ခဲ့ရပါ။ ထို့အပြင် သေဆုံးသူများကို မြှုပ်နှံထားသည်ဆိုသည့် သတင်းပါသချိုင်းအနီး တဝိုက်တွင် တောတိုးကာ စစ်ဆေးမှုများ ပြုလုပ်ခဲ့ပါသည်။ ယင်းနေရာသည် လူသူအရောက်အပေါက်နည်းပြီး သဘာဝတောတောင်ပုံစံအတိုင်း တည်ရှိနေပါသည်။ ထိုနေရာတစ်ဝိုက်တွင် သံသယဖြစ်စေနိုင်သည့် နေရာများအားလုံးကို စစ်ဆေးရာမည်သည့် သံသယဖြစ်ဖွယ်အရာကိုမျှ မတွေ့ခဲ့ရပါ။ ထိုကိစ္စနှင့် ပတ်သက်၍ အလောင်းများကိုတွေ့ခဲ့သည့် ဒုချီရားတန်းအလယ်ရွာမှဘင်္ဂါလီရွာသားများသည် ဓါတ်ပုံမှတ်တမ်းတင်ခဲ့ကြောင်း၊ ထိုဓါတ်ပုံသည် ဒုချီးရားတန်း ကျေးရွာရှိ လူတိုင်းတွင် ပျံ့နှံ့နေကြောင်း ကနဦးလေ့လာဆန်းစစ်ချက်များအတွင်း ပြောဆိုခဲ့ ကြပါသည်။ ထိုဓါတ်ပုံများကို ပေးအပ်နိုင်ပါသည်ဟုလည်း ဒုချီးရားတန်းရွာရှိ အမျိုးသမီးများက တွေ့ဆုံစဉ်ပြောဆို အာမခံခဲ့ကြပါသည်။ ထို့ကြောင့် သုတေသန အဖွဲ့မှ ဓါတ်ပုံကို စစ်ဆေးနိုင်ရန် နောက်ရက်များတွင် တောင်းခံခဲ့သော်လည်း ဓါတ်ပုံများမှာ မိမိရွာမှရွာသားများက ရိုက်ခြင်း မဟုတ်ကြောင်း၊ ထို့ကြောင့် လတ်တလော အမြန်ပေးရန် မဖြစ်နိုင်ကြောင်းဟုပြန်ပြောကာ ယခင် ထွက်ဆိုချက်များနှင့် ကွဲလွဲစွာ အကြောင်းပြန်ကြားခဲ့ပါသည်။ သုတေသနအဖွဲ့ ကွင်းဆင်း မေးမြန်းမှုတွင် ဒုချီးရားတန်းရွာသား ဓါတ်ပုံရိုက်ခဲ့သူများထဲမှ (၄) ဦးကို အမည်နှင့်တကွ ပြောပြခဲ့ပါသည်။ ထိုသူများထဲမှ (၃) ဦးကို ကျေးရွာအိမ်ထောင်စုစာရင်းတွင် တိုက်ဆိုင်စစ်ဆေးတွေ့ရှိခဲ့ရပါသည်။ ထို (၃) ဦးစလုံးသည် ကျေးရွာနှင့် ရဲစခန်း မှတ်တမ်းများအရ ယခုဒုချီးရားတန်းဖြစ်စဉ်တွင် ဦးဆောင်သူများအဖြစ် အလိုရှိနေသော တရားခံပြေးများ ဖြစ်နေပါသည်။

၇.၅.၄။ ဒုချီးရားတန်းကျေးရွာအား လုံခြုံရေးအဖွဲ့များနှင့် ရခိုင်ရွာသားများက နစ်ဖက်မှ ဝင်ရောက် တိုက်ခိုက်သည်ဆိုသည့်ကိစ္စကို နိုင်ငံတကာ အဖွဲ့အစည်းများ၏ အစီအရင်ခံစာများနှင့် အင်တာနက်သတင်းမီဒီယာများတွင် ဖော်ပြကြပါသည်။ ယင်းကိစ္စပတ်သက်၍ မြေပြင်လေ့လာမှုများအရ ဖြစ်နိုင်ခြေ အားနည်းပါသည်။ ဤဒေသအတွင်း တိုင်းရင်းသား ကျေးရွာ (၃) ရွာ၊ အိမ်ခြေခန့်မှန်း (၂၆၀) နှင့် ခန့်မှန်းလူဦးရေ (၁၃၀၀) ခန့်နေထိုင်ပါသည်။ ၎င်းတိုင်းရင်းသား ကျေးရွာ (၃) ရွာ ပတ်လည်တွင် ဘင်္ဂါလီရွာကြီး (၄) ရွာ၊ အိမ်ခြေခန့်မှန်း (၃၀၀၀) ခန့်နှင့် လူဦးရေ ခန့်မှန်း (၂၁၀၀၀) ကျော်တို့ကဝန်းရံနေပါသည်။ အခင်းမဖြစ်မီ ထိုဒေသ တွင် ရဲကင်းစခန်း (၂) ခုရှိပါသည်။ ခရေမြိုင်ရဲကင်းတွင်တပ်ဖွဲ့ဝင် (၅) ဦးနှင့် ဂေါ်ဒူသာရ တံတား ရဲကင်းတွင် (၆) ဦး စုစုပေါင်း (၁၁) ဦးသာ ရှိပါသည်။ ထို အချက်ကို ထောက်ရှုသော် ဒေသတွင်း နေရာတိုင်း ပျံ့နှံ့နေထိုင်နေသော ဘင်္ဂါလီ များအား လူနည်းစုရခိုင်များကသွားရောက်တိုက်ခိုက်ရန်ထက် တိုင်းရင်းသား ကျေးရွာများမှာ ခံစစ်အနေအထားဖြင့်သာ နေထိုင်နေရကြောင်း လေ့လာ သုံးသပ် တွေ့ရှိရပါသည်။ ကွင်းဆင်းလေ့လာ မေးမြန်းမှုများအရ နတလ ရွာများတွင် နေထိုင် သူများသည် စိုးရိမ်ထိတ်လန့်နေရကြောင်း၊ ဝန်ထမ်းများအနေဖြင့်လည်း သွားရေးလာရေး လုံခြုံရေးအတွက် စိုးရိမ်ပူပန် နေရကြောင်းဖြေဆိုကြပါသည်။

၇.၅.၅။ ရခိုင်ရွာသားများက ပစ္စည်းများကို လုယက်သည့်ကိစ္စနှင့်ပက်သက်၍ ကွင်းဆင်း လေ့လာမှုအတွင်းတွင် ကျေးရွာလုံခြုံရေး အားနည်းနေချိန်တွင် ပစ္စည်းများကို ခိုးယူရန် ချဉ်းကပ်လာသည်များရှိကြောင်း၊ ပစ္စည်းပျောက်ဆုံးမှုများရှိကြောင်းတို့ကို ရွာသားများက ပြောကြားသည်များရှိပါသည်။ သို့ရာတွင် ရွာသားများ ၎င်းတို့၏ ပစ္စည်းများ ပျောက်ဆုံးမှုနှင့်ပက်သက်၍ ပြောကြားရာတွင် ဖြစ်နိုင်ခြေ နည်းပါးမှုများကို တွေ့ရပါသည်။ ဥပမာအားဖြင့်ဆိုရသော် အမျိုးသမီးတစ်ဦးမှ မိမိနွား(၁၀) ကောင် နေအိမ် တွင်ပျောက်ဆုံးကြောင်း၊ ၎င်းအိမ်အား ကွင်းဆင်းရာတွင် နွား(၁၀) ကောင်အား မွေးမြူထားနိုင်သည့် နေရာနှင့် ခြံနေရာ အကျယ်အဝန်း မရှိကြောင်းတွေ့ရပါသည်။ ခိုးယူလာသော ပစ္စည်းများကို သွားရောက်ရောင်းချသည်ဆိုသည့် နေရာများ ကိုလည်း ကွင်းဆင်း လေ့လာခဲ့ရာတွင် အစားအစာပစ္စည်းများကိုသာ လာရောက် ရောင်းချသည်ဟု ပြောကြားမှုများကိုသာ သိရှိခဲ့ရပါသည်။ အထက်ပါကိစ္စရပ်များ အားလုံးကို ပြန်လည်သုံးသပ်ကြည့်ပါက ရွှေ၊ ငွေ၊ ကျွဲ၊ နွား၊ ပစ္စည်းများ ခိုးယူ

ပျောက်ဆုံးကြောင်းပြောဆိုကြသော်လည်း မြေပြင်အခြေအနေ၊ လူမှုစီးပွားရေး အခြေအနေများအရ ဖြစ်နိုင်ခြေနည်းပါးကြောင်းနှင့် အစားအစာနှင့် မီးဖိုချောင်သုံး ပစ္စည်းများ ခိုးယူခံရနိုင်ကြောင်း လေ့လာသုံးသပ်ရပါသည်။

## ၈။ ရခိုင်ပြည်နယ်၊ မောင်တောဒေသနှင့် အခြားဒေသများတွင် ရေရှည် တည်ငြိမ် အေးချမ်းရေးအတွက် အကြံပြုချက်များ

### ၈.၁။ အကြံပြုချက်(၁)

၈.၁.၁။ ရခိုင်ပြည်နယ်တစ်ဝှမ်းနှင့် လတ်တလောမောင်တောမြို့နယ်၊ ဒုချီးရားတန်းကျေးရွာတွင်ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များသည် ပဋိပက္ခတစ်ခုလုံး၏ အစွန်းထွက်ပြဿနာများသာ ဖြစ်သည်ဟုမြင်ပါသည်။ ပြဿနာ၏ အဓိကအရင်းအမြစ်ကို ဖော်ထုတ် ကိုင်တွယ်ဖြေရှင်းနိုင်မှသာ ရေရှည်တည်ငြိမ်အေးချမ်းမှုရရှိပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင် သွားနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဒုချီးရားတန်းရွာတွင် ဖြစ်ပွားခဲ့သည့် ပြဿနာမျိုးကဲ့သို့ အလားတူပြဿနာများ ထပ်မံ မဖြစ်ပွားစေရေး အတွက် ဒုချီးရားတန်းကျေးရွာပြဿနာတစ်ခုတည်းကို ကိုင်တွယ်ဖြေရှင်းရုံဖြင့် မဖြစ်နိုင်ပါ။ ရခိုင်ပြည်နယ်အနှံ့အပြားတွင် ရခိုင်နှင့်ဘင်္ဂါလီတို့အကြားအစဉ်အဆက် ဖြစ်ပွားနေသော ပြဿနာများကို အမြစ်ပြတ်ရှင်းလင်းနိုင်ရေးကို ဦးစားပေး ဆောင်ရွက် သွားရမည် ဖြစ်ပါသည်။

၈.၁.၂။ ရခိုင်ပြည်နယ်အတွင်းရှိ ရခိုင် နှင့် ဘင်္ဂါလီ များအကြား လူမျိုးရေးပြဿနာများ ဖြစ်ပွားရသည့် အကြောင်းအချက် တစ်ရပ်မှာ ဤဒေသရှိ လူမျိုးစုများအကြား အချင်းချင်း အပြန်အလှန် ယုံကြည်မှု မရှိကြခြင်း ဖြစ်ပါသည်။ဘူးသီးတောင်၊ မောင်တော ဒေသရှိ ရခိုင်လူမျိုးများသည် လူနည်းစုဖြစ်သည့် အတွက်လူများစု ဖြစ်သည့်ဘင်္ဂါလီများမှ ၎င်းတို့ကို အန္တရာယ်ပြုမည်ဟူသော အမြင်မှာ လွတ်လပ်ရေးမရခင် နှစ်များကတည်းကပင် ရှိနှင့်ခဲ့ပြီး၊ ဘင်္ဂါလီ လူမျိုးတို့ အပေါ်တွင် ယုံကြည်မှု နည်းပါးကြပါသည်။ မကြာမီက ရခိုင်လူမျိုး ၅၀၀ ခန့်အား ကောက်ယူခဲ့သည့် စစ်တမ်းအရ ဖြေဆိုသူ ၉၉ ရာခိုင်နှုန်းသည်ဘင်္ဂါလီလူမျိုးများအပေါ် ယုံကြည်မှုမရှိကြသည်ကို တွေ့ရှိရပါသည်။

၈.၁.၃။ ဘင်္ဂါလီများအနေဖြင့်လည်း ရခိုင်လူမျိုးများမှ ၎င်းတို့အား တိုင်းရင်းသားအဖြစ် အသိအမှတ် မပြုခဲ့ခြင်းကြောင့် ကျေနပ်မှုမရှိကြသည်ကို တွေ့ရပြီး ရခိုင်များအပေါ် ၎င်းတို့၏ အကျိုးစီးပွားကို မလိုလားသူများအဖြစ်မြင်ကြပါသည်။ ထိုသို့ လူ့အဖွဲ့အစည်းများအကြား အခြေခံယုံကြည်မှု မရှိကြသည့်တိုင် ဒေသအတွင်းရှိ ရခိုင်နှင့် ဘင်္ဂါလီ လူမျိုးအချို့သည် တစ်ဦးနှင့်တစ်ဦး ပြဿနာမရှိအောင် နေထိုင်လိုကြသည်ကိုလည်း တွေ့ရှိရပါသည်။ အထက်တွင်ဖော်ပြခဲ့သော စစ်တမ်းအရ

စစ်တမ်းတွင် ပါဝင်ခဲ့သူ ရခိုင်လူမျိုး ၇၈ ရာခိုင်နှုန်းသည် ဘင်္ဂါလီများကို ကြိုက် နှစ်သက်မှုမရှိသော်လည်း ထိုဘင်္ဂါလီများနှင့် အတူနေရန် ပြဿနာမရှိကြောင်း ပြောဆိုကြသည်ကိုတွေ့ရပါသည်။သို့သော် လူ့အဖွဲ့အစည်း နှစ်ခုစလုံးရှိ အစွန်း ရောက်သူများက အခြေခံ ယုံကြည်မှုအားနည်းသည်ကို အခွင့်ကောင်းယူကာ သွေးထိုးလှုံ့ဆော်မှုများ ပြုလုပ်ခဲ့ကြသဖြင့် နှစ်ဖက် လူ့အဖွဲ့အစည်းအတွင်း ယုံကြည်မှု ပိုမို နည်းပါးလာကြပါသည်။ အစွန်းရောက်ဝါဒီများအနေဖြင့် မိမိတို့ လူ့အဖွဲ့အစည်းအတွင်းမှ သဘောထားပျော့ပျောင်းသူများကိုပါ အန္တရာယ်ပြု ခြိမ်းခြောက်မှုများ ပြုလုပ်လာသည်ကိုတွေ့ရပါသည်။ ထိုသို့ အန္တရာယ် ပြုမှုများ ကြောင့် သဘောထား ပျော့ပျောင်းသူများကလည်း မိမိ၏သဘောထားကို မပြသ တော့ဘဲ တိတ်ဆိတ်စွာ နေလာကြပါသည်။ အချို့သဘောထား ပျော့ပျောင်း သူများကလည်းသဘောထား တင်းမာသူများအဖြစ်ပြုမူနေထိုင်လာကြပါသည်။ ထို့ကြောင့် အဖွဲ့အစည်းနှစ်ခုစလုံးအတွင်း သဘောထားတင်းမာသူများက ပိုမို ကြီးမားလာပြီး အဖွဲ့အစည်းနှစ်ခုအကြား ရင်ကြားစေ့ရေးမှာ ပို၍ခက်ခဲလာစေ သည်ကို တွေ့ရပါသည်။

၈.၁.၄။ ဤအခြေအနေတွင် အစိုးရအဖွဲ့အစည်းပေါ်သို့ (ရခိုင်နှင့် ဘင်္ဂါလီ)အဖွဲ့၊ နှစ်ဖွဲ့ စလုံး၏ ယုံကြည်မှု ကင်းမဲ့လာမှုများသည်လည်း ပြဿနာများကို ပို၍ဆိုးရွား လာစေပါသည်။ ရခိုင်လူမျိုးများအနေဖြင့် ပြည်ထောင်စုနှင့် ပြည်နယ်အစိုးရ နှစ်ရပ်လုံးသည် ၎င်းတို့လိုအပ်သည့် အထောက်အပံ့များကို မပေးနိုင်သည့်အတွက် မယုံကြည်ကြောင်း ပြောဆိုကြပါသည်။ အချို့ရခိုင်လူမျိုးများကလည်း အစိုးရသည် ဘင်္ဂါလီလူမျိုးများကို စနစ်တကျ မချုပ်ကိုင်နိုင်သဖြင့် အယုံအကြည်မရှိကြောင်း ပြောဆိုကြပါသည်။ အချို့ရခိုင်များက အစိုးရအဖွဲ့သည် နိုင်ငံတကာတွင် မျက်နှာ ရရေးကိုသာ ဦးစားပေး၍ တိုင်းရင်းသားများ၏ လိုအပ်ချက်ကို အလေးမပေးသည့် အတွက် ယုံကြည်အားကိုးဖွယ်ရာမရှိသည့် အစိုးရဟုလည်း ပြောဆိုကြပါသည်။ ရခိုင်ပြည်နယ်အတွင်းရှိ ဝန်ထမ်းများနှင့် ပတ်သက်၍ ရခိုင်တိုင်းရင်းသားများသည် အမြင်ရှင်းလင်းမှုမရှိသည်ကိုလည်း တွေ့ရှိရပါသည်။ ရခိုင်ပြည်နယ်အတွင်း တာဝန် ထမ်းဆောင်နေသော ဩဇာအာဏာရှိသည့် ဝန်ထမ်းများက ဘင်္ဂါလီများ ထံမှ လာဘ်လာဘများယူ၍ ရခိုင်တိုင်းရင်းသားများကို နစ်နာစေသည့် ပြုမူမှုများကို ပြုလုပ်ခဲ့ကြသည်ဟု စွပ်စွဲပြောဆိုကြပါသည်။ ဘင်္ဂါလီများကလည်း အစိုးရသည် ၎င်းတို့အား တိုင်းရင်းသားအဖြစ်သော်လည်းကောင်း၊ နိုင်ငံသားအဖြစ်သော်

လည်းကောင်း လက်မခံလိုဘဲ မိမိတို့ဒေသအတွင်း (သို့မဟုတ်) ဒုက္ခသည် စခန်း များ အတွင်းတွင်သာနေစေလိုကြောင်းနှင့် ၎င်းတို့၏ပြဿနာကို မျှတစွာ ဖြေရှင်း ပေးနိုင်မှုမရှိဟု စွပ်စွဲပြောဆို ထားကြပါသည်။

၈.၁.၅။ ထို့သို့ လူ့အဖွဲ့အစည်းနှစ်ခုသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပေါ်တွင်လည်းကောင်း၊ အစိုးရ အပေါ်တွင်လည်းကောင်း အယုံအကြည်မရှိခြင်းသည် လူ့အဖွဲ့အစည်း နှစ်ခုကြားရှိ ပြဿနာကို ဖြေရှင်းရန် ပိုမိုခက်ခဲလာစေပါသည်။ ဒွန်းရားတန်း ပြဿနာ ဖြစ်ပွား လာရခြင်းမှာ အစိုးရနှင့် ဘင်္ဂါလီလူမျိုးများကြား အပြန်အလှန် ယုံကြည်မှု၊ လေးစား မှု လျော့နည်းလာပြီးဘင်္ဂါလီများအနေဖြင့် အခွင့်အရေးရ လျှင်ရသလို အစိုးရအဖွဲ့ အစည်းများကို ဆန့်ကျင်မှုများ ပြုလုပ်ခြင်းကြောင့် ဖြစ်သည်ကို တွေ့ရှိရပါသည်။ လက်ရှိ အခြေအနေတွင် ရခိုင်နှင့် ဘင်္ဂါလီများ အကြား သဟဇာတ ဖြစ်လာစေရန် အစိုးရမှ ဦးစီးဦးဆောင် ပြုရမည် ဖြစ်ပါသည်။ ဘင်္ဂါလီလူမျိုးများသည် နိုင်ငံတကာ အစိုးရမဟုတ်သည့်အဖွဲ့အစည်း (INGOs)များ အပေါ်တွင် လိုအပ်သည်ထက် ပိုမိုပြီး မှီခိုလိုစိတ်ရှိနေကြပါသည်။ ရခိုင်လူမျိုးများမှ နိုင်ငံတကာ အစိုးရမဟုတ် သည့်အဖွဲ့အစည်းများ (INGOs) သည် ဘက်လိုက်သည်ဟု ထင်မြင်နေကြပါ သည်။ နိုင်ငံတကာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ (INGOs) မှ ဦးစီး ဦးဆောင် ပြုလုပ်၍ ရခိုင်လူမျိုးများနှင့် ဘင်္ဂါလီလူမျိုးများ အကြားရှိ ပြဿနာများကို ဖြေရှင်းရန်မဖြစ်နိုင်ပါ။ အစိုးရအနေဖြင့် လူ့အဖွဲ့အစည်း နှစ်ရပ်စလုံး၏ ယုံကြည်မှု ကို ရရှိအောင် ဆောင်ရွက်နိုင်မှသာ ရခိုင်ပြည်နယ် အရေးအား ထိရောက်စွာ ဖြေရှင်း ပေးသွားနိုင်မည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အစိုးရသည် လူ့အဖွဲ့အစည်း နှစ်ရပ်စလုံး၏ယုံကြည်မှုကို ရရှိလာစေရန်နှင့် လူ့အဖွဲ့အစည်းနှစ်ရပ် အကြား အပြန်အလှန်ယုံကြည်မှုများရှိလာစေရန်အတွက် ကြိုးပမ်း ဆောင်ရွက် သွားရန် လိုအပ်ပါသည်။

၈.၁.၆။ အစိုးရ၏အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့်ရခိုင်နှင့် ဘင်္ဂါလီ လူ့အဖွဲ့ အစည်းနှစ်ခုလုံးမှယုံကြည်မှုများရှိလာစေရန် အောက်ပါကိစ္စရပ်များကို ဆောင်ရွက် သင့် ပါသည် -

(က) အစိုးရအဖွဲ့မှ တာဝန်ရှိသူများအနေဖြင့် ရခိုင်နှင့် ဘင်္ဂါလီများအကြား ပြဿနာများဖြေရှင်းရန်အတွက် လုပ်ဆောင်ရမည့် ကိစ္စရပ်များနှင့်

ပတ်သက်၍ ကတိများပေးထားပါသည်။ အဆိုပါပေးထားသည့် ကတိများ အတိုင်း ဆောင်ရွက်ပေးသင့်ပါသည်။

(ခ) အစိုးရအနေဖြင့် ဒေသအတွင်းရှိ ပြဿနာများကို ဖြေရှင်းနိုင်ရန် လုပ်ငန်း စီမံချက် (Action Plan) တစ်ခုကို စနစ်တကျချမှတ်၍ ဆောင်ရွက်သင့် ပါသည်။ ထိုစီမံကိန်းများကို ဆောင်ရွက်ရာတွင်လည်း ပွင့်လင်းမြင်သာမှု ရှိစွာဖြင့် အကောင်အထည် ဆောင်ရွက်ရန် လိုအပ်ပါသည်။

(ဂ) ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့သည် မိမိတို့လုပ်ရမည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် ရှင်းလင်းစွာ၊ တိကျ ပြတ်သား စွာနှင့် သိသာထင်ရှားစွာဖြစ်စေသော နည်းလမ်းများဖြင့် ဆောင်ရွက်ရ မည်ဖြစ်ပါသည်။

(ဃ) ရခိုင်နှင့် ဘင်္ဂါလီလူမျိုးများအကြား တစ်ဖွဲ့နှင့် တစ်ဖွဲ့ မုန်းတီးမှုများ ဖြစ်ပေါ် လာစေနိုင်သည့် သွေးထိုးလှုံ့ဆော်မှုများပြုလုပ်သည့် သူများကိုလည်း အစိုးရအနေဖြင့် ထိရောက်စွာ ဟန့်တားသည့် အရေးယူမှုများ ပြုလုပ်ရန် လိုအပ်ပါသည်။

## ၈.၂။ အကြံပြုချက် (၂)

၈.၂.၁။ ဘင်္ဂါလီလူမျိုးများ၏ နိုင်ငံသားဖြစ်မှုနှင့်ပတ်သက်သည့်ကိစ္စရပ်များကို ဖြေရှင်းမပေး နိုင်ခြင်းသည်လည်း ရခိုင်ပြည်နယ်အတွင်း အထူးသဖြင့် ဘင်္ဂါလီလူမျိုး များပြား သည့် ဘူးသီးတောင်၊ မောင်တောဒေသအတွင်းတွင် ပြဿနာများကို ပိုမို ရှုပ်ထွေး စေပါသည်။ ရခိုင်လူမျိုးများအနေဖြင့် ဘင်္ဂါလီများ၏ နိုင်ငံသား ဖြစ်တည်မှုကို မဆုံးဖြတ်မီ ၎င်းတို့ကို တရားမဝင်နိုင်ငံခြားသားများအဖြစ် ဆက်ဆံ လိုကြပါသည်။

၈.၂.၂။ ဘင်္ဂါလီများ အနေဖြင့်မူ နိုင်ငံသားအခွင့်အရေးများ မရရှိကြသောကြောင့် မကျေနပ်မှုများရှိကြပါသည်။ နိုင်ငံသားဖြစ်တည်မှုနှင့်ပတ်သက်၍ မရေရာ၊ မသေချာမှုများသည် သဘောထားပျော့ပျောင်းသည့် ဘင်္ဂါလီများကို သဘောထား တင်းမာသူများအဖြစ် ပြောင်းလဲသွားစေပါသည်။ ဘင်္ဂါလီခေါင်းဆောင်များက ပြောကြားရာတွင် ယခုဒုချီးရားတန်းတွင် ဖြစ်ပေါ်ခဲ့သော ပြဿနာသည် ဘင်္ဂါလီ များအနေဖြင့် ရခိုင်အုပ်ချုပ်ရေးမှူးများက တရားမဝင် နိုင်ငံခြားသား များကဲ့သို့ နှိမ့်ချဆက်ဆံမှုနှင့် တစ်စိတ်တစ်ပိုင်း ပတ်သက်မှုရှိကြောင်း စုံစမ်းစစ်ဆေးရေး

ကော်မရှင်မှ တွေ့ဆုံမေးမြန်းခဲ့သည့် ဘင်္ဂါလီလူမှုရေးခေါင်းဆောင်အများစုမှ ပြောကြားခဲ့ကြပါသည်။ နိုင်ငံသားဖြစ်တည်မှုနှင့် ၎င်းတို့၏ အနာဂတ် မရေရာမှုများသည် ဘင်္ဂါလီလူမျိုးများကို အစိုးရနှင့် ရခိုင်ဆန့်ကျင်ရေးပြုလုပ်သည့် Rohingya Solidarity Organization(RSO) သောင်းကျန်းသူများနှင့် အခြားအဖွဲ့အစည်းများကို သူရဲကောင်းများအဖြစ် ပိုမြင်လာစေပြီး အစိုးရနှင့် ရခိုင်လူမျိုးများကို သိက္ခာချပြောကြားမှုများ ပို၍လုပ်လာကြသည်ကို တွေ့ရှိရပါသည်။ ဘင်္ဂါလီလူမျိုးအများစုသည် အစိုးရနှင့် ရခိုင်များ သိက္ခာတက်လာစေမည့် ကိစ္စဖြစ်ပါက မည်မျှပင်မှန်ကန်သည်ဖြစ်စေ ထောက်ခံပြောဆိုရန် ဝန်လေးတတ် ကြပြီး အစိုးရနှင့် ရခိုင်များ သိက္ခာကျစေမည့်ကိစ္စဆိုပါက ချဲ့ကား၍သော် လည်းကောင်း၊ မဟုတ်မမှန်ပြောဆိုရန်အတွက်သော်လည်းကောင်း ဝန်မလေး ဖြစ်လာကြသည်ကို တွေ့ရှိရကြောင်း မောင်တောဒေသအတွင်း နေထိုင်ကြသည့် ဘင်္ဂါလီအချို့က ဝန်ခံပြောဆိုကြပါသည်။

၈.၂.၃။ အစိုးရသည် ၁၉၈၂ နိုင်ငံသားဥပဒေနှင့်အညီစိစစ်ပြီး ဘင်္ဂါလီများကို နိုင်ငံသားဖြစ်ခွင့်နှင့် နိုင်ငံသားအခွင့်အရေးများရရှိအောင် ဆောင်ရွက်မည်ဟု ကတိပြုထားသော်လည်း လက်တွေ့ အကောင်အထည်ဖော်ရာတွင် နှောင့်နှေး ကြန့်ကြာမှုများ ရှိနေခြင်းကြောင့် အစိုးရအပေါ် ယုံကြည်မှုများ ယိုယွင်းလာသည်ဟု ဘင်္ဂါလီလူမှုရေး ခေါင်းဆောင်အများစုမှ ပြောကြားသည်ကို တွေ့ရပါသည်။ အဆိုပါ နိုင်ငံသားဖြစ်မှုကိစ္စကို ပြေလည်အောင်ဖြေရှင်းပေးခြင်းမရှိပါက ယခု ဒုချီးရားတန်းတွင် ဖြစ်ပွားခဲ့သကဲ့သို့သော နောက်ထပ်ပြဿနာများဆက်လက်၍ ဖြစ်ပွားနိုင်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့် ဘင်္ဂါလီများ၏ နိုင်ငံသား ဖြစ်မှုစိစစ်ရေးကိစ္စအတွက် နည်းလမ်းများ ရှာဖွေဆောင်ရွက်သွားသင့်ပါသည်။

## ၈.၃။ အကြံပြုချက် (၃)

၈.၃.၁။ မောင်တောမြို့နယ်တွင် လတ်တလောလိုအပ်ချက်တစ်ခုမှာ နေရာဒေသတိုင်းတွင် တရား ဥပဒေစိုးမိုးမှုရှိရေးတို့ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့် ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်ပြောင်းလဲကျင့်သုံးရန် ကြိုးစားနေချိန်ဖြစ်သော်လည်းဒေသ၏ လက်ရှိပကတိအနေအထားများအရ ဓမ္မစက်နှင့် အာဏာစက်ကိုတွဲဖက် ကျင့်သုံးကာ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဦးစားပေးဆောင်ရွက်သွားရန်လိုအပ်နေပါသည်။ ထိုတာဝန်များသည် လုံခြုံရေးတပ်ဖွဲ့များ၊

လူဝင်မှုကြီးကြပ်ရေးဌာန၊ အကောက်ခွန်ဦးစီးဌာနနှင့် အထွေထွေ အုပ်ချုပ်ရေး ဌာနတို့မှ အဓိကထမ်းဆောင်ရမည့် တာဝန်များဖြစ်ပါသည်။

၈.၃.၂။ တရားဥပဒေစိုးမိုးရေးတာဝန်များကို ထမ်းဆောင်ရမည့်ဌာနများ အနေဖြင့် တာဝန်ထမ်းဆောင်နိုင်စေရန်အတွက် ထိထိရောက်ရောက် ကူညီမှုများ ပေးသွားရန်နှင့် စိတ်ဓာတ်မြှင့်တင်ပေးရန်လိုအပ်ပါသည်။ယခုလက်ရှိဘူးသီးတောင်နှင့်မောင်တော ဒေသတွင် တာဝန်ထမ်းဆောင်နေသောဝန်ထမ်းများကို တွေ့ဆုံမေးမြန်းရာတွင် မိမိတို့၏လုပ်ငန်းလိုအပ်ချက်အရ အထောက်အပံ့များမရရှိခြင်း၊ လခ မလုံလောက်ခြင်း၊ မောင်တောကဲ့သို့သောဒေသအတွင်း တာဝန်ထမ်းဆောင်ရန်အတွက် သွားရောက်ရခြင်းသည် ပြစ်ဒဏ်ပေးခံရသကဲ့သို့ ဖြစ်နေခြင်း မောင်တောဒေသအတွင်းရှိအစိုးရဌာနများသည် ရခိုင်နှင့်ဘင်္ဂါလီများအကြားတွင် ဂုဏ်သိက္ခာကင်းမဲ့ရခြင်း၊ ပြည်သူလူထုက မိမိ၏လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များကို ရှင်းရှင်းလင်းလင်းမသိရှိခြင်းတို့ကြောင့် မိမိတို့၏ တာဝန်များကိုထိရောက်စွာ ထမ်းဆောင်လိုစိတ်များ အားနည်းသွားစေသည်ဟု ပြောဆိုကြပါသည်။ ထို့ပြင် တွေ့ဆုံ မေးမြန်းခဲ့သည့် ရခိုင်ခေါင်းဆောင်များ၊ ဘင်္ဂါလီခေါင်းဆောင်များ နှင့် မောင်တောမြို့နေဝန်ထမ်းအချို့ကလည်း ဝန်ထမ်းအများစုသည် ၎င်းတို့ရှိရမည့် အရည်အချင်းများ ပြည့်ဝမှုမရှိကြသဖြင့် ပြည်သူများကကြည်ညိုလေးစားမှု လျော့နည်းကာ၊ တရားဥပဒေစိုးမိုးရေး အပိုင်းတွင်ပါ ထိရောက်စွာ မဆောင်ရွက်နိုင်ကြောင်း ပြောဆိုကြပါသည်။

၈.၃.၃။ ဥပမာ ဘင်္ဂါလီလူမျိုးများသည် လက်နက်ကောင်းမွန်စွာ တပ်ဆင်ထားသည့် တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များကို ကြောက်ကြသော်လည်း လက်နက်ကောင်းများတပ်ဆင်ထားခြင်းမရှိသည့်နယ်မြေရဲများကိုမူအလေးထားမှုအားနည်းသည်ဟုပြောဆိုကြပါသည်။ထို့ပြင်လုံခြုံရေးတပ်ဖွဲ့ဝင်များအကြားတွင် ထိရောက်သောအင်အားသုံး အရေးယူဆောင်ရွက်မှုမျိုးပြုလုပ်ရပါက ဒုက္ခရောက်နိုင်သည်ဟု မှတ်ယူနေကြပါသည်။ ၎င်းတို့သည် တာဝန်များကိုထိရောက်စွာ ကြိုးစား၍ ဆောင်ရွက်ပါကလည်း သက်ဆိုင်ရာဌာနများ၏ အကာအကွယ်ပေးမှုများ အပြည့်အဝမရရှိဟုပြောဆိုကြပါသည်။

၈.၃.၄။ ထို့ကြောင့် ရခိုင်ပြည်နယ်ပဋိပက္ခများ ဖြစ်ပွားနေရခြင်း၏ အကြောင်းရင်း တစ်ရပ်တွင် အစဉ်အဆက်က ဒေသအာဏာပိုင်များ၏ အဖက်ဖက်က အားနည်းချက်

များကြောင့်ဖြစ်ပါသည်။ဥပဒေများ၊လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန် အားနည်းခဲ့ခြင်း၊ ပျက်ကွက်ခဲ့ခြင်း၊ တရားမျှတစွာ စီမံအုပ်ချုပ်ရန် ပျက်ကွက်ခဲ့ခြင်း၊ လူ့ဂုဏ်သိက္ခာများ တန်ဖိုးမထားတတ်ခဲ့ခြင်း၊ ဒေသလူထုအပေါ် စေတနာထားမှု အားနည်းခြင်း၊ ဌာနများမှ မိမိလုပ်ဆောင်ရမည့် တာဝန်များ ကျေပွန်စွာ မထမ်း ဆောင်ခဲ့ခြင်းတို့ဖြစ်ပါသည်။ ဘင်္ဂါလီများသည် လုံခြုံရေးတပ်ဖွဲ့များကို ကြောက်၍ သာ ငြိမ်ဝပ်စွာနေခြင်းဖြစ်ပြီး၊ ဥပဒေကို ကိုယ့်အသိစိတ်ဖြင့် လိုက်နာလို မှုမရှိခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို အခွင့်ရေးရလျှင်ရသလို တိုက်ခိုက်ခြင်းများ ရှိနေ သည်ကိုတွေ့ရပါသည်။ ထိုအားနည်းချက်များကြောင့် တရားဥပဒေ စိုးမိုးရေး လုပ်ဆောင်ရာတွင် အားနည်းခဲ့ပါသည်။ ထိုအားနည်းချက်များကို သင်ခန်းစာ ယူကာ အမြန်ဆုံးပြန်လည်ပြုပြင်ရန် ထိရောက်စွာ တာဝန်ထမ်း ဆောင်မည့်သူ ဝန်ထမ်းကောင်းများ လိုအပ်မည်ဟုမြင်ပါသည်။ မောင်တောကဲ့သို့သော အချိန်မရွေး ပြဿနာကြီးကြီးမားမားတက်နိုင်သည့် မြန်မာနိုင်ငံ၏ အစွန်အဖျား ဒေသများတွင် တာဝန်ထမ်းဆောင်ကြမည့် ဒေသအာဏာပိုင် အကြီးအကဲများကို တာဝန်ပေးခန့်အပ်ရာတွင် သက်ဆိုင်ရာဌာနအလိုက် ဘက်စုံထူးချွန်သူ၊ ရိုးသား ဖြောင့်မတ်တည်ကြည်သူ၊ နောက်တဆင့် ရာထူး တိုးပေး ရန်ရည်ရွယ်ထားသူများ ကိုသာခန့်အပ်ပြီး အဆိုပါဝန်ထမ်းများ၏ လုပ်ငန်း စွမ်းဆောင် ရည်အပေါ်မူတည် ကာ ရာထူးတိုးပေးခြင်း၊ သက်သာကောင်းမွန်သော နေရာဒေသများသို့ ဦးစားပေး ပြောင်းရွှေ့ပေးခြင်း စသည့်ချီးမြှင့်မှုများကို ဆောင်ရွက်ပေးသင့်ပါသည်။ ဂန်ထမ်း တစ်ဦး၏ ရာထူးတာဂန်မှအပ အထူးလုပ်ငန်း တာဂန်တစ်ရပ်ရပ်ကို ထမ်းဆောင် ရသည့်အတွက် ပြည်သူ့ဘဏ္ဍာ ရံပုံငွေမှ ထိုက်တန်သည့် ဥာဏ်ပူဇော်ခ ချီးမြှင့် ငွေများ ထောက်ပံ့သင့်ပါသည်။ လုပ်ငန်း ဆောင်ရွက်ရာတွင် ပွင့်လင်း မြင်သာမှု ရှိရန် လိုအပ်ပြီး၊ လိုအပ်ပါက အချိန်မီ သတင်း ထုတ်ပြန်ရန်လည်း လိုအပ်မည် ဖြစ်ပါ သည်။

**သက်ဆိုင်ရာ ဝန်ထမ်းများ တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်-**

(က) ရခိုင်ပြည်နယ်တွင်ဖြစ်ပွားသည့် ကိစ္စများသည် နိုင်ငံရေး ပြဿနာများ ဖြစ်နေသဖြင့် ဝန်ထမ်းများကို နိုင်ငံရေး နှင့် စပ်လျဉ်းသည့် ကိစ္စများကို ကိုင်တွယ်ဖြေရှင်းနိုင်စေရေးအတွက်နိုင်ငံရေးရာသင်တန်းများပေးသင့်ပါ သည်။

(ခ) လုံခြုံရေးဝန်ထမ်းများအနေဖြင့်လည်း မိမိတို့ ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သည့် ကိစ္စများနှင့်စပ်လျဉ်း၍ ရဲရင့်ပြတ်သားစွာ ဆုံးဖြတ် လုပ်ကိုင်နိုင်ရန်အတွက် လိုအပ်သည့် အဓိကရုဏ်း နှိမ်နင်းရေးသင်တန်းများ၊ အဓိကရုဏ်း နှိမ်နင်းရေးလက်နက်များ တပ်ဆင်ခြင်းများနှင့် စိတ်ဓါတ်မြှင့်တင်ရေးသင်တန်းတို့ကို ပို့ချပေးသင့်ပါသည်။

(ဂ) ဝန်ထမ်းများ၏ လုပ်ပိုင်ခွင့်များနှင့်စပ်လျဉ်းပြီး တည်ဆဲ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိရောက်စွာ လုပ်ကိုင်ခွင့်အပြည့်အဝ ပေးအပ်ထားသင့်ပါသည်။

(ဃ) နိုင်ငံတော်၏ ချမှတ်ထားသောမူဘောင်များအတွင်း လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်ပြုရပါမည်။

(င) ဥပဒေနှင့်အညီ လုပ်ဆောင်နေသော လုံခြုံရေးဝန်ထမ်းများအား အကာအကွယ်ပေးထားရန်လိုအပ်ပါသည်။

(စ) ပေးအပ်ထားသည့် တာဝန်ဝတ္တရားများကို ဥပဒေနှင့် အညီကျေပွန်စွာ မထမ်းဆောင်သော ဝန်ထမ်းများကို ထိရောက်စွာ အရေးယူသွားသင့်ပါသည်။

## ၈.၄။ အကြံပြုချက် (၄)

၈.၄.၁။ အစ္စလာမ်ဘာသာဝင်များအများစုရှိနေသည့် မောင်တောကဲ့သို့သောဒေသများတွင် အုပ်ချုပ်မှုပိုင်းဆိုင်ရာအကြီးအကဲများ အနေဖြင့် အစ္စလာမ်ဘာသာအကြောင်းနှင့် ၎င်းတို့၏ဘာသာရေးအခြေခံသဘောတရားများကို လေ့လာထားသင့်ပါသည်။ အထူးသဖြင့် သာသနာရေးဦးစီးဌာနအနေဖြင့် အစ္စလာမ်ဘာသာဝင်မဟုတ်သည့် အခြားဘာသာဝင် ဝန်ထမ်းတစ်ဦးဦးကို အစ္စလာမ်ဘာသာ အကြောင်းထဲထဲဝင်ဝင် လေ့လာထားစေကာအစ္စလာမ်ဘာသာရေးဆိုင်ရာကျွမ်းကျင်သူ အကြံပေးအဖြစ် တာဝန်ပေးအပ်သင့်ပါသည်။ ထို့အပြင် မနုဿဗေဒဆိုင်ရာပညာရှင်များ၊ လူမှုရေးဆိုင်ရာကျွမ်းကျင်ပညာရှင်များထံမှ ဒေသရှိဘင်္ဂါလီလူမျိုးများ၏ စိတ်နေသဘောထားခံယူထားချက်များ၊ ထုံးတမ်းဓလေ့များကို နက်နက်ရှိုင်းရှိုင်း လေ့လာထားစေသင့်ပြီး အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးဆိုင်ရာများတွင် လိုအပ်သလို အကြံဉာဏ်များ ရယူအသုံးချစေသင့်ပါသည်။

## ၈.၅။ အကြံပြုချက် (၅)

၈.၅.၁။ မောင်တောဒေသတွင် အစိုးရမှ မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းစဉ် တစ်ခုမှာ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးဖြစ်ပါသည်။ သို့ဖြစ်၍ ရဲတပ်ရင်းများကွပ်ကဲမှု အဖွဲ့နှင့် ရဲစခန်းများ၏ အခန်းကဏ္ဍကို အမှန်အတိုင်းသုံးသပ်ရန်လိုအပ်ပါသည်။ အဓိကအားဖြင့် ဒေသအတွင်း ချထားသည့် ရဲတပ်ရင်းတပ်ဖွဲ့များ၏ **အင်အား၊ လက်နက်၊ နေရာချတပ်စွဲရန်လိုအပ်မှုနှင့် တပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်မြင့်မားရေးကိစ္စရပ်များ**ဖြစ်ပါသည်။ ပထမဦးစွာ **အင်အား** နှင့်ပတ်သက်၍ လတ်တလော အခင်းဖြစ်ပွားခဲ့သည့် ဒုချီးရားတန်းကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများဖြစ်သောဂေါ်ဒူသာရကျေးရွာ၊ နူရုလ္လာကျေးရွာ၊ ဘဂုံးတန်းကျေးရွာ စသည့် ဘင်္ဂါလီကျေးရွာများတွင် လူဦးရေအကြမ်းအားဖြင့် (၂၀၀၀၀) ဦးခန့် ရှိနေပြီး တိုင်းရင်းသားကျေးရွာများအဖြစ် ကင်းချောင်းကျေးရွာ၊ ခရေမြိုင်ကျေးရွာနှင့် ဇောဓိကုန်းကျေးရွာများမှ လူဦးရေခန့်မှန်း (၁၃၀၀) ခန့် တို့အတွက် ခရေမြိုင်ရဲကင်းတွင် အင်အား (၅) ဦး၊ ဂေါ်ဒူသာရတံတားရဲကင်းတွင် (၆) ဦး၊ စုစုပေါင်း (၁၁) ဦးသာ ချထားနိုင်ခဲ့ပါသည်။ ရဲသားနှင့်ရွာသားအချိုးမှာ ၁း၂၀၀၀ နှုန်းနီးပါးဖြစ်ပါသည်။ ထိုအချိုးအစားမှာ လူနေမှုအဆင့်အတန်းမြင့်မားသည့် လူ့အဖွဲ့အစည်းအတွင်းဖြစ်ပါက ပြဿနာမရှိလှသော်လည်း ဤဒေသအတွက်ကိုမူ လွန်စွာနည်းပါးသည်ဟုသုံးသပ်ရပါသည်။

၈.၅.၂။ မောင်တောဒေသသို့ ကွင်းဆင်းလေ့လာချက်များအရ အခင်းဖြစ်ပွားရာဒေသရှိ ရဲကင်းစခန်းများရှိ ရဲအင်အားမှာ ဖွဲ့စည်းပုံထက်လျော့နည်းမှုများ ရှိနေသည်ကိုတွေ့ရှိခဲ့ရပါသည်။ ဤနေရာတွင် **ရဲကင်းအရေအတွက်** တိုးချထားခြင်း သို့မဟုတ် **ရဲတပ်ဖွဲ့အင်အား ဖြည့်တင်းပေးခြင်း**များအနက်တစ်ခုခုကိုအမြန်ဆုံး ပြုလုပ်ပေးသင့်ပါသည်။ ရဲကင်းစခန်းတစ်ခုတွင်ရှိသင့်ရှိထိုက်သည့် အင်အား၊ အဓိကရုဏ်းနှိမ်နင်းသည့် လက်နက်ကိရိယာ၊ ပစ္စည်းကိရိယာများကို ကျွမ်းကျင်စွာကိုင်တွယ်အသုံးပြုနိုင်မှု နှင့် အဓိကရုဏ်းနှိမ်နင်းနိုင်သည့် စွမ်းဆောင်ရည်တို့ပါ ဖြည့်ဆည်းပေးထားရန်လိုအပ်ပါသည်။ ထိုသို့ မဟုတ်ပါက လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး နှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ထိရောက်မှုအားနည်းနေမည်ဖြစ်ပါသည်။ တဖန်ရဲတပ်ဖွဲ့ဝင်များ၏ အဓိကရုဏ်းနှိမ်နင်းသည့် **လက်နက်ခဲယမ်းများ**နှင့်ပတ်သက်၍ အမြန်ဆုံးပြုပြင်ပေးရန် လိုအပ်ကြောင်းကို ယခုဖြစ်စဉ်က ထင်ရှားစွာ ပြသလိုက်သည်ဟု မြင်ပါသည်။

၈.၅.၃။ သို့ဖြစ်၍ ဒေသအခြေအနေနှင့် ကိုက်ညီပြီး လူများလေးစားအားကိုး လောက်သည့် ခေတ်မီလက်နက်များနှင့် ချပ်ဝတ်တန်ဆာများဖြင့် အမြန်ဆုံး အစားထိုး လဲလှယ် ပေးသင့်ပါသည်။**နေရာချထားမှု** နှင့် ပတ်သက်၍ အထက်တွင်အနည်းငယ် တင်ပြခဲ့ပြီးဖြစ်ပါသည်။ ဤနေရာတွင် မောင်တော ဒေသမှာ မိမိတို့နှင့် အတွင်းရော အပြင်ပါ အသွင်သဏ္ဌာန် ကွဲပြားခြားနားသည့် နယ်စပ်ဒေသဖြစ်နေသည်ကို သတိပြုသင့်ပါသည်။ ဆိုလိုသည်မှာ အတွင်းပိုင်းရဲတပ်ဖွဲ့များ ချထားမှုသာမက နယ်စပ်တစ်လျှောက် လစ်ဟာနေသည့်နေရာများစွာ ရှိနေကြောင်း ယခုဖြစ်စဉ် အပါအဝင်အခြားဖြစ်စဉ်များအရ သာဓကများစွာရှိနှင့်ပြီးဖြစ်ပါသည်။ ယခုဖြစ်စဉ် တွင်လည်း ပြစ်မှုကျူးလွန်သူများသည် နယ်စပ်မြစ်ကမ်းစပ် မှတဆင့် လွယ်ကူစွာ လွတ်မြောက်သွားခြင်းဖြစ်ပါသည်။ အခင်းဖြစ်ဖြစ်ချင်း မြစ်ကြောင်းတစ်လျှောက် ချက်ချင်းပိတ်ဆို့ထားလိုက်နိုင်ပါက တရားခံများလွတ်လမ်းမရှိနိုင်ဟု ယူဆပါသည်။

၈.၅.၄။ အထူးအကြံပြုလိုသည်မှာ မြေပုံချလေ့လာကြည့်ပါက နတ်မြစ်ဝနှင့် မြစ်ကမ်းပါး တစ်လျှောက်တွင် အရပ်သားများ ပုံမှန်ဖြတ်ကူးလေ့ရှိသည့် နေရာများတွင် လုံခြုံရေးရဲကင်းများ ထောင့်စေ့အောင် စနစ်တကျ ထားရှိသင့်ပါသည်။ ပင်လယ်နှင့် နီးကပ်စွာ တည်ရှိနေသည်ဖြစ်သဖြင့် ဆိုင်ကလုံးဒဏ်ခံနိုင်သော အဆောက်အဦ များ(Cyclone Shelter) များကို ဆောက်လုပ်ပေးပါက သဘာဝဘေး အန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက်သာမက၊ လုံခြုံရေးအတွက်ပါအခြေခံအဆောက်အဦ ဆောင်ရွက်ပေးပြီးသား ဖြစ်သွားမည်ဖြစ်ပါသည်။ ထို့အပြင် မြစ်ပြင်နှင့် ကမ်းရိုး တန်းများသို့ လျင်မြန်စွာသွားနိုင်သည့် အမြန် (ရှပ်ပြေး) မော်တော်ဘုတ်များ၊ မီးဆလိုက်များပါ တပ်ဆင်ပေးထားပါက ရဲတပ်ဖွဲ့၏ ဂုဏ်သိက္ခာလည်း မြင့်တက် လာစေမည့်အပြင် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး နှင့် တရားဥပဒေစိုးမိုးရေး အတွက် ကြီးမားသော အထောက်အကူလည်း ဖြစ်လာစေမည် ဖြစ်ပါသည်။ ဘူးသီးတောင်ဒေသသည် နစ်ဖက်ကုန်းပိတ်ဒေသဖြစ်သဖြင့် မောင်တောဒေသ ကဲ့သို့ ပြဿနာများစွာမဖြစ်ပွားသည်ကို သာဓကအဖြစ်တွေ့မြင်နိုင်ပါသည်။

၈.၅.၅။ **ရဲတပ်ဖွဲ့ဝင်များတစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်မြင့်တက်လာစေရေး**သည်လည်း အရေးကြီးသည်ဟုမြင်ပါသည်။ စွမ်းဆောင်ရည်မြင့်မားသော ရဲတပ်ဖွဲ့ဖြစ်လာစေရန် အရည်အချင်းရှိသော ရဲတပ်ဖွဲ့ဝင်များဖြင့် ဖွဲ့စည်းရမည်ဖြစ်ပါသည်။ အရည်ချင်း ရှိသူများကို စုဆောင်းရရှိရန် လစာ၊ ဘဝတက်လမ်းနှင့် တပ်ဖွဲ့၏ ပုံရိပ်များ ကောင်းမွန်မှု၊ သက်သာချောင်ချိရေးအစရှိသောကိစ္စရပ်များကို ဆက်စပ် စဉ်းစား

သွားရမည်ဖြစ်ပါသည်။ အရေးကြီးသောအချက်တစ်ချက်မှာ အရည်အသွေးရှိသည့် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများကို စဉ်ဆက်မပြတ် လေ့ကျင့် သင်ကြားပေးနိုင်ရန်လည်းလိုအပ်လာမည်ဖြစ်ပါသည်။ ထိုသင်တန်းများတွင် ဒေသလူထုနှင့် ဆီလျော်ကိုက်ညီပြီးဒေသခံလူထု၏ ပူးပေါင်းဆောင်ရွက်မှုကို ရရှိစေမည့် (Community Policing) စနစ်၊ ခေတ်မီအဓိကရုဏ်းနှိမ်နင်းရေးသင်တန်းများ၊ သတင်းအချက်အလက်စုဆောင်းသည့် သင်တန်းများ၊ အကြမ်းဖက် တိုက်ခိုက်မှုများမှကြိုတင်ကာကွယ်နိုင်မည့်သင်တန်းများ နှင့် တပ်ခွဲများကို လေ့ကျင့်မွေးမြူခြင်း စသည်များကိုလည်း ဆောင်ရွက်ထားရှိသင့်ပါသည်။ ရဲလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ လေ့လာကြည့်ရာတွင် နယ်မြေရဲတပ်ဖွဲ့၏ လုပ်ကိုင်ဆောင်ရွက်မှု နှင့် ရဲတပ်ရင်း၏ လုပ်ကိုင်ဆောင်ရွက်မှုတို့မှာ ကွာခြားချက်ရှိနေသည်ကိုတွေ့ရပြီး၊ အတူတကွပူးပေါင်းဖြေရှင်းရသည့် အခါတွင် မည်သည့်နည်းလမ်းဖြင့်ဆောင်ရွက်ရမည်ဟူသည့် လုပ်ထုံးလုပ်နည်း အခက်အခဲများ ကြုံတွေ့ နေရသဖြင့် လက်တွေ့ကျမည့် နည်းလမ်းများကို ရေးဆွဲ ကျင့်သုံးသင့်ပါသည်။

၈.၅.၆။ ယခုဖြစ်စဉ်တွင် ရဲတပ်ကြပ်ကြီး အောင်ကျော်သိန်းနှင့်ပတ်သက်၍ သေဆုံးဖွယ်ရာရှိသည်ဟု ကောက်ချက်ချနိုင်သည့် သက်သေခံအထောက်အထားများကို ရရှိထားသော်လည်း တိကျခိုင်မာသော သတင်းများ ဖော်ထုတ်နိုင်မှုအပိုင်းတွင် အားနည်းနေသည်ကို အထင်အရှားတွေ့ရှိနိုင်ပါသည်။ အခြားအတည်မပြုနိုင်သော သတင်းတစ်ရပ်အရ ရဲတပ်ကြပ်ကြီးအောင်ကျော်သိန်း၏ အလောင်းနှင့် လက်နက်ခဲယမ်းများ၊တစ်ဖက်နိုင်ငံသို့ ရောက်ရှိသွားကြောင်းဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ နယ်စပ်ချင်းထိစပ်ပြီး အလွယ်တကူ သွားလာနိုင်ကာ ထိလွယ် ရှလွယ်သော မောင်တောကဲ့သို့သောဒေသများအနေဖြင့် တစ်ဖက်ဒေသတွင် မိမိတို့အား အချိန်မရွေးသတင်းပေးပို့ပေးနိုင်မည့် မိမိသတင်းပေး လူယုံများ စနစ်တကျထားရှိသင့်ပါသည်။

## ၈.၆။ အကြံပြုချက် (၆)

၈.၆.၁။ ဒုချီးရားတန်းဖြစ်စဉ်တွင် မီဒီယာတိုက်ပွဲသည် အစိတ်အပိုင်း တစ်ခုအဖြစ် ပါဝင်ပါသည်။ အဆိုပါ မီဒီယာတိုက်ပွဲတွင် အစိုးရအနေဖြင့် ထိရောက်စွာ တုံ့ပြန်နိုင်ခြင်းမရှိသည်ကို တွေ့ရပါသည်။ အစိုးရမှ သန်း ၆၀ ကို ရှင်းပြရန်ကြိုးစားနေစဉ်တွင်

အခြားတစ်ဖက်မှ တစ်ကမ္ဘာလုံးရှိလူသန်း ၇၁၀၀ သို့ ချပြထားနှင့်ပြီးဖြစ်နေသည်ကို တွေ့ရှိနိုင်ပါသည်။ ရှေ့ဆက်၍လည်း မီဒီယာ၏ အခန်းကဏ္ဍသည် ဆက်လက် အရေးပါနေမည်ဖြစ်ရာ ကြုံတွေ့ပြီးခဲ့သော အတွေ့အကြုံများမှ သင်ခန်းစာများကို ဖော်ထုတ်ကာ မိမိတို့အားနည်းချက်များကို အမြန်ဆုံးပြင်ဆင်သွားရန် အရေး တကြီးလိုအပ်နေပြီဖြစ်ပါသည်။အစိုးရအနေဖြင့် သတင်းမီဒီယာနှင့် ပတ်သက်သည့် သတင်းတင်ဆက်မှု၊ သတင်းရယူမှု၊ ဖြန့်ချိမှု၊ စုဆောင်းမှုစသည့် နည်းစနစ်များကို ဝန်ထမ်းများအား စနစ်တကျပို့ချထားသင့်ပါသည်။ သတင်း ထုတ်ပြန်သည့်အခါ တွင်လည်း သမာရိုးကျထုတ်ပြန်ခြင်းမျိုးမဟုတ်ဘဲ မိမိသိစေလိုသည့် ဦးတည်အုပ်စု (Targeted Audience) ကိုကြည့်ပြီး ၎င်းတို့ နားလည်မည့်ပုံစံဖြင့် သတင်းထုတ် ပြန် သွားသင့်ပါသည်။

၈.၆.၂။ ပြည်တွင်း၊ ပြည်ပရှိ ဘင်္ဂါလီများသည် မီဒီယာကိုကျွမ်းကျင်စွာ အသုံးချနိုင် သည့်အတွက် အစိုးရ၏ သတင်းထုတ်ပြန်မှု လျှင်မြန်မှုမရှိဘဲ နှောင့်နှေး ကြန့်ကြာ နေသည်ကို အခွင့်အရေးတစ်ခုအဖြစ် မှတ်ယူကာ ကောလဟာလများကို ပိုမိုပြန့်ပွားအောင် ဆောင်ရွက်နိုင်ခဲ့ပြီး မြေပြင်အခြေအနေများကို ပိုဆိုးသွားစေခဲ့ သည်ကိုတွေ့ရှိရပါသည်။ ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ အခြေအနေ များကို ပိုမိုရှုပ်ထွေးစေရန် ရည်ရွယ်ချက်ဖြင့် ကောလဟာလသတင်းများ ထုတ်လွှင့် ဖြန့်ဝေနေသူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်သင့် ပါသည်။ မည်သည့် သတင်းများသည် မည်သည့် နေရာမျိုးမှထွက်သည်၊ စသဖြင့် သတင်းအမျိုးအစားများခွဲခြားပြီး တုန့်ပြန်ဆောင်ရွက်သည့် စနစ်မျိုးကို စနစ်တကျ ထူထောင်ထားရပါမည်။

၈.၆.၃။ ဖြစ်လာနိုင်ခြေရှိသော ပဋိပက္ခများကို အမြန်ဆုံး တုံ့ပြန်နိုင်ရန် တပ်မတော် အပါအဝင် ဌာနအားလုံးပါဝင်ပြီး ဒေသလုံးဆိုင်ရာ လုံခြုံရေး စီမံချက်တစ်ခု၊ ပီပြင် စွာရေးဆွဲ၍ အမြဲအသင့်အနေအထား ပြင်ဆင်ထားသင့်ပါသည်။ ထိုစီမံချက်တွင် လိုအပ်ပါက ချက်ချင်းတန်ပြန်ဆောင်ရွက်နိုင်ရန် ကြီးကြပ်ကွပ်ကဲမှုစနစ် (Chain of Command) ပီပီပြင်ပြင်ရှိထားရန်အရေးကြီးပါသည်။ ထို့အပြင် ၎င်းစီမံချက်ပါ တာဝန်များကိုလည်း အောက်ဆုံးအဆင့်အထိ ပါဝင်သူအားလုံးမှ ကျေညက်စွာ နားလည်ထားရန်လည်း လိုအပ်မည်ဖြစ်ပါသည်။ အဆင့်အားလုံးမှ ညွှန်ကြား ချက်များ၊ နောက်ဆုံးဖြစ်ပေါ်နေသည့် အခြေအနေ၊ ပြောင်းလဲမှုအခြေအနေများကို အချိန်နှင့်တပြေးညီ သိရှိနေစေရေးသည် အလွန်အရေးကြီးပါသည်။ သို့ဖြစ်ရာ

အဖွဲ့အစည်းတစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား၊ အဖွဲ့အစည်းအတွင်း တစ်ဦးနှင့်တစ်ဦးအကြား ဆက်သွယ်မှု မပြတ်ရရှိစေရေးသည် အရေးတကြီးထည့်သွင်းစဉ်းစားထားရမည့် အချက်တစ်ချက် ဖြစ်သည်နေသည်ဟု သုံးသပ်ပါသည်။

## ၈.၇။ အကြံပြုချက် (၇)

အရေးပေါ်ကိစ္စရပ်များ ဖြစ်ပွားလာပါက လုံခြုံရေးအဖွဲ့နှင့် တာဝန်ရှိသူများ၊ အခင်းဖြစ်ပွားရာနေရာသို့ အမြန်ဆုံးသွားရောက် ထိန်းသိမ်းနိုင်ရန် လိုအပ်သောယာဉ်များ၊ စက်သုံးဆီများကို လုံလုံလောက်လောက် ကြိုတင်စီစဉ် ပေးထားသင့်ပါသည်။လုံခြုံရေးယာဉ်များ အချိန်မီ ရောက်ရှိနိုင် ရန်အတွက် လိုအပ်သည့် ဆက်သွယ်ရေးလမ်းကြောင်းများ၊ အရေးကြီးသည့်နေရာများကို အလွယ်တကူ သွားရောက်နိုင်ရေးအတွက် ရာသီမရွေးသွားလာနိုင်သည့် လမ်း၊ တံတားများကိုလည်းဖောက်လုပ်ထားရှိသင့်ပါသည်။ နတ်မြစ်အလယ်တွင် သောင်ထွန်းနေသဖြင့် ရေတပ်သင်္ဘောများသည် မြန်မာနိုင်ငံ ရေပိုင်နက်ဘက်မှ အလွယ်တကူ မသွားလာနိုင်သဖြင့် ဘင်္ဂါလားဒေ့ရှ်နိုင်ငံဘက်မှ ခွင့်ပြုချက်ယူ၍ သွားလာနေရပါသည်။ ယင်းအခြေအနေသည် ရေကြောင်းလုံခြုံရေး နှင့် ဒေသလုံခြုံရေး ကိစ္စများကို ဆောင်ရွက်ရာတွင် ကြီးမားသည့် အဟန့်အတားဖြစ်စေပါသည်။ ထို့အတွက်ကြောင့် ယင်းကိစ္စကို ပို့ဆောင်ရေးဝန်ကြီးဌာန နှင့် သက်ဆိုင်ရာဝန်ကြီး ဌာနတို့မှ အလျင်အမြန်ဆောင်ရွက်သွားသင့်ပါသည်။

## ၈.၈။ အကြံပြုချက် (၈)

လက်ရှိအခြေအနေတွင် နိုင်ငံတော်အစိုးရမှ သတင်းစာရှင်းလင်းပွဲများ ပြုလုပ်၍ စွပ်စွဲချက်များကို လက်တွေ့ကွင်းဆင်း သက်သေပြချက်များဖြင့် ငြင်းဆိုထားသော်လည်း နိုင်ငံတကာအသိုင်းအဝိုင်းက ဤပြဿနာအပေါ်အစိုးရ၏ ဖြေရှင်းတုံ့ပြန်ပုံ၊ ဆုံးဖြတ်ပုံတို့ကို သံသယအမြင်ဖြင့် စောင့်ကြည့်ဝေဖန်လျက်ပင် ရှိနေဆဲဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အစိုးရသည် ရခိုင်အရေးကိစ္စ ဖြေရှင်းဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာ တိကျပြတ်သားစွာ ဆောင်ရွက်သင့်ပါသည်။ အစိုးရမှ သတင်းထုတ်ပြန်မှုများနှင့် သတင်းစာရှင်းလင်းပွဲများကိုလည်း အချိန်နှင့် တပြေးညီ ပုံမှန်ဆောင်ရွက်သွားသင့်သည်ဟု ထင်မြင်သုံးသပ်ပါသည်။ ဒေသန္တရအဆင့် သတင်းထုတ်ပြန်မှုများကိုလည်း အချိန်နှင့် တပြေးညီ ထုတ်ပြန်နိုင်ရေးအတွက် အခွင့်အာဏာ နှင့် အစီအစဉ်များဆောင်ရွက်ပေးထားသင့်ပါသည်။

## ၈.၉။ အကြံပြုချက် (၉)

၈.၉.၁။ယခုလက်ရှိအခြေအနေတွင် နိုင်ငံတကာအစိုးရမဟုတ်သည့်အဖွဲ့အစည်းများ (INGOs) နှင့် မောင်တောမြို့နယ်အတွင်းရှိ အစိုးရဝန်ထမ်းများအကြား ဆက်ဆံရေး အဆင်မပြေမှုများသည်လည်း မောင်တောမြို့နယ်အတွင်း လူမျိုးရေးပြဿနာများကို ဖြေရှင်းရာတွင် ပိုမိုခက်ခဲ ရှုပ်ထွေးစေခဲ့သည့် အကြောင်းတစ်ရပ်ဖြစ်နေသည်ကိုတွေ့ရှိရပါသည်။ မောင်တောခရိုင်နှင့် မြို့နယ်အတွင်းရှိ ဝန်ထမ်းများအနေဖြင့် နိုင်ငံတကာ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ (INGOs) မှ ဝန်ထမ်းများသည် ခေါင်းမာ၍ ပူးပေါင်းဆောင်ရွက်မှု အားနည်းသည်ဟု ထင်မြင်ကြပါသည်။ အချို့သော INGOs များသည် မိမိတို့သဘောတူထားသည့် MOU ကိုကျော်လွန်ပြီးဆောင်ရွက်မှုများရှိနေသည် ဟု ဒေသခံများ နှင့် အစိုးရ ဝန်ထမ်းများကထင်မြင်နေကြပါသည်။နိုင်ငံတကာအစိုးရမဟုတ်သည့် အဖွဲ့အစည်းများ (INGOs) မှ နိုင်ငံခြားသားဝန်ထမ်းအချို့ကလည်း အစိုးရဝန်ထမ်းများနှင့် ဆက်ဆံရာတွင် မောက်မာမှုများရှိကြောင်းကိုလည်း မောင်တောဒေသသို့ ကွင်းဆင်းလေ့လာခဲ့သည့် စုံစမ်း စစ်ဆေးရေး ကော်မရှင် လူကြီးများမှ တွေ့မြင် သိရှိခဲ့ပါသည်။ ယခုလက်ရှိအခြေအနေတွင် မောင်တောမြို့ နှင့် ရခိုင်ပြည်နယ် အခြားဒေသများရှိ ရခိုင်လူမျိုးအများစုအနေဖြင့် MSF (Mèdecins Sans Frontières) အဖွဲ့၏ လုပ်ဆောင်ချက်များ အပေါ် မကျေနပ်သည့် အမြင်များရှိနေ ပါသည်။

၈.၉.၂။မောင်တောဒေသရှိ MSF အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးသည် ခရိုင် အုပ်ချုပ်ရေးအဖွဲ့အား ၎င်း၏ အဖွဲ့အစည်းမှ ပဋိပက္ခအတွင်း ဒဏ်ရာရရှိခဲ့သည်ဟု ယူဆရသော ဘင်္ဂါလီ (၂၂) ဦးအား ဆေးကုသမှုပေးလိုက်သည့်ကိစ္စနှင့်ပတ်သက်၍ မောင်တောခရိုင်အုပ်ချုပ်ရေးတာဝန်ရှိသူများထံ အပြစ်တင်သည့်ပုံစံဖြင့် မေးမြန်းခဲ့သည်ကို အစည်းအဝေးမှတ်တမ်းတွင် တွေ့ရှိခဲ့ရပါသည်။ ခရိုင်အုပ်ချုပ်ရေးအရာရှိများနှင့် MSF တာဝန်ရှိသူတို့တွေ့ဆုံစဉ် "MSF အဖွဲ့မှ ဆရာဝန် (၂) ဦးအား သူတို့အနေဖြင့် မည်သည့် ဘင်္ဂါလီများကို ဆေးကုသပေးပါသနည်း" ဟု မေးမြန်းသောအခါ ၎င်း ဆရာဝန် (၂) ဦးမှ "သူတို့အနေဖြင့် အဆိုပါ ဆေးကုသပေးမှုများကို မပြုလုပ်ခဲ့ပါကြောင်း" ပြောဆိုခဲ့သည်ကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၏ အစည်းအဝေးမှတ်တမ်းတွင်တွေ့ရှိခဲ့ရပါသည်။ သို့ရာတွင် MSF အဖွဲ့၏ Country Director ဖြစ်သူမှ ပြည်နယ်ကျန်းမာရေးမှူးကို လိပ်မူ၍ ၎င်းအဖွဲ့အစည်းမှ လူ (၂၂) ဦးအား ဆေးကုသပေးခဲ့ရသည်ဟု အကြောင်းကြားစာ ရေးသား ပေးပို့ခဲ့ပါ သည်။

၈.၉.၃။ခရိုင်အဆင့် အစိုးရအဖွဲ့အစည်း ဝန်ထမ်းများအနေဖြင့် MSF မှ ၎င်းကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုမရှိခြင်းကို ဝေဖန်ပြောဆိုကြပြီး၊ အဆိုပါ အဖွဲ့အစည်းနှင့် အလုပ်လုပ်ကိုင်ရန်ခက်ခဲကြောင်းပြောဆိုကြပါသည်။ မောင်တောနှင့် အခြားရခိုင်ပြည်နယ်ဒေသများတွင် အစိုးရတာဝန်ရှိသူများနှင့် MSF ကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများလုပ်ငန်းအဝဝကို ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါသည်။ ထိုသို့ ပူးပေါင်းဆောင်ရွက်မှု မရှိသောကြောင့် MSF မှ ကုသပေးသည့် လူ (၂၂) ဦး၏ကိစ္စကို ရှင်းရှင်းလင်းလင်းဖြေကြားခြင်း မရှိသည့်အတွက် လူအများအပြား သေဆုံးသည့် စွပ်စွဲချက်ကို အထောက်အပံ့ဖြစ်စေသည့် အချက်တစ်ခုအဖြစ် သတင်းဌာနများမှ အသုံးချပြောဆိုမှုများ ပြုလုပ်ခဲ့ကြပါသည်။ ဤကိစ္စအား သက်ဆိုင်ရာနှင့် ဆေးကုသမှုပေးခဲ့သည့် အဖွဲ့အစည်းများမှ အစိုးရနှင့် ပူးပေါင်းဆောင်ရွက်၍ ဖြေရှင်းခဲ့သင့်ပါသည်။ အကယ်၍ MSF နှင့် ဒေသန္တရအစိုးရတို့သည် ပူးပေါင်းညှိနှိုင်းအဖြေရှာနိုင်ခဲ့မည်ဆိုပါက ယခုကဲ့သို့ နားလည်မှုလွဲမှားသည့် အဖြစ်အပျက် များကို ကျော်လွှား နိုင်မည်ဖြစ်ပါသည်။

၈.၉.၄။အခြားတစ်ဖက်တွင်လည်း အစိုးရအဖွဲ့အစည်းများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ (INGOs) သည်တစ်ဖက်နှင့် တစ်ဖက် ပူးပေါင်းဆောင်ရွက်သည့် လုပ်ဖော်ကိုင်ဖက်များ အဖြစ်မမြင်ကြဘဲ၊ ပြဿနာရှာမည့်သူများအဖြစ်မြင်နေကြသည်ကို တွေ့ရပါသည်။ ဒုချီးရားတန်းဖြစ်စဉ်တွင် ဒေသန္တရအစိုးရ နှင့် MSF တို့အကြား ပူးပေါင်းဆောင်ရွက်ခဲ့မှုအားနည်းခဲ့သည်ကိုတွေ့ရပြီး၊ ယင်းအတွက်ကြောင့် မပြေလည်မှုများရှိခဲ့ပါသည်။ ထို့ကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းမှလည်း အစိုးရမှ ပြဿနာ၏ ဖြစ်မြစ်ကို ဖုံးကွယ်ထားချင်သည့်အတွက်ကြောင့်ဖြစ်မည်ဟု စွပ်စွဲလာကြပါသည်။ ဤအခြေအနေသည် ရခိုင်ပြည်နယ်အတွင်း ပြဿနာများကို နိုင်ငံတကာအသိုင်းအဝိုင်းအတွင်း နားလည်မှုလွဲမှားမှုများ ပိုမို ဖြစ်ပေါ်စေနိုင်ပါသည်။

၈.၉.၅။လက်ရှိအခြေအနေတွင် ရခိုင်ပြည်နယ်တွင် နိုင်ငံတကာအစိုးရမဟုတ်သည့် အဖွဲ့အစည်းများ(INGOs) ၏ အကူအညီများ မဖြစ်မနေ လိုအပ်နေပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော် အစိုးရအနေဖြင့် ထိုအဖွဲ့အစည်းများနှင့် ၎င်းတို့၏ လုပ်ငန်းများကို ထိရောက်စွာ လုပ်ကိုင်နိုင်သည့် ခွင့်ပြုမှုများနှင့် အကူအညီများပေးသင့်ပါသည်။ နိုင်ငံတကာ အဖွဲ့အစည်းများ အနေဖြင့်လည်း မိမိတို့၏ လုပ်ငန်းဆောင်တာများကို ပွင့်လင်းမြင်သာစွာဖြင့် ပြုလုပ်ခြင်း၊ လက်မှတ်ရေးထိုးထားခဲ့သော သဘောတူ

ညီမှုများ စည်းမျဉ်းစည်းကမ်းများကို လိုက်နာကာ တည်ဆဲဥပဒေနှင့်အညီ အကောင်အထည်ဖော်လုပ်ဆောင်သွားသင့်ပါသည်။

၈.၉.၆။ အစိုးရအဖွဲ့အစည်းများမှလည်း စည်းမျဉ်းစည်းကမ်းများကို ရှင်းရှင်းလင်းလင်း ချမှတ်၍ နိုင်ငံတကာအစိုးရ မဟုတ်သည့်အဖွဲ့အစည်းများ (INGOs) ကိုလည်း ထိုစည်းမျဉ်းစည်းကမ်းများကို နားလည်သဘောပေါက်အောင် ရှင်းလင်းသင့်ပါသည်။ နိုင်ငံတကာအစိုးရမဟုတ်သည့်အဖွဲ့ အစည်းများ (INGOs) မှလည်း စည်းမျဉ်းစည်းကမ်းများကို လိုက်နာကာ အပြန်အလှန်ညှိနှိုင်းအဖြေရှာသည့် နည်းလမ်းဖြင့်၊ ထင်သာမြင်သာရှိအောင် အကောင်အထည် ဖော်ဆောင်ရွက်သင့်ပါသည်။ စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်သည့် နိုင်ငံတကာ အစိုးရ မဟုတ်သည့် အဖွဲ့အစည်းများ(INGOs)ကိုလည်း တိကျစွာအရေး ယူဆောင်ရွက်မှုများကို အချိန်နှင့်တပြေးညီ ဆောင်ရွက်သွားသင့်ပါသည်။

**၈.၁၀။ အကြံပြုချက် (၁၀)**

၈.၁၀.၁။ယခု ဒုမ်ီးရားတန်းဖြစ်စဉ်သည် မောင်တောခရိုင်အတွင်းရှိ လုံခြုံရေးအရာရှိများ၊ ဒေသခံရခိုင် တိုင်းရင်းသားများနှင့် ဘင်္ဂါလီလူမျိုးများအကြား ဖြစ်ပွားသော ပြဿနာသက်သက် မဟုတ်တော့ဘဲ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် မြန်မာအစိုးရ အကြား ဖြစ်ပွားနေသော ပြဿနာတစ်ရပ် အသွင်ဆောင်နေပါသည်။ ကုလသမဂ္ဂအဖွဲ့အစည်းများအနေဖြင့် သီရိလင်္ကာနိုင်ငံတွင် ၎င်းတို့၏ အဖွဲ့အစည်းများ လုပ်ဆောင်မှုအပေါ် ဝေဖန်ခံရမှုမျိုး နောက်တစ်ကြိမ် မခံရစေရန် ဒုမ်ီးရားတန်း ကိစ္စနှင့် ပတ်သက်၍ ပြင်းထန်သောစွပ်စွဲချက်များပါဝင်သည့် အစီရင်ခံစာ တစ်စောင် ထုတ်ပြန်ခဲ့ပါသည်။ နိုင်ငံခြား သံရုံးတချို့မှလည်း ပြင်းထန်သည့် စကားလုံးများကို သုံးစွဲ၍ ကြေငြာချက်များ ထုတ်ပြန်ခဲ့ကြပါသည်။ အစိုးရမှလည်း ထိုကြေငြာချက်များကို လက်မခံသည့် တုန့်ပြန်ချက်များကို ထုတ်ပြန်ထားခဲ့ပါသည်။

၈.၁၀.၂။ကုလသမဂ္ဂအဖွဲ့ အစည်းများအနေဖြင့် ဒုမ်ီးရားတန်း ပြဿနာအား ပြေလည်စွာ ဖြေရှင်းနိုင်ရေးအတွက် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရန်ထက် မိမိတို့၏ အစီအရင်ခံစာ မှန်ကန်ကြောင်း သက်သေပြနိုင်ရန်သာ အချိန်ကုန်ခံနေပြီး ထို အစီအရင်ခံစာကြောင့် မိမိတို့သိက္ခာမကျရေးကို ပို၍အလေးပြုဆောင်ရွက်နေသည်ဟု ပြည်သူများက ထင်မြင်ကြပါသည်။ ဤအခြေအနေတွင် ရခိုင်နှင့် အခြား

တိုင်းရင်းသားများမှ ကုလသမဂ္ဂအဖွဲ့အစည်းများအနေဖြင့် ဘင်္ဂါလီများဘက် မှ တစ်ဖက်သတ် ပါဝင်ကူညီနေသည့် အဖွဲ့အစည်းအဖြစ် မြင်လာနိုင်ပါသည်။ ၂၀၁၂ ခုနှစ် နှင့် ၂၀၁၄ ခုနှစ် တို့တွင် ပြုလုပ်ခဲ့သည့် ရခိုင်ပြည်နယ်နှင့် အခြားဒေသများတွင် စစ်တမ်းကောက်ယူမှုတွင်ပါဝင်သည့် နိုင်ငံသား ၁၀၀၀ ဦး တွင် ၈၀ ရာခိုင်နှုန်းကျော်က ကုလသမဂ္ဂအဖွဲ့အစည်း အနေဖြင့် ရခိုင်ပြည်နယ်တွင် ၎င်းတို့၏ လုပ်ငန်းဖော်ဆောင်မှုများကို တရားမျှတစွာ လုပ်ကိုင်သွားမည်ဟု မယုံကြည်ကြချေ။ အထူးသဖြင့် မောင်တောဒေသတွင် ကုလသမဂ္ဂ အဖွဲ့အစည်းများသည် ဘင်္ဂါလီများကို ရခိုင်များထက် ပို၍ မျက်နှာသာပေးကြသည်ဟု ယုံကြည်နေကြပါသည်။ ဤအခြေအနေမျိုးတွင် ကုလသမဂ္ဂအဖွဲ့အနေဖြင့် ပြင်းထန်သည့် စကားလုံးများသုံးကာ စွပ်စွဲချက်များကို ပြုလုပ်နေမှုများသည် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံအစိုးရအကြား၊ ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် တိုင်းရင်းသား ရခိုင်များအကြား ဆက်ဆံရေးများ ပျက်ပြားလာစေပါသည်။

၈.၁၀.၃။ဒုချီးရားတန်း ပြဿနာကို ဖြေရှင်းရာတွင် အစိုးရ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ ပါဝင်ကူညီရမည့် အဖွဲ့အစည်းများအနေဖြင့် မိမိတို့ အဖွဲ့အစည်းအတွက်နိုင်ငံရေးအကျိုးအမြတ်များ ရရှိရေးကို ပိုမိုဦးစားပေးခြင်းများ မဖြစ်သင့်ပါ။ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသော ပြဿနာများအား ဖြေရှင်းရာတွင် မိမိတို့အဖွဲ့အစည်းအတွက် ဂုဏ်တက်အောင် လုပ်ခြင်း၊ တစ်ဖက်အဖွဲ့ အစည်း၏ ဂုဏ်သိက္ခာကျအောင်လုပ်ခြင်း(သို့မဟုတ်) မိမိတို့ ဖြစ်စေလိုသည့်နည်းလမ်းအတိုင်း လုပ်ဆောင်အကောင်အထည်ဖော်မှသာ မှန်ကန်သည်ဟု ခံယူမထားသင့်ပါ။ ဒုချီးရားတန်းကိစ္စကဲ့သို့ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားသော ပြဿနာများကို ဖြေရှင်းရာတွင် ပါဝင်နေသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပူးပေါင်း၍ အဖြေရှာခြင်း မပြုလုပ်နိုင်ပါက ပြဿနာကို ရှိုင်းပင်းကူညီရာ မကျဘဲ ပို၍ဆိုးရွားအောင်ပြုလုပ်နေသူများ ဖြစ်လာနိုင်သည်ကို အထူးသတိပြု အပ်ပါသည်။

**၈.၁၁။ အကြံပြုချက် (၁၁)**

၈.၁၁.၁။ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်နေသည့် ပဋိပက္ခများသည် မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသော အရှုပ်ထွေးဆုံး ပြဿနာများထဲမှ တစ်ခုဖြစ်ရာ အစိုးရအနေဖြင့် စုစုစည်းစည်းနှင့် တိကျသည့် အရေးယူဆောင်ရွက်မှုများကို အချိန်နှင့်တပြေးညီ

လုပ်ဆောင်သွားရန် လိုအပ်ပါသည်။ ထိုသို့ဆောင်ရွက် သွားနိုင်ရန် ပြည်ထောင်စု အစိုးရအနေဖြင့် ရခိုင်ပြည်နယ်တွင် ပြဿနာတက်နိုင်သည့် မောင်တောခရိုင် အပါအဝင် ပဋိပက္ခဖြစ်ပွားနေသောနေရာများတွင် ကယ်ဆယ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အချိန်မီ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။

၈.၁၁.၂။ယခုလက်ရှိ အခြေအနေတွင် ရခိုင်ပြည်နယ်၊ မြို့နယ်များရှိ အစိုးရဝန်ထမ်းများအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် မိမိတို့၏ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ဆုံးဖြတ်ချက်၊ ညွှန်ကြားချက်များအချိန်မီ မရရှိသဖြင့် လုပ်ငန်းဆောင်တာများကို အချိန်နှင့်တပြေးညီ ဆောင်ရွက်နိုင်မှုတွင် အားနည်းမှုများရှိနေသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် လုပ်ငန်းဆောင်ရွက်ချက်များကို အချိန်နှင့်တပြေးညီ ဆုံးဖြတ်လုပ်ဆောင်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးအဆင့် ပုဂ္ဂိုလ်တစ်ဦးအား ရခိုင်အရေးကိစ္စများကို တာဝန်ယူ ဆောင်ရွက် နိုင်ရန်ခန့်အပ်သွားသင့်ပါသည်။ ထိုဝန်ကြီး၏ အုပ်ချုပ်ဦးဆောင်မှုအောက်တွင် သတ်မှတ်ထားသည့် ပဋိပက္ခနယ်မြေများ၏ လုံခြုံရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များကို အချိန်နှင့် တပြေးညီ ဆောင်ရွက်သွားနိုင်ရန် ကြိုတင်ပြင်ဆင် ဆောင်ရွက် ထားသင့်ပါသည်။

**၈.၁၂။ အကြံပြုချက် (၁၂)**

၈.၁၂.၁။ဒုချီးယားတန်းကဲ့သို့သော ပြဿနာများကို ကိုင်တွယ် ဖြေရှင်းရန်အတွက် ထိရောက်သော ကျေးရွာအုပ်ချုပ်ရေးစနစ်ဖြစ်ရန် လိုအပ်ပါသည်။ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်တွင် ကျေးရွာအုပ်စု အမျိုးအစား (၃) မျိုး ရှိသည်ကို တွေ့ရှိရပါသည်။ ပထမအမျိုးအစားမှာ ဘင်္ဂါလီလူမျိုးများသာနေသောကျေးရွာ၊ ဒုတိယအမျိုးအစားမှာ ရခိုင်လူမျိုးများသာ နေသောကျေးရွာနှင့် တတိယအမျိုးအစားမှာ ရခိုင်လူမျိုးနှင့် ဘင်္ဂါလီလူမျိုးတို့ အတူတကွနေ ထိုင်ကြသောကျေးရွာ ဟူ၍ ဖြစ်သည်။ လက်ရှိအုပ်ချုပ်ရေးပုံစံမှာ ဘင်္ဂါလီများသာ နေထိုင်သောရွာတွင် ကျေးရွာ အုပ်ချုပ်ရေးမှူးအဖြစ် ဘင်္ဂါလီလူမျိုးကိုသာ ခန့်အပ်ထားပါသည်။ ရခိုင်လူမျိုးများသာနေသည့် ရွာတွင်ရခိုင်လူမျိုးကိုသာ အုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်ထားပါသည်။ သို့သော် ရခိုင်နှင့် ဘင်္ဂါလီတို့ အတူတကွ ပေါင်းစည်း နေထိုင်သောကျေးရွာတွင်မူ အုပ်ချုပ်ရေးမှူး အဖြစ် ရခိုင်လူမျိုးကိုသာ ခန့်အပ်ပါသည်။ ဘင်္ဂါလီ

များက ၎င်းတို့နေထိုင်သောကျေးရွာများတွင် ဘင်္ဂါလီများအား အုပ်ချုပ်ရေး တာဝန် မပေးအပ်ဘဲ ရခိုင်များအားပေးအပ်ခြင်းကြောင့် ပြဿနာဖြစ်ပွားရခြင်း ဖြစ်ကြောင်း ပြောဆို ကြပါသည်။

၈.၁၂.၂။ ၂၀၁၂ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ပဋိပက္ခများကြောင့် ရခိုင်နှင့်ဘင်္ဂါလီ လူမျိုးများ အကြား တစ်ဘက်နှင့်တစ်ဘက်၊ တစ်ဦးနှင့်တစ်ဦး အတူယှဉ်တွဲ၍ အုပ်ချုပ်ရေး လုပ်ငန်းများ လုပ်ကိုင်နိုင်သည့် အခြေအနေတွင် မရှိသဖြင့် ထိုသို့သော ကျေးရွာများတွင် သက်ဆိုင်ရာ ကျေးရွာတာဝန်ခံများအား မြို့နယ်အထွေထွေ အုပ်ချုပ်ရေးရုံးမှ တိုက်ရိုက်အုပ်ချုပ်သော အုပ်ချုပ်ရေးပုံစံ အသစ်တစ်ခုကို ချမှတ် သင့်ပါသည်။ ထိုသို့အုပ်ချုပ်ရာတွင်လည်း ရခိုင်၊ ဘင်္ဂါလီ စသဖြင့် လူမျိုးရေးအရ ခွဲခြားအုပ်ချုပ်မှုမျိုးမရှိသင့်ပါ၊ ထို့အပြင် ပြည်သူလူထုကို ဝန်ထုပ်ဝန်ပိုးဖြစ်စေမည့် မလိုလားအပ်သည့် ကြိုးနီစနစ်များကို ဖြေလျော့ ဆောင်ရွက်သင့်ပါသည်။ တရားမဝင် ငွေများ အတင်းကောက်ခံခြင်းများကိုလည်း ရှောင်ကျဉ်သင့်ပါသည်။ ဒေသရှိလူများကို ဥပဒေအရ နိုင်ငံသားဖြစ်ထိုက်သည့်သူ နှင့် မဖြစ်ထိုက်သူများကို သေချာစွာ စိစစ်ပြီး ဥပဒေနှင့်အညီ တန်းတူဆက်ဆံရပါမည်။ အကယ်၍ နိုင်ငံသား မဖြစ်ထိုက်သူများ ရှိခဲ့လျှင်လည်း ဥပဒေနှင့်အညီ လူသားချင်းစာနာ ထောက်ထားမှု အကူညီများ၊ အခြေခံလူအခွင့်အရေးများ ဆုံးရှုံးမှု မရှိရအောင်စီမံသင့်ပါသည်။ အစိုးရနှင့်ဘင်္ဂါလီများအကြား ထိရောက်စွာ ဆက်သွယ်မှုပြုနိုင်မည့် အစီအစဉ် (Mechanism) များ ချမှတ်သင့်ပါသည်။

## ၉။ နိဂုံး

နိဂုံးချုပ်အားဖြင့်ဆိုရသော် ဒုချီးရားတန်းကျေးရွာတွင် ဖြစ်ပွားခဲ့သော ကိစ္စရပ်များသည် မြေပြင်တွင် ဆိုးရွားစွာ ဖြစ်ပေါ်ခဲ့ခြင်းမဟုတ်ဘဲ မီဒီယာများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၏ ထုတ်ပြန်ရေးသားသော အစီအရင်ခံစာများတွင် ချဲ့ကား ရေးသား ဖော်ပြမှုများကို ပြုလုပ်ခဲ့ကြခြင်းကြောင့် ဖြစ်ပါသည်။ ယခုရေးသား တင်ပြသော အစီအရင်ခံစာတွင် မောင်တောမြို့နယ်၊ ဒုချီးယားတန်းကျေးရွာတွင် ဖြစ်ပွားခဲ့ သောကိစ္စရပ်များနှင့် စပ်လျဉ်း၍ အောက်ဖော်ပြပါကိစ္စရပ် (၅) ခု၏ အခြေအနေအမှန်ကိုရှင်းလင်း ဖော်ပြနိုင်စေရန်အတွက် ဦးတည်လေ့လာခဲ့ခြင်း ဖြစ်ပါသည်။

ပထမဦးစွာ ထိန်းသိမ်းခံထားရသော တရားခံများ၏ ထွက်ဆိုချက်နှင့် သွေးစွန်း နေသော တပ်ကြပ်ကြီး၏ အသုံးအဆောင်ပစ္စည်းများကို ရှာဖွေတွေ့ရခြင်း တို့ကြောင့် ရဲတပ်ကြပ်ကြီးအောင်ကျော်သိန်းမှာ အသက်ရှင်နိုင်ရန် အခွင့်အလမ်း နည်းပါးသည်။

ဒုတိယအနေဖြင့် ဒုချီးရားတန်း (အနောက်) ကျေးရွာအား မီးရှို့မှုသည် ရခိုင်နှင့် ရဲတပ်ဖွဲ့ဝင်များက ပြုလုပ်ကြောင်း စွပ်စွဲပြောကြားသော်လည်း တွေ့ရှိလာသော သက်သေ နှင့် သတင်းအချက်အလက်များအရ အစိုးရအား ဆန့်ကျင်သည့် အဖွဲ့အစည်းတစ်ရပ်မှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လုပ်ဆောင်ကြဖွယ် ရှိပါသည်။

တတိယအနေဖြင့် ဒုချီးရားတန်း ကျေးရွာတွင် ဖြစ်ပွားခဲ့သော ကိစ္စရပ်များအား အစိုးရနှင့် ရခိုင်များမှ လုပ်ဆောင်သည်ဟု စွပ်စွဲချက်များ ထွက်ပေါ်နေပါသည်။ သို့ရာတွင် ရရှိသော သတင်းအချက်အလက်များအရ ကောလဟာလကိစ္စရပ်များ ထုတ်လွှင့်နေမှုကို အစိုးရအား ဆန့်ကျင်သည့်အဖွဲ့အစည်းတစ်ရပ်မှ တိုက်ရိုက် ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လုပ်ဆောင်နေကြောင်း ယူဆသုံးသပ်ရပါသည်။ ထို ကိစ္စအား ပိုမိုတိကျစွာ ပြောဆိုရန် လက်ရှိရရှိထားသော သတင်း အချက်အလက် များနှင့် လုံလောက်မှုမရှိနိုင်ပါ။

စတုတ္ထအနေဖြင့် ဒုချီးရားတန်း ဖြစ်စဉ်များအနက် မီးလောင်မှုများတွင်သာ ဆုံးရှုံး ပျက်စီးမှုများကို ထင်ထင်ရှားရှား တွေ့မြင်ရပါသည်။ အခြားဖြစ်စဉ်များအတွင်းမှ

လုံခြုံရေး တပ်ဖွဲ့များ၏ တရားခံနှင့် သဲလွန်စ ရှာဖွေနိုင်ရေးအတွက် ကျေးရွာတွင်း နေအိမ်များတွင် ပစ္စည်းများ ဖရိုဖရဲဖြစ်နေခြင်း၊ နေအိမ်နှင့် ပစ္စည်းများ အနည်းငယ် ပျက်စီးခြင်းတို့ကို သာတွေ့မြင်ရပါသည်။ ဖြစ်စဉ်များအတွင်း ခိုးယူ လုယက်မှုများ ပတ်သက်၍ ဆန်နှင့် မီးဖိုချောင်သုံးပစ္စည်းများကို ခိုးယူသည့် ဖြစ်စဉ်များ ဖြစ်နိုင်ချေရှိပါသည်။ သို့သော်လည်း ဒုချီးရားတန်း ကျေးရွာသည် ဆင်းရဲနွမ်းပါးသူများ နေထိုင်သည့် ကျေးရွာဖြစ်သောကြောင့် ရွှေထည်ပစ္စည်းများ၊ ကျွဲ၊ နွားများ ပျောက်ဆုံးသွားသည့်ကိစ္စရပ်များသည် အနည်းငယ်ဖြစ်နိုင်သော်လည်းအချို့သော တန်ဖိုးကြီးပစ္စည်းများအား လုယက်သည်ဆိုသည့် ကိစ္စဖြစ်နိုင်ခြေနည်းပါးပါသည်။

ပဥ္စမအနေဖြင့် ပဋိပက္ခများထပ်မံမဖြစ်စေရေးအတွက် တင်ပြရာတွင် အောက်ပါ အကြောင်းများကို ထိထိရောက်ရောက်လုပ်ဆောင်သင့်ပါသည်။ ၎င်းတို့မှာ -

(က) နစ်ဖက်လူ့အဖွဲ့အစည်း ယုံကြည်မှုတိုးပွားအောင်ဆောင်ရွက်ခြင်း။

( ခ) ၁၉၈၂ နိုင်ငံသားဖြစ်မှု ဥပဒေကို အကောင်အထည်ဖော်ခြင်း။

( ဂ) လုံခြုံရေးတပ်ဖွဲ့များအား လိုအပ်သော လက်နက်ကိရိယာနှင့် စွမ်းရည် မြှင့်တင်ပေးခြင်း။

(ဃ) အုပ်ချုပ်ရေးတာဝန်ရှိသူများအနေဖြင့် ဘင်္ဂါလီများ၏ သဘောတရားကို သိရှိနိုင်စေရန် အစ္စလာမ်ဘာသာရေးအကြောင်းကို လေ့လာစေခြင်း။

( င) ရဲတပ်ဖွဲ့ဝင်များနှင့် ရဲကင်းစခန်းများအား ထိရောက်စွာ ဖြန့်ကျက် ထားစေခြင်း။

( စ) လုံခြုံရေးတပ်ဖွဲ့များအကြား သတင်းအချက်အလက်များ မှန်ကန်မြန်ဆန်စွာ စီးဆင်းစေခြင်း။

(ဆ) လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင် ဆောင်ရွက်ခြင်း။

( ဇ) ပွင့်လင်းမြင်သာသော သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ပေးခြင်း။

(ဈ) နိုင်ငံတကာအဖွဲ့အစည်းများနှင့် စနစ်တကျ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဖောက်ဖျက်သူများအား တိကျစွာ အရေးယူအပြစ်ပေးဆောင်ရွက်ခြင်း။

(ည) INGOs များဖြင့် ကောင်းမွန်သော ဆက်ဆံရေးကို တည်ထောင် ဆောင်ရွက်ခြင်း။

(ဋ) ရခိုင်နှင့် ဘင်္ဂါလီ ရောနှောနေထိုင်သည့် နေရာများအား မြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ တိုက်ရိုက်စီမံအုပ်ချုပ်ခြင်း အစသည့် အချက်များကို

ရေရှည်တည်ငြိမ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ကာ အကြံပြုချက်များကို တင်ပြခဲ့ခြင်းဖြစ်ပါသည်။

လက်ရှိဒုချီးရားတန်းကျေးရွာတွင် ဖြစ်ပွားခဲ့သောကိစ္စရပ်များကို ပြန်လည်သုံးသပ်မည်ဆိုပါက အစိုးရ၏ သတင်းဖြန့်ဝေမှုအားနည်းချက်၊ အစိုးရနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှု အားနည်းချက်၊ အစိုးရနှင့် ဒေသခံပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှု အားနည်းချက်နှင့် နှစ်ဖက် လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန်နားလည်မှုရှိအောင် မကြိုးပမ်းခြင်း အစရှိသည့် အားနည်းချက်များကို အခွင့်ကောင်းယူကာ နိုင်ငံရေးအရ အမြတ်ထုတ်လိုသည့် အဖွဲ့အစည်းတစ်ရပ်ရပ်၏ လုပ်ဆောင်ခဲ့ခြင်း ဖြစ်ပါသည်။ သို့ပါ၍ ယခုကဲ့သို့ ကိစ္စရပ်များ ထပ်မံ ဖြစ်ပွားခြင်းမရှိစေရန် ပြည်တွင်း ပြည်ပမှ ပါဝင်လုပ်ဆောင်နေကြသော အကျိုးဝင်ပတ်သက်သူအားလုံးက တစ်ဦးနှင့်တစ်ဦး၊ တစ်ဖက်နှင့်တစ်ဖက် ပြဿနာဖန်တီးနေသူများအဖြစ် မမြင်သင့်ဘဲ အပေါင်းလက္ခဏာဆောင် လုပ်ဆောင်မှုများဖြင့် ပူးပေါင်းကာ တားဆီးကာကွယ်မှုများကို ပြုလုပ်မှသာလျှင် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တစ်ရပ်ကို တည်ဆောက်နိုင်မည် ဖြစ်ပါသည်။

# စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့စည်းခြင်း

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်သမ္မတရုံး

**အမိန့်ကြော်ငြာစာ**

**အမှတ်၊ ၁၆/၂၀၁၄**

၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်

(၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်)

**စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့စည်းခြင်း**

၁။ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ဒုချီးရားတန်းကျေးရွာနှင့် ဒုချီးရားတန်း (အနောက်) ကျေးရွာတို့တွင် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့ ဖြစ်ပွားခဲ့သည့် ကိစ္စရပ်နှင့် ဇန်နဝါရီလ ၂၈ ရက်နေ့၌ ဖြစ်ပွားခဲ့သော ကိစ္စရပ်တို့နှင့်စပ်လျဉ်း၍ ဖြစ်စဉ်ဖြစ်ရပ်အမှန်ပေါ်ပေါက်ရေး စုံစမ်းစစ်ဆေးရန် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သော "စုံစမ်းစစ်ဆေးရေးကော်မရှင်" ကို ဖွဲ့စည်း တာဝန်ပေးအပ်လိုက်သည်-

(က) ဒေါက်တာသာလှရွှေ — ဥက္ကဋ္ဌ
ဥက္ကဋ္ဌ
မြန်မာနိုင်ငံကြက်ခြေနီအသင်း

(ခ) ဦးထွန်းအောင်ချိန် — အဖွဲ့ဝင်
အဖွဲ့ဝင်
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

(ဂ) ဒေါက်တာငွန်ကျုံးလျန် — အဖွဲ့ဝင်

နိုင်ငံတကာဥပဒေပညာရှင်

| | | |
|---|---|---|
| (ဃ) | ဒေါက်တာတင်သိန်းလွင်<br>ဒုတိယဥက္ကဋ္ဌ<br>ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ | အဖွဲ့ဝင် |
| ( င ) | ဦးတင်ဦး<br>အငြိမ်းစားသံအမတ်ကြီး | အဖွဲ့ဝင် |
| ( စ ) | ဟာဂျီဦးတင်မောင်ဝင်း<br>အလုပ်အမှုဆောင်အဖွဲ့ဝင်<br>ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဆ) | ဦးဝင်းတည်<br>အလုပ်အမှုဆောင်အဖွဲ့ဝင်<br>ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ | အဖွဲ့ဝင် |
| ( ဇ ) | ဦးသာပွင့်(ရပ်မိရပ်ဖ)<br>စစ်တွေမြို့၊ ရခိုင်ပြည်နယ | အဖွဲ့ဝင် |
| ( ဈ) | ဦးလှသိန်း(ခ)မော်ဂျီဟူလာ(ရပ်မိရပ်ဖ)<br>မောင်တောမြို့၊ ရခိုင်ပြည်နယ် | အဖွဲ့ဝင် |
| (ည) | ဒေါက်တာကျော်ရင်လှိုင်<br>Myanmar Egress | အတွင်းရေးမှူး |

၂။ စုံစမ်းစစ်ဆေးရေး ကော်မရှင်သည် အောက်ဖော်ပြပါ ကိစ္စရပ်များအပေါ် ဖြစ်စဉ်ဖြစ်ရပ် အမှန် ပေါ်ပေါက်ရန် စုံစမ်းစစ်ဆေးပြီး သုံးသပ်ချက်နှင့်တကွ အကြံပြုတင်ပြရမည်-

(က) ၁၃-၁-၂၀၁၄ ရက်တွင် ဒုချီးရားတန်းကျေးရွာ၌ ခရေမြိုင် ရဲကင်းမှ ရဲတပ်ကြပ်ကြီး အောင်ကျော်သိန်း သေဆုံးရသည့် ဖြစ်စဉ်နှင့် စပ်လျဉ်း၍ ဖြစ်ပွားရသည့် အကြောင်း ရင်းနှင့် ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်-မဟုတ်။

(ခ) ၂၈-၁-၂၀၁၄ ရက်တွင် ဒုချီးရားတန်း(အနောက်) ကျေးရွာ မီးလောင်မှု ဖြစ်ပွားရသည့် အကြောင်းရင်းနှင့် မည်သူ့ ပယောဂကြောင့် မီးလောင်ကျွမ်းခြင်း ဖြစ်ကြောင်း။

(ဂ) ဒုချီးရားတန်း (အနောက်)ကျေးရွာ မီးလောင်သည့်ဖြစ်စဉ်နှင့် စပ်လျဉ်း၍ အခြေအမြစ်မရှိသော မမှန်ကန်သည့် သတင်း ထုတ်လွှင့်မှုနှင့် မည်သူတို့က ဆောင်ရွက်ကြောင်း။

(ဃ) ဖြစ်စဉ်များကြောင့် သေဆုံး၊ ဒဏ်ရာရရှိမှု၊ နေအိမ်ဥစ္စာ ပစ္စည်းများ ပျက်စီးဆုံးရှုံးမှု အခြေအနေ။

(င) ထပ်မံမဖြစ်ပွားစေရန် ကြိုတင်ကာကွယ် ဆောင်ရွက်သင့်သည့် အကြံပြုချက်များ။

၃။ စုံစမ်းစစ်ဆေးရေး ကော်မရှင် တာဝန်ထမ်းဆောင်စဉ် လုံခြုံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ လိုအပ်ချက်များကို နိုင်ငံတော် သမ္မတရုံးနှင့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့တို့က စီမံ ဆောင်ရွက်ပေး ရမည်။

၄။ စုံစမ်းစစ်ဆေးရေး ကော်မရှင်သည် စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ၊ သက်သေခံ ဥပဒေတို့နှင့်အညီ စုံစမ်းစစ်ဆေး နိုင်သည့်အပြင် သက်သေများ ဆင့်ခေါ်ခြင်း၊ စာရွက်စာတမ်းများ တောင်းခေါ်ခြင်းနှင့် လိုအပ်သည့် နေရာများသို့ သွားရောက် စစ်ဆေးခြင်း တို့ကို ဆောင်ရွက်ခွင့်ရှိသည်။ စုံစမ်းစစ်ဆေးမှု အစီရင်ခံစာကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့ အရောက် နိုင်ငံတော် သမ္မတထံသို့ တိုက်ရိုက် အစီရင်ခံ တင်ပြရမည်။

**(ပုံ) သိန်းစိန်**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# CONFIDENTIAL INCIDENT REPORT

## 20 JANUARY 2014

Two incidents appear to have transpired in Dar Chee Yar Tan Village Tract in January 2014. The first, the taking and killing of eight Rohingya men on or about 9 January, appears to have led to or become entwined with an ongoing security operation in the village that began on 13 January. The follow synopsis is based primarily on eyewitness testimony compiled by the UN staff in Rakhine State between 14 and 20 January. Further information is still being confirmed.

***Alleged abduction and killing of eight Rohingyas***

On or around 3 January 2014, 44 Rohingya men from various villages across Kyautaw Township paid MMK 40,000 (approx. $US45) each to a guide to transport them from Kyauktaw to Muangdaw Township. Some Rohingya were aiming to make their way to Bangladesh while others were planning to stay in Maungdaw. A man in his twenties from Kyautaw, also a member of the group of 44, told the UN that the primary reason for their departure was their inability to work and feed their families due to restrictions on their freedom of movement.

On or about 9 January, after five days of walking through the mountains from Kyauktaw, the 44 men plus their guide came upon a group of armed Rakhine men in the hillside of Dar Chee Yar Tan Village Tract in Maungdaw Township at around 5:00 pm. An eyewitness was unable to tell if the Rakhine men were police or armed villagers. The Rakhine group began shouting (in the Rakhine language) and then fired on the Rohingya men. Chaos ensued and the Rohingya scattered. The Rakhine men allegedly captured between six and eight men while five others and their guide made it to safety. The whereabouts of the remaining 31 Rohingya men are unknown.

The same day the captured Rohingya men were taken to Kan Chaung, a Rakhine hamlet in the east of Dar Chee Yar Tan village tract. That evening villagers from the neighboring Rohingya hamlet of Maraung Dil reported hearing screams of pain in the Rohingya language coming from direction of Kan Chaung. Confirmed reports indicated the eight men were held captive in the home of Aung San Pyu, the Village Administrator, and denied food and water and severely beaten for at least 36 hours.

News of the capture of these men reached Rohingya villagers in the neighboring Maraing Dil hamlet. At roughly 2:00 p.m. two men from the hamlet went to Kan Chaung to discreetly verify the reports but did not see the Rohingya captives when they passed by the Village Administrator's home.

Around 10:00 a.m. on 12 January, a 50 year-old male Rohingya resident of Maraung Dil hamlet, familiar with the report of the captives, was in a nearby field with his cattle when he spotted a group of men from Kan Chaung heading west to the mountains carrying oddly shaped loads tied to bamboo rods that he suspected to be the bodies of the Rohingya captives. He reported this to his fellow villagers, who sent out an informal group to investigate.

It should be noted that at no time did the Rohingya villagers of Maraung Dil notify the police. Informants said they did not have personal connections with the police or their phone number. Nor were they able to travel to the police station given restrictions on their movement. The larger reason given, however, was that they do not trust the police and feared they would side with the Rakhine villagers. They also feared retaliation from their Rakhine neighbors.

